၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။

The Mirror Daily
Established in 1957

e – paper ဖတ်ရှုရန်

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက် တနင်္လာနေ့။ Monday, 19 October 2026 ၁၂၃၃၆

**ကုသိုလ်ကောင်းမှု နေ့စဉ်ပြု**

လိမ္မာသောပန်းသည်သည် အထူးထူး အပြားပြား များစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)

## ဥပဒေကဲ့သို့အာဏာတည်သောအမိန့် ဆက်လက်အတည်ဖြစ်ကြောင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်၊ ၇ / ၂၀၂၆

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

**ဥပဒေကဲ့သို့အာဏာတည်သောအမိန့် ဆက်လက်အတည်ဖြစ်ကြောင်းကြေညာခြင်း**

၁။ နိုင်ငံတော်သမ္မတရုံးက ၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက်၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်တွင် ဥပဒေကဲ့သို့အာဏာတည်သောအမိန့် ဆက်လက်အတည်ဖြစ်ကြောင်း ကြေညာသည့် ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်၊ ၃/၂၀၂၆ ကို ထုတ်ပြန်ကြေညာခဲ့ပါသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✧**

## စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်၊ ၈ / ၂၀၂၆

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

**စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်ထုတ်ပြန်ခြင်း**

၁။ ဥပဒေကဲ့သို့အာဏာတည်သောအမိန့် (၇/၂၀၂၆) ဖြင့် ဥပဒေကဲ့သို့အာဏာတည်သောအမိန့် ဆက်လက်တည်ရှိကြောင်း ကြေညာထားသည့်မြို့နယ်များတွင် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေခြင်းငှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၃၊ ပုဒ်မခွဲ (ခ) အရ **စာမျက်နှာ ၃ ကော်လံ ၄ သို့ ✮**

## ဒုတိယသမ္မတ ဦးညိုစော ကရင်ပြည်နယ် ဘားအံမြို့နှင့် မွန်ပြည်နယ် မော်လမြိုင်မြို့တို့တွင် ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၈

ဒုတိယသမ္မတ ဦးညိုစောသည် ခရီးစဉ်တွင် လိုက်ပါလာသော အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့သို့ရောက်ရှိပြီး ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့်လည်းကောင်း၊ ညနေပိုင်းတွင် မွန်ပြည်နယ် အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့်လည်းကောင်း တွေ့ဆုံအမှာစကားပြောကြားသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ○**




ဒုတိယသမ္မတ ဦးညိုစော ကရင်ပြည်နယ် ဘားအံမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံစဉ်။

## ၅၀၀၀၀ ကျပ်တန် ငွေစက္ကူအမျိုးအစားသစ်အား ထုတ်ဝေမည်မဟုတ်ကြောင်း အသိပေးထုတ်ပြန်ချက်

လတ်တလော လူမှုကွန်ရက်စာမျက်နှာများနှင့် အင်တာနက် Website များတွင် သတင်းမီဒီယာအချို့က ၅၀၀၀၀ ကျပ်တန် ငွေစက္ကူအမျိုးအစားသစ်အား ထုတ်ဝေမည့်သတင်းများ ဖြန့်ဝေလျက်ရှိရာ (ကျပ်ငွေငါးသောင်းတန်) ငွေစက္ကူသစ်များ ထုတ်ဝေမည်ဆိုသည့် မမှန်မကန်သော ကောလာဟလသတင်းများ ပျံ့နှံ့လျက်ရှိပါကြောင်း၊ ယင်းသတင်းများသည် မှန်ကန်မှုမရှိပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ၅၀၀၀၀ ကျပ်တန် ငွေစက္ကူသစ်များ ထုတ်ဝေမည့်အစီအစဉ် မရှိပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အဓိကရည်မှန်းချက်မှာ ပြည်တွင်းဈေးနှုန်းတည်ငြိမ်မှု ရရှိရန်နှင့် ထိန်းသိမ်းရန်ဖြစ်သည့်အတွက် ငွေကြေးတည်ငြိမ်ရေးနှင့် ငွေကြေးစနစ်တည်ငြိမ်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

သို့ပါ၍ ယခုကဲ့သို့ အများပြည်သူ၏အကျိုးစီးပွားကို ပျက်ယွင်းအောင် ဈေးနှုန်းမတည်မငြိမ်မှုဖြစ်အောင် သတင်းမှားဖြန့်ဝေသူများကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဖော်ထုတ်အရေးယူပြီး ထိရောက်သောပြစ်ဒဏ်များ ချမှတ်နိုင်ရန် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်
(၁၈-၁၀-၂၀၂၆)

## ပြည်တွင်းဆီစက်ပိုင်ရှင်များအသင်း သီတင်းကျွတ်အကြို ဈေးရောင်းပွဲတော် ကျင်းပမည်

စာမျက်နှာ » ၂

## ကမ္ဘာ့စားသုံးသူတို့အကြိုက်ဆုံး မြန်မာ့ဂုဏ်ဆောင် ပေါ်ဆန်းမွှေး၏ ရွှေရောင်ခရီးလမ်း

ဆောင်းပါး စာမျက်နှာ » ၆

## အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ် (၄) ဆူ ညောင်ရွှေမြို့ အဌဒိသာဓမ္မဝိဟာရ ဒေသစာရီကျောင်းတော်ကြီးသို့ ကြွချီအပူဇော်ခံ

စာမျက်နှာ » ၉

## MAI က ရန်ကုန် – ချန်ဒူး ခရီးစဉ်သစ် စတင်ပျံသန်းပြေးဆွဲ

ရန်ကုန် အောက်တိုဘာ ၁၈

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်း (MAI) သည် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံကြား လေကြောင်းဆက်သွယ်မှု ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်၍ ရန်ကုန် – ချန်ဒူး ခရီးစဉ်သစ်ကို အောက်တိုဘာ ၁၅ ရက်တွင် စတင်ပျံသန်းပြေးဆွဲခဲ့ကြောင်း သိရသည်။

အဆိုပါခရီးစဉ်သည် တရုတ်နိုင်ငံရှိ ချန်ဒူးထျန်းဖူ အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ပျံသန်းပြေးဆွဲခြင်းဖြစ်ပြီး ယခုခရီးစဉ်သစ် **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✢**



ကြေးမုံ

# ပြည်တွင်းစီးပွားရေးလုပ်ငန်းမြှင့်တင် စဉ်ဆက်မပြတ်ဆန်းသစ်တီထွင်

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား MSME စီးပွားရေးလုပ်ငန်းများသည် နိုင်ငံအတွက် အခြေခံကျသည့် စီးပွားရေးအုတ်မြစ်ဖြစ်သည်။ ယနေ့ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံများသည် SME စီးပွားရေးလုပ်ငန်းများမှတစ်ဆင့် အစပျိုးတည်ထောင်လာခဲ့ခြင်းဖြစ်သည်။ ယနေ့ထက်တိုင် နိုင်ငံဖွံ့ဖြိုးတိုးတက်နေသော်လည်း SME စီးပွားရေးလုပ်ငန်းများသည် အထောက်အပံ့ကောင်းများ ပြုနေဆဲဖြစ်သည်။ ဖွံ့ဖြိုးဆဲမြန်မာနိုင်ငံအနေဖြင့် MSME စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်အစိုးရက အားပေးမြှင့်တင်ကူညီ ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အနေဖြင့် မည်သို့ပင်ကူညီပံ့ပိုးမြှင့်တင်ပေးလျက်ရှိသော်လည်း MSME စီးပွားရေးလုပ်ငန်းရှင်များနှင့် စွန့်ဦးတီထွင်သူများအနေဖြင့် နိုင်ငံ့စီးပွား၊ မိမိစီးပွားမြင့်မားတိုးတက်လာရေးအတွက် ကိုယ်တိုင်စွမ်းဆောင်နိုင်မှုနှင့် ကိုယ်ပိုင်တာဝန်ဝတ္တရားများရှိသည်။ ၎င်းတို့အနေဖြင့် ထုတ်ကုန်နှင့် ဝန်ဆောင်မှုအရည်အသွေးများကို ဆက်လက်မြှင့်တင်ရန်၊ မျှတသောဈေးနှုန်းများကို ထိန်းသိမ်းထားရန်၊ ပိုမိုကောင်းမွန်သော စီမံခန့်ခွဲမှုနည်းလမ်းများကို ကျင့်သုံးရန်၊ နည်းပညာများကို ဖြစ်နိုင်သမျှ အသုံးပြုရန်နှင့် ဖောက်သည်များ၏ ယုံကြည်မှုကိုတည်ဆောက်ထိန်းသိမ်းထားရန်လိုအပ်ပါသည်။

တရားမျှတသောဈေးကွက်တစ်ခု ရေရှည်အောင်မြင်စေရန်အတွက် ပိုမိုကောင်းမွန်သောကုန်ပစ္စည်းများ၊ ပိုမိုကောင်းမွန်သောဝန်ဆောင်မှုများ၊ သင့်တင့်မျှတသောဈေးနှုန်းများနှင့် ထိရောက်သောစီမံခန့်ခွဲမှုများကို ကျင့်သုံးသောလုပ်ငန်းများကသာ ပိုမိုအောင်မြင်နိုင်ပါသည်။ ယင်းနည်းလမ်းဖြင့် စီးပွားရေးလုပ်ငန်းများကို ကိုယ်တိုင်တိုးတက်ကြီးပမ်းစေရန် အားပေးနိုင်ပြီး စားသုံးသူများအတွက် ရွေးချယ်စရာပိုမိုများပြားနိုင်ပါသည်။ အရည်အချင်းရှိသော MSME စီးပွားရေးလုပ်ငန်းများကို ပိုမိုခိုင်မာသောစီးပွားရေးလုပ်ငန်းများ၊ ဒေသတွင်းစီးပွားရေးလုပ်ငန်းများ၊ အမျိုးသားအဆင့်ကုန်အမှတ်တံဆိပ်များနှင့် အနာဂတ်ပို့ကုန်လုပ်ငန်းများအဖြစ် ကြီးထွားဖွံ့ဖြိုးလာစေရန် အခွင့်အလမ်းများ ဖန်တီးပေးပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် MSME စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာတွင် ယခုအခါ MSME စီးပွားရေးလုပ်ငန်းရှင်များနှင့် အစပျိုးစီးပွားရေးလုပ်ငန်းရှင်များ လုပ်ငန်းစွမ်းရည်မြှင့်တင်ရေးအစီအစဉ်များ ဖန်တီးပေးနေသည်ကိုတွေ့ရသည်။ အဆိုပါအစီအစဉ်တွင် MSME စီးပွားရေးလုပ်ငန်းရှင်များနှင့် အစပျိုးစီးပွားရေးလုပ်ငန်းရှင်များပါဝင်သည့် သင်တန်းသားများက သင်တန်းပြီးဆုံးချိန်တွင် စမ်းသပ်မည့်အကြံဉာဏ်တစ်ခု၊ ရက်ပေါင်း ၃၀ လုပ်ငန်းအစီအစဉ်တစ်ခုဖြင့် စတင်ဆောင်ရွက်ခြင်းဖြစ်သည်။ အဆိုပါအစီအစဉ်ကို မန္တလေးမြို့တော်ခန်းမ၌ နှစ်ရက်တာကျင်းပခဲ့ပြီး တာဝန်ရှိသူများက စီးပွားရေးစတင်ခြင်းမှ ရေရှည်တည်တံ့သော စီးပွားရေးလုပ်ငန်းများအဖြစ် တည်ဆောက်ခြင်း၊ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများနှင့်လုပ်ငန်းတိုးချဲ့ရန် အခွင့်အလမ်းကောင်းများ၊ ဈေးကွက်ဝင်ရောက်မှုမဟာဗျူဟာနှင့် စွန့်ဦးတီထွင်မှုလုပ်ငန်းများကို ဆွေးနွေးပြောကြားသည်။

MSME စီးပွားရေးလုပ်ငန်းများသည် စီးပွားရေးလုပ်ငန်းငယ်များသာမကဘဲ နိုင်ငံ၏အဓိကကျသည့် ကုန်ထုတ်စွမ်းအားများဖြစ်သည်။ နိုင်ငံအခြေအနေအရပ်ရပ်အရ နိုင်ငံတကာအဆင့်မီအဆင့်မြင့်ထုတ်ကုန်များ မထုတ်လုပ်နိုင်သေးသော်လည်း သွင်းကုန်အစားထိုးကုန်ပစ္စည်းအမျိုးမျိုးကို ပြည်ပထုတ်ကုန်များနှင့်တန်းတူထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားရေး၊ မိမိတို့စီးပွားရေး ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။ ထို့ကြောင့် စမ်းသပ်မည့်အကြံဉာဏ်တစ်ခုကို ရက်ပေါင်း ၃၀ လုပ်ငန်းအစီအစဉ်တွင် စတင်ဆောင်ရွက်စေလိုသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် MSME စီးပွားရေးလုပ်ငန်းရှင်များနှင့် စွန့်ဦးတီထွင်သူများက အလုပ်အကိုင်များဖန်တီးပေးခြင်း၊ မိသားစုကိုထောက်ပံ့ပေးခြင်း၊ ဒေသခံပြည်သူလူထုအတွက် လိုအပ်သောကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများ ထုတ်လုပ်ပေးခြင်း၊ ဆန်းသစ်တီထွင်မှုနှင့်အတွေးအခေါ်သစ်များ မိတ်ဆက်ပေးခြင်း၊ ပြည်တွင်းစီးပွားရေးအတွင်း ငွေကြေးလည်ပတ်ခြင်းများကို ပြုလုပ်လျက်ရှိသည်။

သို့ဖြစ်ရာ ယခုပြုလုပ်သည့်အစီအစဉ်တွင် လူငယ်စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လူမှုအသိုက်အဝန်းနှင့် နိုင်ငံတော်အတွက် တန်ဖိုးရှိသည့် လုပ်ငန်းများ ဖန်တီးကြရန်နှင့် လက်တွေ့အောင်မြင်သော အစပျိုးစီးပွားရေးလုပ်ငန်းရှင်များ ပေါ်ထွက်လာစေရန် ဆန္ဒပြုပါသည်။ MSME ဖွံ့ဖြိုးတိုးတက်မှုသည် အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ အလုပ်အကိုင်ဖန်တီးရေး၊ ပြည်တွင်းကုန်ထုတ်လုပ်မှု အားကောင်းရေးတို့နှင့် ဆက်စပ်လျက်ရှိသဖြင့် MSME စီးပွားရေးလုပ်ငန်းများ အောင်မြင်လာပါက ဒေသစီးပွားရေး တိုးတက်လာနိုင်စေမည့်အပြင် ဒေသစီးပွားရေးတိုးတက်မှုနှင့်အတူ နိုင်ငံ့ကုန်ထုတ်လုပ်မှု၊ ပို့ကုန်နှင့် နိုင်ငံ့ဝင်ငွေလည်း တိုးတက်လာမည်ဖြစ်၍ မိမိတို့၏ အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုနှင့် ဒေသအရင်းအမြစ်များကို ထိရောက်စွာအသုံးချဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## မုံရွာမြို့ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းသပိတ်လောင်းလှူပွဲ စည်ကားသိုက်မြိုက်စွာကျင်းပမည်



မုံရွာ အောက်တိုဘာ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဘုရားကြီးရပ်ကွက်တွင် နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည့် ဆုတောင်းပြည့်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်အား ယခုနှစ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးဦးစီးကော်မတီထံမှ သိရသည်။

အဆိုပါ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်အား အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၉ ရက်အထိ ၁၅ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ သွားလာနိုင်ရေး လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်ခြင်းနှင့် လုံခြုံရေးအစီအမံများ ကြိုတင်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

မောင်အေးချမ်း(ပြန်/ဆက်)

## ပြည်တွင်းဆီစက်ပိုင်ရှင်များအသင်း သီတင်းကျွတ်အကြို ဈေးရောင်းပွဲတော်ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၈

မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း၏ စီစဉ်ကြီးကြပ်မှုဖြင့် ပြည်တွင်းထုတ် မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီများကို ရန်ကုန်မြို့တွင် နှစ်နေရာခွဲ၍ အောက်တိုဘာ ၂၀ ရက်မှ ၂၂ ရက်အထိ သုံးရက်ကြာ ရောင်းချပေးမည် ဖြစ်သည်။

လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း ယာယီအရောင်းဆိုင်နှင့် ရန်ကင်းမြို့နယ် ရန်ရှင်းလမ်း ရွှေအုန်းပင်အိမ်ရာရှေ့ (ရန်ကင်းဈေးမှတ်တိုင်အနီး) တို့တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဝယ်ယူရရှိနိုင်မည် ဖြစ်သည်။

မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းဝင် FDA အသိအမှတ်ပြုစစ်ကိုင်း၊ မန္တလေး၊ မကွေး၊ ရန်ကုန်တိုင်းဒေသကြီးတို့မှ ဆီစက်လုပ်ငန်းရှင် ၁၂ ဦးတို့က သက်သာသောဈေးနှုန်းဖြင့် လွတ်လပ်စွာ ရောင်းချပေးမည်ဖြစ်သည်။ ဆီကောင်းဆီသန့်များကို စားသုံးလိုသည့် ရန်ကုန်မြို့နေ ပြည်သူများအတွက် အသင့်ထည့်သွင်းထုပ်ပိုးထားသည့် ၂၅ ကျပ်သားပါ ဆီဘူးမှ ၁၀ ပိဿာဝင်ဘူးများဖြင့် အရွယ်အစားအစုံရောင်းချပေးမည် ဖြစ်သည်။ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းသည် စားသုံးသူများ သက်သာချောင်ချိရေးကို ရှေးရှု၍ တစ်နှစ်လျှင် သုံးကြိမ်ခန့် ဈေးရောင်းပွဲတော်များကို ပြုလုပ်လျက်ရှိကြောင်း သိရသည်။

မျိုးမင်းသူရ

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် အောက်တိုဘာ ၁၈

ယနေ့နံနက် ၃ နာရီ၊ ၃၈ မိနစ်၊ ၂၆ စက္ကန့်တွင် ကျိုင်းတုံမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၄၈ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မိုင်းခတ်မြို့၏ အနောက်-အနောက်မြောက်ဘက် ၂၆ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၁ ဒသမ ၇၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၉ ဒသမ ၀၆ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၄ ဒသမ ၄ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

**သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**

## ၁၈ - ၁၀ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - | ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **စာတည်းမှူး** | - | အေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - | အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - | စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | **သုတေသန** | - | ဇင်မာဝင့် |
| | | | **စာပြင်** | - | ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - | အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | နီလာစိုးနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | - | စိုးချစ်ဦးနှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ညီညွတ်ရေးက အရေးကြီး

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်းနေခဲ့ကြတယ်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ ပြန်ပြီးစုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးကအရေးကြီးပါတယ်။**

***(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စုပ္ပန်ကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)***

✧ ဥပဒေကဲ့သို့မှ

၂။ အဆိုပါထုတ်ပြန်ကြေညာချက်တွင် ဖော်ပြပါရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ မြို့နယ်များအနက် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့သည့် မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်၊ ရှမ်းပြည်နယ်၊ ကျောက်မဲမြို့နယ်နှင့် သီပေါမြို့နယ်တို့မှအပ ကျန်မြို့နယ်များအတွက် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်တွင် ကျင်းပသော တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့၏ သဘောတူညီမှုဖြင့် ယင်းအမိန့်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၂၁၂၊ ပုဒ်မခွဲ (ဃ) အရ ယနေ့မှစ၍ ရက်ပေါင်း (၉၀) အထိ ဆက်လက်အတည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

✯ စစ်အုပ်ချုပ်ရေးမှ

စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်ထုတ်ပြန်၍ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာလုပ်ပိုင်ခွင့်နှင့် တာဝန်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အပ်နှင်းလိုက်သည်။

၂။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယင်းလုပ်ပိုင်ခွင့်နှင့် တာဝန်များကို မိမိကိုယ်တိုင်ကျင့်သုံးဆောင်ရွက်ခြင်း သို့မဟုတ် သင့်လျော်သည့် စစ်ဘက်အာဏာပိုင်တစ်ဦးဦးကို ကျင့်သုံးဆောင်ရွက်စေခြင်းပြုနိုင်သည်။

၃။ ဤအမိန့်သည် ယနေ့မှစ၍ ရက်ပေါင်း (၉၀) အထိ အတည်ဖြစ်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

❍ ရှေ့ဖုံးမှ

တွေ့ဆုံပွဲများတွင် ဒုတိယသမ္မတက ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့သည် ဒေသတစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိပြီး ရာသီဥတုနှင့် ရေမြေသဘာဝတူညီသည့်အတွက် ဒေသနှင့်ကိုက်ညီသည့် စက်မှုကုန်ကြမ်းသီးနှံများဖြစ်သော ဆီအုန်းနှင့် ရော်ဘာအပြင် ဒူးရင်းကို အောင်မြင်အောင် တိုးချဲ့စိုက်ပျိုးရန်၊ အထွက်နှုန်း လျော့နည်းကျဆင်းသည့် သက်တမ်းရင့် စိုက်ခင်းများကို မျိုးကောင်းမျိုးသန့်များဖြင့် အစားထိုး ပြန်လည်စိုက်ပျိုးရန်နှင့် ကော်ဖီနှင့် ကိုကိုးကို သီးညှပ်စိုက်ပျိုးရန်နှင့် တိရစ္ဆာန်အစားအစာဖြစ်သည့် အစေ့ထုတ်ပြောင်းကို ဖြစ်ထွန်းအောင်မြင်အောင် စိုက်ပျိုးရန်၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး ထွက်ကုန်များကို တန်ဖိုးမြှင့် ထွက်ကုန်များအဖြစ် ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရေး ကြိုးစား ဆောင်ရွက်ကြရန်၊ နိုင်ငံတော်အကြီးအကဲက ချမှတ်ထားသည့် စိုက်ပျိုးမွေးမြူရေး မူဝါဒများကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရေးကိစ္စရပ်များ၊ ပြည်နယ်အလိုက် ကဏ္ဍစုံတွင် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်မှုအခြေအနေများ၊ မူးယစ်ဆေးဝါး၊ တရားမဝင်ကုန်သွယ်မှုနှင့် အွန်လိုင်းလောင်းကစားလိမ်လည်မှုများ လျော့နည်းကျဆင်းပြီး ကင်းစင်သွားသည်အထိ ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်ရမည့်အခြေအနေများ၊ ကုန်စည်စီးဆင်းမှု လုံခြုံရေးနှင့် မြန်ဆန်ချောမွေ့ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ၊ ပြည်နယ်အတွင်း ဆန်နှင့် ဆီဖူလုံမှုရှိရေးအခြေအနေများ၊ KG+9 ပညာရေးအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းအပ်နှံ တက်ရောက်ရေးနှင့် တန်းစဉ်ကူးပြောင်းမှုမြင့်မားရေး သက်ဆိုင်ရာတာဝန်ရှိသူများအားလုံး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှုအခြေအနေများ၊ ဌာနအလိုက် e-government လုပ်ငန်းများ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် သက်ရောက်လာနိုင်သည့် သဘာဝဘေး အန္တရာယ်များနှင့် စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ရေး၊ ကြိုတင်ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများကို သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် အချိန်မီအကောင်အထည်ဖော် ဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးပြောကြားခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းတို့က ပြည်နယ်ဆိုင်ရာ အချက်အလက်များနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကိုသက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ရုံးအသီးသီးရှိ တွေ့ဆုံပွဲများတွင် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက ဒေသဖွံ့ဖြိုးမှု၊ ဓာတ်မြေသြဇာဖြန့်ဖြူးရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ MSME ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြပြီး ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ် ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

ဒုတိယသမ္မတသည် နံနက်ပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့သို့ရောက်ရှိပြီး စက်မှုဇုန်အတွင်းရှိ ပရီစီရှင်းအော်တို အင်ဂျင်နီယာရင်း ကုမ္ပဏီလီမိတက်၏ သုံးဘီးယာဉ်များ တပ်ဆင်ထုတ်လုပ်နေမှုနှင့် အဲရိုး အော်တို အင်ဂျင်နီယာရင်း ကုမ္ပဏီလီမိတက်၏ လျှပ်စစ်မော်တော်ဆိုင်ကယ် ထုတ်လုပ်ရေးစက်ရုံ၏ လျှပ်စစ်မော်တော်ဆိုင်ကယ်နှင့် လျှပ်စစ်စက်ဘီးများ တပ်ဆင်ထုတ်လုပ်နေမှု၊ အရည်အသွေးစမ်းသပ် တိုင်းတာနေမှုတို့ကိုလည်းကောင်း၊ ရှိုင်းထူး လယ်ယာသုံး စက်ကိရိယာ ထုတ်လုပ်ရေးစက်ရုံ၏ ခေတ်မီ လယ်ယာသုံးစက်များ ထုတ်လုပ်နေမှုများကိုလည်းကောင်း၊ ကရင်ပြည်နယ်လူငယ်စင်တာ၌ လူငယ်များ စာပေ၊ ဂီတ၊ အက၊ ပန်းချီ၊ ကွန်ပျူတာနှင့် အားကစားပညာရပ်များ လေ့ကျင့်သင်ယူနေမှု အခြေအနေကို လည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတသည် မော်လမြိုင်မြို့ရှိ ရွှေမြိုင် စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း၏ အဆင့်မြင့်ဆန်စက်နှင့် စပါးအခြောက်ခံစက်လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၅/ ၂၀၂၆ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး
စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၅/၂၀၂၆
၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက်၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်တွင် ထုတ်ပြန်ခဲ့သည့် စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၄/၂၀၂၆ သည် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ မူလအခြေအနေသို့ပြန်လည်ရောက်ရှိခဲ့သည့် မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်၊ ရှမ်းပြည်နယ်၊ ကျောက်မဲမြို့နယ်နှင့် သီပေါမြို့နယ်တို့မှအပ ဆက်လက်အတည်ဖြစ်သည်။

ပုံ
ရဲဝင်းဦး
ဗိုလ်ချုပ်ကြီး
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်



ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၈)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ကွက်ရှိ ဆံတော်ရှင် ဦးဇိနစေတီတော်မြတ်ကြီး ဘုရားဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက စုပေါင်း ဆောင်ရွက်စဉ်။

စည်သူ(ပြန်/ဆက်)

✢ MAI မှ

စတင်ပြေးဆွဲခြင်းကြောင့် နှစ်နိုင်ငံကြား လေကြောင်းဆက်သွယ်မှု ပိုမိုတိုးတက်ခိုင်မာလာစေရန် အထောက်အကူပြုမည်ဖြစ်ကာ ခရီးသည်များအတွက်လည်း ခရီးသွားလာမှု၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဖလှယ်ရေးဆိုင်ရာ အခွင့်အလမ်းများကို ပိုမိုတိုးချဲ့ပေးနိုင်မည်ဖြစ်သည်။

ရန်ကုန် – ချန်ဒူး ခရီးစဉ်သစ်ကို ကနဦးတွင် လစဉ်ပြေးဆွဲသွားရန် စီစဉ်လျက်ရှိပြီး ပြေးဆွဲမည့်ရက်များနှင့် အကြိမ်အရေအတွက်တို့ကို ခရီးသည်များ သွားလာမှုအဆင်ပြေစေရန်အတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း MAI မှ သိရသည်။

MAI အနေဖြင့် Mingalar (ယခင် Air KBZ) နှင့်အတူ ခရီးသည်များအတွက် လေကြောင်းဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနေပြီး ရန်ကုန် (RGN) နှင့် မန္တလေး (MDL) တို့ကို အဓိကလေကြောင်းအချက်အချာနေရာများအဖြစ်ထားရှိကာ မြန်မာနိုင်ငံအတွင်းနှင့် နိုင်ငံတကာခရီးစဉ်များ အပါအဝင် ခရီးစဉ်ဒေသ ၄၁ ခုသို့ ဝန်ဆောင်မှုပေးလျက်ရှိကြောင်း၊ ယင်းတို့တွင် ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ တရုတ်၊ အိန္ဒိယ၊ အာရပ်စော်ဘွားများပြည်ထောင်စု(UAE)၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ တောင်ကိုရီးယားနှင့် လာအိုနိုင်ငံတို့ ပါဝင်ကြောင်း သိရသည်။

**ကိုထက်**

☆ ကျောဖုံးမှ

ဦးစွာ ဒုတိယသမ္မတဒေါ်နန်းနီနီအေးနှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲ အခမ်းအနားနှင့် ဘာသာရပ်များအလိုက် ပြိုင်ပွဲများကျင်းပမည့် မြန်မာ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I)၊ အမျိုးသား စာကြည့်တိုက်၊ အမျိုးသားပြတိုက်၊ ယဉ်ကျေးမှု ဟိုတယ်နှင့် ခရီးသွားလာ ရေးဝန်ကြီးဌာန၊ နေပြည်တော်တည်းခိုရေးစခန်းတို့သို့ သွားရောက်၍ အခမ်းအနားအစီအစဉ်အလိုက် ပြင်ဆင်ဆောင်ရွက်နေမှု၊ ပြိုင်ပွဲအမျိုး အစားများအလိုက် ပြိုင်ပွဲဝင်များ စိတ်အေးချမ်းသာစွာဖြင့် အနုပညာ စွမ်းရည်များ ဖော်ထုတ်ယှဉ်ပြိုင်နိုင်ရန်အတွက် ခန်းမများ၊ မီး/ အသံ စနစ်၊ နေရာထိုင်ခင်းများ ပြင်ဆင်ထားရှိမှု၊ ကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်းများ ကြိုတင်စုဖွဲ့ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် အကဲဖြတ် ဒိုင်လူကြီးများ အမှတ်ပေးရာတွင် အဆင်ပြေချောမွေ့စေရေး စီစဉ်ထားရှိ မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းပြသကြသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ဒုတိယသမ္မတက ဖွင့်ပွဲအခမ်းအနားသည် ပြိုင်ပွဲကြီးတစ်ခုလုံး၏ ပုံရိပ်ဖြစ်သဖြင့် အခမ်းအနားအစီအစဉ်များ၊ အသံ/ မီးစနစ်နှင့် နောက်ခံ LED Display များ စနစ်တကျဖြစ်စေရေး၊ ဖျော်ဖြေရေးအဖွဲ့များ စနစ်တကျ ဖျော်ဖြေတင်ဆက်နိုင်ရေးအတွက် ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများဆောင်ရွက်ရန်၊ အခမ်းအနား တက်ရောက်ကြမည့် ဧည့်သည်တော်များ နေရာချထားရေးနှင့် လုံခြုံရေး ဆိုင်ရာကိစ္စရပ်များကို လစ်ဟင်းမှုမရှိစေရေး အထူးဂရုပြုဆောင်ရွက် သွားကြရန်၊ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ရာတွင် လိုအပ်သည့်အထောက်အကူ ပြုပစ္စည်းများ၊ နည်းပညာဆိုင်ရာကိစ္စရပ်များ လစ်ဟင်းမှုမရှိစေရေး ကြိုတင်ပြင်ဆင်ထားရှိရန်၊ ခန်းမများအတွင်း လေအေးပေးစနစ်နှင့် သန့်ရှင်းသပ်ရပ်မှုရှိစေရေး အမြဲမပြတ်စစ်ဆေးဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ် ညှိနှိုင်းပေးသည်။

နေပြည်တော်တည်းခိုရေးစခန်း၊ နေပြည်တော်စည်ပင်ဧည့်ရိပ်သာ (၂)သို့ ရောက်ရှိစဉ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် တိုင်းဒေသကြီး နှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အဖွဲ့များနှင့် အကဲဖြတ်ဒိုင်များအဖြစ် စိတ်ရောကိုယ်ပါ ကူညီဆောင်ရွက်ပေးကြမည့် ဝါရင့်အနုပညာရှင်ကြီး များ၏ နေထိုင်စားသောက်မှု အဆင်ပြေချောမွေ့စေရေးအတွက် အိပ်ဆောင်များ၊ စားရိပ်သာ၊ စားသောက်ဆိုင်များနှင့် လူသုံးကုန် အရောင်းဆိုင်များ ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဆပ်ကော်မတီများ အလိုက် လုပ်ငန်းဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဒုတိယသမ္မတက ပြိုင်ပွဲဝင်များနှင့် ဒိုင်အဖွဲ့များ တည်းခိုနေထိုင်မည့် အဆောင်များတွင် ရေ၊ မီး လုံလောက်စွာရရှိစေရေးနှင့် သန့်ရှင်းသပ်ရပ် မှုရှိစေရေး၊ အာဟာရပြည့်ဝပြီး သန့်ရှင်းလတ်ဆတ်သည့် အစားအသောက် များကို စနစ်တကျကျွေးမွေးနိုင်ရေး၊ အယ်လ်နီညိုရာသီဥတုအရှိန်ကြောင့် နေ့ရက်အလိုက် အပူအအေးမမျှတခြင်း၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲ ခြင်းများနှင့် ကြုံတွေ့ရနိုင်သဖြင့် ပြိုင်ပွဲဝင်များ၊ အုပ်ချုပ်သူများနှင့် ဒိုင်အဖွဲ့များ ကျန်းမာရေးတစ်စုံတစ်ရာ ထိခိုက်မှုမရှိစေရေး ကြိုတင် ကာကွယ်ရေးလုပ်ငန်းများကို အထူးဂရုပြုစီမံထားရန်နှင့် လိုအပ်သည် များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်သွား ကြရန် မှာကြားသည်။

ထို့နောက် ဇာတ်တော်ကြီးပြိုင်ပွဲကျင်းပမည့် နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှိ လဟာပြင်ကဇာတ်ရုံသို့ သွားရောက်၍ လဟာပြင်ကဇာတ်ရုံအတွင်း ဇာတ်တော်ကြီးပြိုင်ပွဲ ကပြယှဉ်ပြိုင်ရန်အတွက် ပြင်ဆင်ထားရှိမှု၊ အကဲဖြတ်ဒိုင်လူကြီးများနှင့် လာရောက်ကြည့်ရှုအားပေးကြမည့် မိဘပြည်သူများအတွက် နေရာ ထိုင်ခင်းစီစဉ်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒုတိယ သမ္မတက ဇာတ်တော်ကြီးပြိုင်ပွဲသည် မြန်မာ့ရိုးရာဇာတ်သဘင်အနုပညာ အဆင့်အတန်းကိုဖော်ညွှန်းသည့် ပြိုင်ပွဲကြီးဖြစ်သဖြင့် ပြိုင်ပွဲဝင်အဖွဲ့ များ၏ အနုပညာစွမ်းရည်များအား အပြည့်အဝဖော်ထုတ် ကပြယှဉ်ပြိုင် နိုင်ရေးအတွက် ဘက်ပေါင်းစုံကို စနစ်တကျကြိုတင်ပြင်ဆင်ဆောင်ရွက် ထားကြရန် မှာကြားသည်။

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက် အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရေးနှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာ ယဉ်ကျေးမှုကိုချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကား ပြန့်ပွားစေရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊ နိုင်ငံတော် တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး စသည့်ဦးတည်ချက် (၄)ရပ်ဖြင့် အောက်တိုဘာ ၂၁ ရက်မှ ၂၉ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် စုစုပေါင်း ၂၄၀၀ ကျော် ပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့တွင် တစ်နိုင်ငံလုံးဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ ဗီယက်နမ်နိုင်ငံရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ



**နေပြည်တော် အောက်တိုဘာ ၁၈**

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ တို့တွင် တစ်နိုင်ငံလုံး ဘာသာတွဲ အလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူ ၃၆ ဦး နှင့် အုပ်ချုပ်သူများကို နိုင်ငံတော် အစီအစဉ်ဖြင့် ပြည်ပလေ့လာရေး ခရီးစဉ်စေလွှတ်ခဲ့ရာ အောက်တိုဘာ ၁၆ ရက် ညနေပိုင်းက ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာကြပြီး ဗီယက်နမ်နိုင်ငံသို့ ရောက်ရှိကြသည်။

ယမန်နေ့ နံနက်ပိုင်းတွင် ထူးချွန်ကျောင်းသား ကျောင်းသူ များသည် ဗီယက်နမ်နိုင်ငံ ဟနွိုင်း မြို့မှ ဟာလောင်းမြို့သို့ ထွက်ခွာ ကြကာ ယူနက်စကို (UNESCO) ၏ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် အဖြစ် သတ်မှတ်ခြင်းခံထား ရသည့် Halong Bay သို့ ရောက်ရှိ ပြီး အပျော်စီးသင်္ဘောဖြင့် လေ့လာ ကြည့်ရှုကြသည်။

လေ့လာစဉ် သဘာဝအတိုင်း လှပသော ထုံးကျောက်လိုဏ်ဂူ ဖြစ်သည့် Thien Cung Cave အတွင်းရှိ ထုံးကျောက်တန်း များ၊ ကျောက်စက်ပန်းဆွဲများနှင့် ကျောက်စွယ်ကျောက်နံရံများ၏ သဘာဝ အလှတရားများနှင့် ထူးခြားသည့်ရှုခင်းများ၊ Lu Huong ကျွန်းနှင့် Couple ကျွန်းများ၏ သဘာဝ ထုံးကျောက်တောင် ဖြစ်တည်ပုံများ၊ ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းရေး နည်းလမ်းများ၊ သဘာဝပတ်ဝန်း ကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာများနှင့် သဘာဝ ပင်လယ်ကမ်းခြေ ရှုခင်းများကို စိတ်ပါဝင်စားစွာ လေ့လာကြသည်။

ညနေပိုင်းတွင် ဟနွိုင်းမြို့ရှိ ဗီယက်နမ်နိုင်ငံ၏ ပထမဆုံး တက္ကသိုလ်ဖြစ်ခဲ့သည့် Temple of Literature ကို ရောက်ရှိပြီး UNESCO အသိအမှတ်ပြု ကျောက်လိပ်ကြီးများ၏ ကျောပေါ် တွင် စိုက်ထူထားသည့် ကျောက်စာ တိုင်များနှင့် ဗီယက်နမ်ပညာရေး ဆိုင်ရာ သမိုင်းဝင်အမွေအနှစ်များ၊ ရှေးဟောင်းဗိသုကာလက်ရာများ၊ သမိုင်းဝင် အမွေအနှစ်များအား ခေတ်မီဒီဂျစ်တယ် နည်းပညာများ အသုံးပြု ပြင်ဆင်ထားသည့် 3D ကျောက်စာများကို လေ့လာ ခဲ့ကြသည်။

## ကြည့်ရှုလေ့လာ

ယနေ့နံနက်ပိုင်းတွင် ထူးချွန် ကျောင်းသားကျောင်းသူများသည် ဗီယက်နမ်နိုင်ငံ၏ သမိုင်းဝင် အထိမ်းအမှတ်နေရာ ဖြစ်သည့် ဟိုချီမင်းပြတိုက်သို့ ရောက်ရှိပြီး ဟိုချီမင်း၏ ဘဝဇာတ်ကြောင်း အတ္ထုပ္ပတ္တိ၊ လွတ်လပ်ရေးလှုပ်ရှားမှု သမိုင်း စာရွက်စာတမ်းများနှင့် မှတ်တမ်းဓာတ်ပုံများ၊ ရှေးဟောင်း ပစ္စည်းများ၊ ကိုယ်ပိုင်အသုံး အဆောင်ပစ္စည်းများနှင့် သမိုင်းဝင် ပစ္စည်းများ၊ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြသည့် စစ်သည် များ၏ စစ်ဝတ်စုံ၊ အသုံးအဆောင် များနှင့် လက်နက်ငယ်များ ပြသ ထားသည့် ပြခန်းများကို ကြည့်ရှု လေ့လာကြသည်။

ထို့ပြင် One Pillar Pagoda ရှေးဟောင်းဗုဒ္ဓဘာသာဘုန်းကြီး ကျောင်း၊ Ba Dinh ရင်ပြင်နှင့် ဟိုချီမင်းဂူဗိမာန်၊ ဗီယက်နမ် နိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှု၊ ပထဝီဝင်နှင့် သမိုင်းဆိုင်ရာ အထောက်အထားများ ခိုင်မာစွာ ကျန်ရှိနေသည့် UNESCO ကမ္ဘာ့ အမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်ခြင်း ခံထားရသော Imperial Citadel of Thang Long ရှေးဟောင်းနန်းတော်၊ Vietnam Military History Museum နှင့် ဗီယက်နမ်၏ ရှေးအကျဆုံးနှင့် အထင်ကရရိုးရာ ပိုးထည်ထုတ်လုပ်ရာ ကျေးရွာကြီး ဖြစ်သည့် Van Phuc Silk Village တို့သို့ရောက်ရှိကြပြီး ဗီယက်နမ် နိုင်ငံ၏သမိုင်းကြောင်းများ၊ နိုင်ငံ ရေး၊ ယဉ်ကျေးမှုနှင့် ရှေးဟောင်း ဗိသုကာ အမွေအနှစ်များ၊ သမိုင်းဝင် တိုက်လေယာဉ်များ၊ တင့်ကားများ၊ စစ်ဆင်ရေးမြေပုံ များ၊ ပြင်ပကွင်းပြင်မှ စစ်လက်နက် ကြီးများ၊ ခေတ်မီ 3D မာတီမီဒီယာ ပြခန်းများ၊ ပိုးကောင်မွေးမြူခြင်း၊ ပိုးအိမ်မှ ပိုးမျှင်ထုတ်ယူခြင်း၊ ပိုးချည်ဆိုးဆေး ဆိုးခြင်းမှစ၍ ရှေးဟောင်း သစ်သားရက်ကန်း စင်များနှင့် ခေတ်မီရက်ကန်းစက် များဖြင့် ပိုးထည်ရက်လုပ်နေပုံ အဆင့်ဆင့်ကို ကြည့်ရှုလေ့လာခဲ့ ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ကျုံပျော်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း သုံးသပ်ဆွေးနွေးပွဲပြုလုပ်

**ကျုံပျော် အောက်တိုဘာ ၁၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဧရာဝတီတိုင်း ဒေသကြီး ကျုံပျော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မြို့နယ် အဆင့် သုံးသပ်ဆွေးနွေးပွဲကို ယမန်နေ့က ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က အမှာစကား ပြောကြားပြီး တာဝန်ရှိသူများက စီမံကိန်းသုံးသပ်ဆွေးနွေးပွဲ ကျင်းပ ရခြင်း၏ ရည်ရွယ်ချက်များ၊ သုံးသပ်ဆွေးနွေးရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက စီမံကိန်းလည်ပတ်မှုအခြေအနေများ၊ အားနည်းချက်၊ အားသာချက်များနှင့် အကြံပြုချက်များကို ဆွေးနွေးတင်ပြကြပြီး မြို့နယ်စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီဝင်များ က ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်စိစစ်သုံးသပ်ခဲ့ကြကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**




မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ရုံးရပ်ကွက်တောင်ပိုင်း သရက်-မင်းလှ ကားလမ်းဘေးရှိ ဝမ်းတူးဂက်စ်အရောင်းဆိုင်အား အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်စိုးလင်း ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များသည် ဝမ်းတူး ဂက်စ်အရောင်းဆိုင်အား အယ်လ်နီညိုဖြစ်စဉ်ကာလတွင် မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြစဉ်။

ကောင်းစစ်နိုင်

# ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲတွင် ထူးချွန်အောင်မြင်မှုများရရှိခဲ့ကြသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ အားကစားသမားများနှင့် နည်းပြများအား ဂုဏ်ပြုဆုချီးမြှင့်

**နေပြည်တော် အောက်တိုဘာ ၁၈**

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ပြီး ထူးချွန်အောင်မြင်မှုများ ရရှိခဲ့ကြသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အားကစားသမားများနှင့် လေ့ကျင့်ပေးခဲ့ကြသည့် နည်းပြဆရာများကို ယနေ့တွင် နေပြည်တော်ရုံးအမှတ်(၁၅) စုဝေးဆောင်ခန်းမ၌ ဂုဏ်ပြုဆုများ ချီးမြှင့်သည်။




အဆိုပါ ပြေးခုန်ပစ်အားကစားပြိုင်ပွဲတွင် ဝန်ကြီးဌာနအနေဖြင့် အားကစားနည်း (၁၈)မျိုးတွင် အမျိုးသားအားကစားသမား ၁၀ ဦး၊ အမျိုးသမီးအားကစားသမား ငါးဦး စုစုပေါင်း အားကစားသမား ၁၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ်ငါးခုနှင့် ကြေးတံဆိပ်နှစ်ခု စုစုပေါင်း ဆုတံဆိပ် ၁၀ ခု ဆွတ်ခူးရရှိခဲ့သည်။

ဂုဏ်ပြုဆု ချီးမြှင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ဝန်ကြီးဌာနတစ်ခုလုံး၏ အားပေးကူညီမှုဖြင့် ဝန်ကြီးဌာနများအနက် အဆင့်(၄)နေရာတွင် ရပ်တည်နိုင်ခဲ့ခြင်းသည် စုပေါင်းကြိုးပမ်းမှုမှ ရရှိလာသည့် ဂုဏ်ယူဖွယ်ရာ ရလဒ်ကောင်းတစ်ရပ်ဖြစ်ပြီး ဝန်ကြီးဌာန၏ဂုဏ်ကို ဆက်လက် မြှင့်တင်နိုင်သည့် အားကစားသမားကောင်းများ ပိုမိုပေါ်ထွန်းလာစေရေး ဆက်လက်ကြိုးပမ်းသွားကြရန် တိုက်တွန်းပြောကြားကာ ဆုရအားကစားသမားများအား ဂုဏ်ပြုဆုများ၊ အားကစားသမားများနှင့် နည်းပြများအား ဂုဏ်ပြုငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဖျာပုံမြို့၌ ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်

**ဖျာပုံ အောက်တိုဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် ရေနုတ်မြောင်းများ ဆယ်ယူတူးဖော်ရှင်းလင်းခြင်းလုပ်ငန်းများကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အတွင်း ဆောင်ရွက်ကြသည်။

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်ရာတွင် ဖျာပုံခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်နှင့် တာဝန်ရှိသူများသည် အမှတ်(၁၅)ရပ်ကွက် အောင်သစ္စာ (၅)လမ်း ရေမြောင်းအား စည်ပင်သာယာရေးအဖွဲ့ပိုင် ဘက်ဟိုးဖြင့် တူးဖော်ရှင်းလင်းနေမှုနှင့် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိစေရေးအတွက် ဖျာပုံမြို့ အမှတ်(၉/၁၁)ရပ်ကွက်ရှိ သောက်ရေကန်အတွင်း ဒိုက်၊ မှော် ဆယ်ယူရှင်းလင်းခြင်းနှင့် ရေကန်တူးဖော်ရှင်းလင်းခြင်းတို့ကို ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်နေပြည်သူများက စုပေါင်းဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)





## လက်ပံတန်းမြို့နယ်၌ အပူဒဏ်ကာကွယ်ရေး အသိပညာပေး

**လက်ပံတန်း အောက်တိုဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးလုပ်ကိုင်ကြသော တောင်သူများအနေဖြင့် အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်မှုကြောင့် စိုက်ပျိုးထုတ်ကုန်ထုတ်လုပ်မှုကဏ္ဍအပေါ် သက်ရောက်နိုင်မှုများကို ကြိုတင်ကာကွယ်နိုင်ရန်ရည်ရွယ်၍ ယမန်နေ့က အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ချမ်းသာကုန်း တောင်သူပညာပေးရှေ့တန်းစခန်း၌ ဆောင်ရွက်သည်။

ဟောပြောပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေမင်းအောင်နှင့် တာဝန်ရှိသူများက သီးနှံအထွက်နှုန်း လျော့ကျခြင်းနှင့် စားရေရိက္ခာဖူလုံမှုကို ခြိမ်းခြောက်လာနိုင်သည့်အတွက် ပိုမိုကောင်းမွန်သော စိုက်ပျိုးရေးနှင့် စားရေရိက္ခာဖူလုံမှုရရှိစေရန်၊ အပူဒဏ်အန္တရာယ်သက်ရောက်နိုင်မှုများကို ကြိုတင်ကာကွယ်နိုင်ရန်အချက်များ၊ ဖြစ်ပွားချိန်တွင် လုပ်ကိုင်ဆောင်ရွက်ရမည့်အချက်များနှင့် ဆောင်ရန်/ရှောင်ရန်အချက်များကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကျိုက်ထိုမြို့နယ်၌ စားအုန်းဆီများ သတ်မှတ်ရည်ညွှန်းဈေးဖြင့် ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေး

**ကျိုက်ထို အောက်တိုဘာ ၁၈**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် အတွင်းရှိ ပြည်သူများ အခြေခံစားသောက်ကုန်ဖြစ်သည့် စားအုန်းဆီများကို သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်ရေးအတွက် သက်ဆိုင်ရာမှ ဖြန့်ဝေပေးထားသော စားအုန်းဆီများ ဈေးကွက်အတွင်း သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ရောင်းချခြင်း ရှိ/မရှိကို အောက်တိုဘာ ၁၅ ရက်က စားသုံးသူရေးရာ ဦးစီးဌာနမှ ခရိုင်တာဝန်ခံနှင့် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊



မြို့နယ် စီမံကိန်းဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့မှူးတို့ ပူးပေါင်းပါဝင်သော စားအုန်းဆီ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျိုက်ထိုမြို့နယ်အတွင်းရှိ သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ပြည်သူများသို့ စားအုန်းဆီဖြန့်ခွဲရောင်းချလျက်ရှိသော နေရာများသို့ သွားရောက်ကာ စားအုန်းဆီ ကွင်းဆင်းစစ်ဆေးရာတွင် မှန်(၆) မှန် ဖြစ်သည့် နိုင်ငံတော်မှ ခွဲတမ်းဖြင့် ချထားပေးသော စားအုန်းဆီများကို ပြည်သူများထံ ပြန်လည်ရောင်းချရာတွင် သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် မှန်ကန်စွာရောင်းချခြင်း ရှိ/မရှိ၊ အလေးချိန်မှန်ကန်စွာရောင်းချခြင်း ရှိ/မရှိ၊ အရည်အသွေးပြည့်ဝ မှန်ကန်စွာရောင်းချခြင်းရှိ/မရှိ၊ နေရာ အချိန်တိကျမှန်ကန်စွာရောင်းချခြင်း ရှိ/မရှိနှင့် ပြည်သူများထံသို့ အမှန်တကယ်ရောင်းချခြင်း ရှိ/မရှိ စသည်တို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။

ကျိုက်ထို(ပြန်/ဆက်)

## နတ်တလင်းမြို့နယ်၌ အသိပညာပေးဆွေးနွေးပွဲပြုလုပ်

**နတ်တလင်း အောက်တိုဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၌ ဒေသခံတောင်သူများအား "အယ်လ်နီညိုဒဏ်ကာကွယ်ဖို့ ကြိုတင်စီမံဆောင်ရွက်စို့" ခေါင်းစဉ်ဖြင့် အသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၁၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆောင်ရွက်သည်။

ဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက အယ်လ်နီညိုဒဏ် ကာကွယ်နိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားရှိမှုများဖြစ်သည့် စိုက်ချိန်နှင့်သီးနှံပုံစံများ သတ်မှတ်ဆောင်ရွက်ပေးခြင်း၊ သက်တမ်းတိုပြီး ရာသီဥတုဒဏ်ခံနိုင်သောမျိုးများ ကြိုတင်စုဆောင်းဖြန့်ဖြူးခြင်း၊ လယ်ယာသုံးစက်ကိရိယာများ အချိန်မီရရှိရေး စီမံဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးရေကို အကျိုးရှိစွာ အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ပေးခြင်း၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ခြင်း သတိပေးချက်ထုတ်ပြန်ခြင်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး "အယ်လ်နီညိုဒဏ် ကာကွယ်ဖို့ ကြိုတင်စီမံဆောင်ရွက်စို့" အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။



ဝေယံဖြိုး(နတ်တလင်း)



ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အမှတ်(၂) ဈေး၌ အောက်တိုဘာ ၁၇ ရက်တွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ သန္နိတပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူး အသုံးပြုပုံနှင့် မီးငြိမ်းသတ်နည်းအဆင့်ဆင့်၊ မီးသတ်စက်၊ မီးငြိမ်းသတ်ရေးယာဉ်ကြီးများဖြင့် အရေးပေါ်ငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြသစဉ်။ ကျော်ကျော်(ပြန်/ဆက်)



(၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို အောက်တိုဘာ ၁၇ ရက်တွင် သန်လျင်ခရိုင် သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက်၌ ဆောင်ရွက်ရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇင်မင်းကို၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးကျော်အောင်၊ သန်လျင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်လွင်နှင့်တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးစဉ်။

သန်းဝင်း(သန်လျင်)

# ကမ္ဘာ့စားသုံးသူတို့အကြိုက်ဆုံး မြန်မာ့ဂုဏ်ဆောင် ပေါ်ဆန်းမွှေး၏ ရွှေရောင်ခရီးလမ်း

✻ ပေါ်ဆန်း၏ ထူးခြားလှသော သဘာဝမွှေးရနံ့၊ ချက်ပြုတ်ပြီးချိန်တွင်ရရှိသည့် နူးညံ့ပျော့ပျောင်းပြီး အိအိတုံတုံရှိလှသော ထမင်းသားအရည်အသွေးတို့ကြောင့် ပြည်တွင်းရှိ စားသုံးသူများအကြားတွင် ခေတ်အဆက်ဆက် သတ်မှတ်စံနှုန်းမြင့်မားသည့် ထိပ်တန်းပရီမီယံဆန်အဖြစ် ယနေ့တိုင် လူကြိုက်များ ရေပန်းစားလျက်ရှိ

✻ ဆန်စပါးလောကတွင် "မြန်မာ့ပုလဲစပါး"ဟု တင်စားရလောက်အောင် မြန်မာနိုင်ငံ၏ဂုဏ်ဆောင် ကိုယ်စားပြုသီးနှံတစ်မျိုးဖြစ်ပြီး မိမိတို့၏ မူရင်းဒေသ မြေဆီလွှာနှင့် ရေမြေရာသီဥတုအောက်တွင်သာ အရည်အသွေး အကောင်းဆုံး ထွက်ရှိတတ်သည့် မြန်မာ့မြေမှပေါက်ဖွားသော အဖိုးတန်ရတနာတစ်ပါးဖြစ်




## စိုက်မွေးဆည်

မြန်မာ့ပေါ်ဆန်းစပါးသည် မြန်မာနိုင်ငံတွင် ရှေးမင်းအဆက်ဆက် ကာလကတည်းကပင် အစဉ်အဆက် စိုက်ပျိုးထုတ်လုပ်လာခဲ့သည့် သမိုင်းအစဉ်အလာကြီးမားသော ဒေသထွက် အရည်အသွေးမြင့် စပါးမျိုးစစ်စစ်ဖြစ်ပါသည်။

ပေါ်ဆန်း၏ ထူးခြားလှသော သဘာဝမွှေးရနံ့၊ ချက်ပြုတ်ပြီးချိန်တွင်ရရှိသည့် နူးညံ့ပျော့ပျောင်းပြီး အိအိတုံတုံရှိလှသော ထမင်းသားအရည်အသွေးတို့ကြောင့် ပြည်တွင်းရှိ စားသုံးသူများအကြားတွင် ခေတ်အဆက်ဆက် သတ်မှတ်စံနှုန်းမြင့်မားသည့် ထိပ်တန်းပရီမီယံဆန်အဖြစ် ယနေ့တိုင် လူကြိုက်များ ရေပန်းစားလျက်ရှိနေပါသည်။

ဆန်စပါးလောကတွင် "မြန်မာ့ပုလဲစပါး"ဟု တင်စားရလောက်အောင် မြန်မာနိုင်ငံ၏ဂုဏ်ဆောင် ကိုယ်စားပြုသီးနှံတစ်မျိုးဖြစ်ပြီး မိမိတို့၏ မူရင်းဒေသ မြေဆီလွှာနှင့် ရေမြေရာသီဥတုအောက်တွင်သာ အရည်အသွေးအကောင်းဆုံး ထွက်ရှိတတ်သည့် မြန်မာ့မြေမှပေါက်ဖွားသော အဖိုးတန်ရတနာတစ်ပါးဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော International World Rice Conference 2026 ၏ ဆန်အရည်အသွေးယှဉ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ "ပေါ်ဆန်းမွှေး" ဆန်သည် "၂၀၂၆ ခုနှစ် ကမ္ဘာ့အကောင်းဆုံးဆန်" (The World's Best Rice Award 2026) ဆုကို ရရှိခဲ့ပါသည်။ ယခင်ကလည်း ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပခဲ့သည့် "၂၀၀၉ ခုနှစ် ကမ္ဘာ့ဆန်စပါးညီလာခံ" (2009 World Rice Conference) တွင် ပေါ်ဆန်းဆန်ဖြင့် ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ တတိယဆုရရှိခဲ့ဖူးသည်။

၂၀၁၁ ခုနှစ် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပသော The Rice Trader World Rice Conference ၏ ကမ္ဘာ့အကောင်းဆုံးဆန်ပြိုင်ပွဲတွင် "၂၀၁၁ ခုနှစ် ကမ္ဘာ့အကောင်းဆုံးဆန်" (The World's Best Rice of 2011)ဆုကို ရရှိခဲ့ပါသည်။ ကမ္ဘာ့အကောင်းဆုံးဆန်ပြိုင်ပွဲ သမိုင်းတစ်လျှောက်တွင် မြန်မာနိုင်ငံအနေဖြင့် နှစ်စဉ်ယှဉ်ပြိုင်ခဲ့ခြင်း မရှိသော်လည်း ယခုနှစ်တွင် တတိယအကြိမ်ဝင်ပြိုင်ပြီး ပထမဆုကို ဒုတိယအကြိမ်ရရှိခြင်းဖြစ်သည်။ မြန်မာ့ပေါ်ဆန်းသည် ကမ္ဘာ့အကောင်းဆုံးဆန်အဖြစ် တတိယဆု(၁)ကြိမ်နှင့် ပထမဆု (၂)ကြိမ် ရရှိခဲ့သဖြင့် အကောင်းဆုံးအရည်အသွေးစစ်စစ်နှင့် အဆင့်မြင့်အရသာကို တန်ဖိုးထားနှစ်သက်ကြသော ကမ္ဘာ့စားသုံးသူတို့၏အကြိုက်ဆုံး မြန်မာ့ဂုဏ်ဆောင် ပေါ်ဆန်းမွှေးဟု တင်စားခေါ်ဆိုထိုက်ပါသည်။

### ကမ္ဘာ့အကောင်းဆုံးဆန်ပြိုင်ပွဲ

ကမ္ဘာ့အကောင်းဆုံးဆန်ပြိုင်ပွဲတွင် ဆုရရှိခြင်းသည် လွယ်ကူသည့်ကိစ္စမဟုတ်ပါ။

နှစ်စဉ် ကျင်းပသော International World Rice Conference ပြိုင်ပွဲများသည် ကမ္ဘာ့ဆန်လောကတွင် အစဉ်အလာကြီးမားသော၊ အထူးထင်ရှားသော မှတ်တိုင်များဖြစ်သည်။ ယခုနှစ်ပြိုင်ပွဲကို အမေရိကန်ပြည်ထောင်စုအခြေစိုက် The Rice Trader နှင့် International Commodity Institute အဖွဲ့အစည်းတို့က ဦးဆောင်ကျင်းပခဲ့ပြီး ကမ္ဘာ့ဆန်တင်ပို့မှုအများဆုံး ၁၄ နိုင်ငံဖြစ်သည့် အိန္ဒိယ၊ ဗီယက်နမ်၊ ပါကစ္စတန်၊ မြန်မာ၊ မလေးရှား၊ ထိုင်း၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ အမေရိကန်၊ လာအို၊ နီပေါ၊ အင်ဒိုနီးရှား၊ အာဂျင်တီးနားနှင့် ဂါနာနိုင်ငံတို့မှ အရည်အသွေးမြင့် ဆန်အမျိုးအစားများနှင့် နာမည်ကြီး ပရီမီယံဆန် (Premium Rice) ၂၂ မျိုး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါသည်။ ပြိုင်ပွဲဝင်ဆန်များကို ကမ္ဘာတစ်ဝန်းမှ ထိပ်တန်းစားဖိုမှူးကြီးများနှင့် ဆန်စပါးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များပါဝင်သည့် နိုင်ငံတကာအကဲဖြတ်ဒိုင်အဖွဲ့က စနစ်တကျ စစ်ဆေးခြင်းဖြစ်သည်။

ပြိုင်ပွဲဝင်နိုင်ငံများသည် ဆန်နမူနာပေးပို့ရာတွင် နောက်ဆုံးထွက် အသစ်စက်စက် ရိတ်သိမ်းထားသော မြန်မာအခေါ် ကောက်သစ်ဆန်များကိုသာ ပေးပို့ယှဉ်ပြိုင်ကြရသည်။

ပေးပို့လာသော ဆန်နမူနာများ၏ ဆန်အရည်အသွေးကို စစ်ဆေးအကဲဖြတ်ရာတွင် အဓိကအဆင့်နှစ်ဆင့်ဖြစ်သည့် မချက်ပြုတ်ရသေးသော ဆန်စိမ်းပုံစံနှင့် ချက်ပြုတ်ပြီးသားထမင်းပုံစံ စသည့်ပုံစံနှစ်မျိုးလုံးကို နှစ်ဖက်မျက်ကွယ်စနစ် (Double-Blind Testing) ဖြင့် အမှတ်ပေးဆုံးဖြတ်ခဲ့ကြပါသည်။ ပထမအဆင့်အနေဖြင့် မချက်ပြုတ်ရသေးမီ ဆန်စိမ်းအခြေအနေကို ဆန်စေ့များ၏ သန့်ရှင်းမှုရှိ မရှိ၊ ကျိုးကြေမှုရှိ မရှိ၊ ဆန်စေ့များ ညီညာမှုရှိ မရှိနှင့် အရောင်အဆင်းပုံသဏ္ဌာန်တို့ကို မျက်စိဖြင့် သေချာကြည့်ရှုအကဲဖြတ်ကြပါသည်။ ဒုတိယအဆင့်အနေဖြင့် ဆန်ကိုသတ်မှတ်ထားသည့် စံနှုန်းအတိုင်း စနစ်တကျချက်ပြုတ်ပြီးနောက် ဒိုင်လူကြီးများက ကိုယ်တိုင်မြည်းစမ်း စစ်ဆေးကြပါသည်။ ချက်ပြုတ်ပြီး ထမင်းအခြေအနေတွင် ထွက်လာသည့် အနံ့၊ ထမင်း၏ အိစက်ညက်ညောမှုနှင့် လျှာဖျားတွင် ခံစားရသည့်အရသာတို့ကို စစ်ဆေးအကဲဖြတ်ကြပါသည်။ "ဆုအဖြစ် သတ်မှတ်သည့် အမှတ်ပေးစံနှုန်းများမှာ ထမင်းလုံးပုံသဏ္ဌာန်ညီညာမှု(Consistency)၊ ထမင်းလုံးရှည်ထွက်မှု (Grain Length)၊ အမွှေးနံ့ရရှိမှု (Aroma)၊ အိစက်နူးညံ့မှု(Texture)၊ စေးပိုင်မှု (Stickiness)နှင့် စားသုံးမှုအရသာ(Taste)တို့ဖြစ်ပြီး ကမ္ဘာ့ဈေးကွက်တွင် ကျယ်ပြန့်စွာရောင်းဝယ်ဖောက်ကားနေမှု၊ စိုက်ပျိုးနည်းပညာနှင့် အထွက်နှုန်း စသည့်အချက်တို့အပေါ်မူတည်နေခြင်းမဟုတ်ဘဲ ကမ္ဘာပေါ်ရှိ စားသုံးသူများ၊ ချက်ပြုတ်သူများ၊ စားဖိုမှူးများနှင့် အိမ်ရှင်မများအတွက် ကြိုက်နှစ်သက်မှုအနေအထားကိုသာ မူတည်ဆောင်ရွက်ခြင်းဖြစ်ကြောင်း"လည်း သိရပါသည်။

### အကဲဖြတ်အမှတ်ပေးခြင်း

ဆန်သားညီညွတ်မှုဟုဆိုရာတွင် ဆန်စေ့များ၏ ပုံသဏ္ဌာန်၊ အရွယ်အစား၊ အရောင်အသွေး (ဥပမာ- ပုလဲလုံးသဖွယ်လှပမှု) နှင့် ဆန်ကွဲအနည်းအများတို့၌ တစ်သမတ်တည်းဖြစ်ခြင်း၊ ညီညာခြင်းတို့ကို တိုင်းတာခြင်းဖြစ်ပါသည်။ ဆန်စေ့အရှည်တွင် ဆန်စေ့၏အလျား၊ ချက်ပြုတ်ပြီး ထမင်းဖြစ်လာသည့်အခါ လှပစွာဆန့်ထွက်ရှည်လျားလာမှုတို့ကို တိုင်းတာပါသည်။ အမွှေးနံ့ရရှိမှုကို အကဲဖြတ်ရာတွင် ဆန်ကြမ်းအဆင့်၌ရရှိသောအနံ့နှင့် ချက်ပြုတ်ပြီးအဖုံးဖွင့်လိုက်သည့်အခါ ထွက်ရှိလာသော ထမင်း၏ သဘာဝအမွှေးနံ့တို့ကို အနံ့ခံအကဲဖြတ်ခြင်းဖြစ်ပါသည်။

အိစက်နူးညံ့မှုကို အကဲဖြတ်ရာတွင် ထမင်းကို ဝါးလိုက်သည့်အခါ ခံတွင်းထဲ၌ခံစားရသော အပျော့အမာ၊ အိစက်ညက်ညောမှုနှင့် ထုထည်ဖွဲ့စည်းပုံတို့နှင့်အတူ လျှာပေါ်တွင် နူးညံ့အိစက်ပြီး ဝါးရသည့် အရသာကောင်းမွန်မှုကို ခံစား၍ အကဲဖြတ်ခြင်းဖြစ်သည်။ စေးပိုင်မှုကိုတိုင်းတာရာတွင် ထမင်းစေ့တစ်စေ့နှင့်တစ်စေ့ အစေးဓာတ်ရှိပြီး ကပ်တွယ်စုစည်းမှု၊ တူ သို့မဟုတ် ဇွန်းဖြင့်ကိုင်တွယ်ရ လွယ်ကူစေမည့် အစေးဓာတ်နှင့် ဝါးလိုက်သည့်အခါ ကပ်မနေဘဲ စေးပိုင်ပိုင်ဖြစ်နေမှုတို့ကို စစ်ဆေးပါသည်။ စားသုံးမှုအရသာတွင် ဟင်းမပါဘဲ ထမင်းသက်သက်ကို စားကြည့်သည့်အခါထွက်လာသည့် ဆန်၏ ဇာတိသဘာဝအရသာကောင်းမွန်ပြည့်စုံမှုနှင့် ထမင်းဝါးပြီး မျိုချခါနီးအထိ လျှာပေါ်တွင် ခံစားရသည့် သဘာဝချိုမြိန်မှုနှင့် အရသာထူးကဲမှုတို့ကို အာရုံငါးပါးဖြင့် ခံစားတိုင်းတာ အကဲဖြတ်ခြင်းဖြစ်ပါသည်။

အကဲဖြတ်ရာတွင် ထမင်းဖြူချည်းသက်သက် မြည်းစမ်းခြင်း၊ ထမင်းပေါင်းအဖြစ် ပြုပြင်လုပ်ဆောင်စားသောက်ခြင်း၊ ဆန်ပြုတ်ပြုလုပ်စားသောက်ခြင်း၊ ရေညှိထမင်းလိပ်ပြုလုပ်စားသောက်ခြင်း၊ ထမင်းကြော်အဖြစ် ပြုလုပ်စားသောက်ခြင်းတို့ အပါအဝင် နမူနာစမ်းသပ်မှုများကို လက်တွေ့လုပ်ဆောင်ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာ့ပေါ်ဆန်းမွှေးဆန်သည် ယခုနှစ်ကမ္ဘာ့အကောင်းဆုံးဆန်ပြိုင်ပွဲ၌ အမှတ်ပေးစံနှုန်း(၆)ချက်လုံးနှင့် ကိုက်ညီမှုရှိခဲ့သည့်အပြင် အမျိုးမျိုးသော စားသောက်ဖွယ်ရာများကို အရသာအပြည့်အဝ ပေးစွမ်းစေနိုင်ခြင်းကြောင့်သာ ကမ္ဘာ့အကောင်းဆုံးဆန်ဆု(The World's Best Rice Award 2026) ကို ရရှိခဲ့ခြင်းဖြစ်ပါသည်။ ပြိုင်ပွဲတွင် ဗီယက်နမ်နိုင်ငံမှ ST25 ဆန်၊ ဖိလစ်ပိုင်နိုင်ငံမှ Mabango 3၊ အိန္ဒိယနိုင်ငံမှ ဘာစမာတီဆန်၊ ထိုင်းနိုင်ငံမှ ဂျက်စမင်ဆန် အစရှိသည့် နာမည်ကြီးအမှတ်တံဆိပ်တို့ကို ကျော်လွန်ပြီး ပထမဆုရရှိခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ နိုင်ငံတကာအဆင့်မီ ထိပ်တန်းဆုကြီးကို ဒုတိယအကြိမ် ပြန်လည်ဆွတ်ခူးနိုင်ခြင်းမှာ "မြန်မာ့ပေါ်ဆန်း တစ်ခေတ်ဆန်းစေရမည်" ဆိုသော နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်တိုက်တွန်းချက်များနှင့်အညီ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်များကတည်းက ပေါ်ဆန်းစိုက်ပျိုးထုတ်လုပ်နေကြသော တောင်သူလယ်သမားများ၏စနစ်တကျလုပ်ကိုင်ဆောင်ရွက်နိုင်မှု၊ မြို့နယ်၊ ခရိုင်နှင့် တိုင်းဒေသကြီးအဆင့်ဆင့်ရှိ တာဝန်ရှိသူများ၏ကြီးကြပ်ကွပ်ကဲမှု၊ မြန်မာနိုင်ငံဆန်စပါးအဖွဲ့ချုပ်၊ သွင်းအားစုများနှင့်ပတ်သက်သည့် ကုမ္ပဏီများ၊ အသင်းအဖွဲ့များ၏ ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်မှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေပံ့ပိုးပေးနိုင်မှုတို့ကြောင့် ဖြစ်ပါသည်။

ယခုကဲ့သို့ ကမ္ဘာ့အကောင်းဆုံးဆန်ဟု သတ်မှတ်ခြင်းခံထားရသည့် မြန်မာ့ပေါ်ဆန်းဆန်၏ ဂုဏ်သတင်းရေရှည်တည်တံ့ခိုင်မြဲရေးသည် အမျိုးသားရေးတာဝန်ဖြစ်သောကြောင့် အဆိုပါဂုဏ်အင်ကို ဖော်ဆောင်ပေးကြမည့် ပါဝင်ပတ်သက်သူများအားလုံး အလေးအနက်ထားဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

### မြန်မာ့ဂုဏ်ဆောင် ပေါ်ဆန်း

ပေါ်ဆန်းစပါးမျိုးများသည် ဒေသအလိုက် အခေါ်အဝေါ်အမျိုးမျိုး ကွဲပြားလျက်ရှိသည့်အပြင် အရည်အသွေးနှင့် ဝိသေသလက္ခဏာများမှာလည်း ကွဲပြားခြားနားမှုရှိကြပါသည်။ သဘာဝ၏ ဆင့်ကဲပြောင်းလဲမှုဖြစ်စဉ်ကြောင့် ပေါ်ဆန်းစပါးမျိုးကွဲများ မျိုးတုံးပျောက်ကွယ်သွားခြင်း မရှိစေရေးအတွက် အထူးအစီအမံများဖြင့် စနစ်တကျထိန်းသိမ်းသွားရန်မှာ အလွန်အရေးကြီးသည့် တာဝန်တစ်ရပ်ဖြစ်ပါသည်။

ပေါ်ဆန်းစပါးမျိုးများကို ထိန်းသိမ်းရာတွင် မူရင်းပေါက်ရောက်ရာဒေသများတွင် စနစ်တကျထိန်းသိမ်းခြင်းနှင့် အထူးစီမံထားသည့် မျိုးဗီဇထိန်းသိမ်းရာနေရာများတွင် ထိန်းသိမ်းခြင်းတို့ဖြင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းသွားကြရမည်ဖြစ်ပါသည်။ ယနေ့အချိန်အထိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန မျိုးစေ့ဘဏ်တွင် ပေါ်ဆန်းမျိုးကွဲပေါင်း တစ်ရာကျော်ကို စုဆောင်းထိန်းသိမ်းထားရှိပြီးဖြစ်ပါသည်။

ပေါ်ဆန်းမျိုးများကို အကြမ်းဖျင်းအားဖြင့် အလင်းရောင်တုံ့ပြန်မှုရှိသည့် ပေါ်ဆန်းမျိုးများကို ပေါ်ဆန်းကြီးနှင့် အလင်းရောင်တုံ့ပြန်မှု အသင့်အတင့်သာရှိသောပေါ်ဆန်းမျိုးများကို ပေါ်ဆန်းရင်ဟု ခေါ်ဆိုကြပြီး အများစုမှာ သက်တမ်းစပါးအဖြစ် မှတ်ယူထားခဲ့ကြပါသည်။ ထို့အပြင် ပေါ်ဆန်းစပါးမျိုးများကို ဆန်ဈေးကွက်နှင့် စိုက်ပျိုးသည့်ဒေသအပေါ် အစွဲပြု၍လည်း အမည်နာမအမျိုးမျိုး ခေါ်ဝေါ်ကြသည်။

ပေါ်ဆန်းမွှေးစပါးသည် မြန်မာနိုင်ငံတွင် အရည်အသွေးနှင့် တန်ဖိုးအမြင့်ဆုံး စပါးမျိုးဖြစ်သည့်အားလျော်စွာ ဈေးကွက်တွင်လည်း ထိပ်ဆုံးမှ ရပ်တည်လျက်ရှိပါသည်။ ပေါ်ဆန်းမွှေးဆန်သည် အနံ့ကောင်းမွန်ပြီး ထူးခြားသောအမွှေးနံ့ရှိခြင်း၊ စားသုံးမှုအရည်အသွေး အထူးကောင်းမွန်ခြင်း၊ ဆန်ရည်ဆန်သားမှာ အဖြူရောင်ဖြစ်ပြီး စိုစွတ်တောက်ပြောင်ခြင်း၊ စာမျက်နှာ ၇ သို့ ◆



## စိုက်ပျိုးရေးလုပ်ငန်းသုံး အမိုနီယမ်ဆာလဖိတ် မြေဩဇာအကြောင်း အသိပညာပေးဆွေးနွေး

ကြို့ပင်ကောက် အောက်တိုဘာ ၁၈

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ဆီဆုံကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် စိုက်ပျိုးရေးလုပ်ငန်းသုံး အမိုနီယမ်ဆာလဖိတ် မြေဩဇာအကြောင်း အသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၁၆ ရက်က ပြုလုပ်သည်။

**ဆွေးနွေး**

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက တောင်သူများ အသုံးပြုနေသော အမိုနီယမ်ဆာလဖိတ် မြေဩဇာသည် အပင်မှ အများအပြားလိုအပ်သည့် အဓိကအပင်အာဟာရဓာတ် နိုက်ထရိုဂျင် ၂၁ ရာခိုင်နှုန်းနှင့် အပင်မှအနည်းငယ်သာလိုအပ်သည့် ဆာလဖာ ၂၄ ရာခိုင်နှုန်းပါဝင်ပြီး ဆာလဖာပါဝင်မှုမြင့်မားခြင်းကြောင့် မြေကိုချဉ်စေသော သတ္တိရှိသဖြင့် ဆိုးကျိုးများဖြစ်ပေါ်စေကြောင်း စိုက်ပျိုးသီးနှံများတွင် သုံးစွဲမည်ဆိုပါက မိမိတို့စိုက်ပျိုးမြေ၏ မြေချဉ်ငန်ကိန်း၊ စိုက်ပျိုးမည့် သီးနှံအမျိုးအစား စသည်တို့အပေါ်မူတည်၍ ထည့်သွင်းသင့်သည့် ပမာဏကို စိုက်ပျိုးရေးပညာရှင်များနှင့် မြေဆီလွှာပညာရှင်များ၏ ထောက်ခံအကြံပြုချက်များ ရယူအသုံးပြုရန် လိုအပ်ကြောင်း ဆွေးနွေးသည်။

အသိပညာပေးဆွေးနွေးပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ စိုက်ပျိုးမွေးမြူရေးကြီးကြပ်မှုကော်မတီဝင်များ၊ တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဇေယျာထွန်း(ကြို့ပင်ကောက်)

## မကွေးတိုင်းဒေသကြီးရှိ MSMEs လုပ်ငန်းများ၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းများမှ တန်ဖိုးမြင့်ထုတ်ကုန်လုပ်ငန်းများ အရှိန်အဟုန်မြင့်တင်ဆောင်ရွက်



နေပြည်တော် အောက်တိုဘာ ၁၈

G.B.S Agricultural Services Co.,Ltd. သည် မကွေးမြို့ ကန်လုကျေးရွာ ဒဟတ်ကန်အုပ်စုတွင် တည်ရှိပြီး စက်ရုံအနေဖြင့် တစ်ရက်လျှင် ဆီတန်ချိန် ၁၂ တန်ခန့်အား နေ့စဉ်ထုတ်လုပ်၍ ပြည်တွင်းသို့ ဖြန့်ဖြူးရောင်းချလျက်ရှိကာ ဒေသတွင်းစားသုံးဆီလိုအပ်ချက်၏ ၉ ဒသမ ၁၂ ရာခိုင်နှုန်းခန့်ကို ဖြည့်ဆည်းပေးနိုင်ပြီး ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ စက်ရုံ၌ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများအား ကုန်ပစ္စည်း အမျိုးအစားအလိုက် အရောင်အသွေး ခွဲခြားဆောင်ရွက်နေမှု၊ ဆီစက်တွင် ဆီကြိတ်ခွဲထုတ်လုပ်နေမှု အခြေအနေကို စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် မကွေးတိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဆန်းညွန့်အောင်နှင့်အတူ ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနရုံးသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး MSME အေဂျင်စီအဖွဲ့ဝင်နှင့်တွေ့ဆုံ၍ အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ၏ မျှော်မှန်းချက်၊ ရည်မှန်းချက်၊ တာဝန်များနှင့် ပံ့ပိုးပေးရမည့် ကဏ္ဍများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယမန်နေ့ မွန်းလွဲပိုင်းတွင် မကွေးဒေသရှိ စိုက်ပျိုးမွေးမြူရေး ဒေသထွက်ကုန်ကြွမ်း အခြေပြု MSMEs လုပ်ငန်းများ၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းများ လည်ပတ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ မကွေးဒေသအား နိုင်ငံ့ဆီအိုးကြီးဟု တင်စားကြသည့်အတိုင်း မြေပဲ၊ နှမ်း၊ နေကြာ စသည့် ဆီထွက်သီးနှံများ စိုက်ပျိုးအောင်မြင်ကာ ပြည်သူတို့၏ စားသုံးဆီလိုအပ်ချက်အား ဖူလုံအောင် ဖြည့်ဆည်းပေးနိုင်ရေး၊ ဆီစက်များအား အဆင့်မြှင့်တင်၍ လုပ်ငန်းများအား တိုးချဲ့ဆောင်ရွက်သွားရန်၊ မကွေးစက်မှုဇုန်အား စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုပြီး စက်မှုဇုန်အတွက် လိုအပ်လာမည့် လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ် တပ်ဆင်သုံးစွဲမည့် အခြေအနေများကိုလည်း ယခုကတည်းကပင် ထည့်သွင်းတွက်ချက် ဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့ပြင် လယ်ယာနှင့် စက်မှုကဏ္ဍတို့တွင်လည်း EV လုပ်ငန်းသုံး ယာဉ်များကို အစားထိုးအသုံးပြုနိုင်ရေး စီမံဆောင်ရွက်သွားရန် လိုကြောင်း မှာကြားသည်။

ထိုမှတစ်ဆင့် အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) နှင့် MSMEs လုပ်ငန်းများဖြစ်သည့် မကွေးမြို့ရှိ Ko Myan နှမ်းလှော်မှုန့်စက်ရုံ၊ စူပါမင်း ဆီစက်လုပ်ငန်း၊ မင်းဘူးမြို့ရှိ ရတနာဖြိုးဝါစက်နှင့် ဆီစက်လုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြောက်ဥက္ကလာမြို့နယ်၌ မီးဘေးလုံခြုံရေး ကွင်းဆင်းအသိပညာပေးစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ ကျောက်ရေတွင်းဈေးနှင့် (၂) ရပ်ကွက်ရှိ ၂ ဈေးတို့အား မီးဘေးလုံခြုံရေးကွင်းဆင်းအသိပညာပေးစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။

**အသေးစိတ်စစ်ဆေး**

မြောက်ဥက္ကလာပမြို့နယ် မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဆောင်သည့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးတာဝန်ခံနှင့် ဈေးလုံခြုံရေးများနှင့်အတူ သုခမ္မာလမ်း၊ ကျောက်ရေတွင်းရပ်ကွက်ရှိ ကျောက်ရေတွင်းဈေးနှင့် သုခမ္မာလမ်း(၂)ရပ်ကွက်ရှိ ၂ ဈေးတို့တွင် ဈေးအတွင်းရေလှောင်ကန်များ ဈေးမီးဘေးလုံခြုံရေး ဆောင်ရွက်ထားသည့် ပစ္စည်းကိရိယာများကို စစ်ဆေးအကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

■



**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

◆ စာမျက်နှာ ၆ မှ

ချက်ပြုတ်ပြီးစီး၍ ထမင်းဖြစ်သွားသည့်အချိန်တွင် မူလဆန်အရွယ်အစားထက် နှစ်ဆ၊ သုံးဆခန့်အထိ ရှည်ထွက်လာခြင်း၊ အေးသွားသည်အထိ ပျော့ပျောင်းနေခြင်း၊ ဒေသမျိုးဖြစ်၍ အပင်အရပ်မြင့်ပြီး ယူရီးယားမြေဩဇာအသုံးပြုမှုအား တုံ့ပြန်နိုင်မှုနည်းခြင်းနှင့် ဆန်ကြိတ်ခွဲခံနိုင်မှုစွမ်းရည် မြင့်မားခြင်းတို့ကြောင့် အခြားစပါးမျိုးများထက် ဆန်ကွဲထွက်ပမာဏလျော့နည်းခြင်း စသည့်အားသာချက်များရှိပါသည်။

ထိုအရည်အသွေးများသည် မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသများရှိသော ဧရာဝတီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုလွင်ပြင်တို့တွင် စိုက်ပျိုးမှသာ မူလအနံ့နှင့် အရည်အသွေးစစ်စစ်ကို ပိုမိုရရှိနိုင်ပြီး အခြားဒေသများတွင် ပြောင်းရွှေ့စိုက်ပျိုးလျှင် ရာသီဥတုအပေါ်မူတည်၍ အရည်အသွေးလျော့ကျပျက်ပြယ်သွားနိုင်ပါသည်။

**စိုက်ပျိုးနည်းပညာဖြန့်ဝေခြင်း**

မြန်မာ့ပေါ်ဆန်းဆန်၏ အရည်အသွေးပြည့်စုံမှုကို ထိန်းသိမ်းကာ နိုင်ငံတော်၏ "မြန်မာ့ပေါ်ဆန်း တစ်ခေတ်ဆန်းစေရမည်"ဟူသော လမ်းညွှန်ဆောင်ပုဒ်နှင့်အညီ လက်တွေ့အကောင်အထည်ဖော်ရန်အတွက် ခေတ်မီစိုက်ပျိုးရေးနည်းပညာများ စနစ်တကျဖြန့်ဖြူးပေးခြင်းသည် အဓိက သော့ချက်ဖြစ်ပါသည်။ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ပေါ်ဆန်းစပါးသီးသန့်စိုက်ပျိုးထုတ်လုပ်သည့် ပေါ်ဆန်းဇုန်များကို ဖျာပုံ၊ မြောင်းမြ၊ မအူပင်၊ ပုသိမ်နှင့်ဟင်္သာတ စသည့်ခရိုင်များတွင် အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသလို ပဲခူးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင်လည်း တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရှိရပါသည်။ ပေါ်ဆန်းစပါးသည် တစ်နှစ်လျှင်တစ်ကြိမ်သာ ရိတ်သိမ်းရသည့် အဖိုးတန်ဒေသမျိုးဖြစ်၍ ၎င်း၏ဇာတိမျိုးရိုးဗီဇနှင့် ထူးခြားသောမွှေးရနံ့ဂုဏ်သတ္တိများ မပျောက်ပျက်စေရန်အတွက် မျိုးကောင်းမျိုးသန့်စပါး ရွေးချယ်စိုက်ပျိုးနည်းများကို တောင်သူများထံ အရောက်ဖြန့်ဝေပေးလျက်ရှိပါသည်။

ထို့အပြင် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည်ရှိစေမည့် စိုက်ပျိုးရေစီမံခန့်ခွဲမှုစနစ်၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာကိုမျှတစွာအသုံးပြုသည့် နည်းပညာများ၊ ပိုးမွှားရောဂါ ကာကွယ်နည်းများနှင့် ရိတ်သိမ်းချိန်လွန်လေလွင့်ဆုံးရှုံးမှု လျှော့ချရေး နည်းပညာများကိုပါ ပညာပေးဆောင်ရွက်လျက် ရှိပါသည်။

**အားလုံးကိုယ်စီတာဝန်ရှိခြင်း**

"စားသုံးသူတို့အကြိုက်ဆုံး မြန်မာ့ဂုဏ်ဆောင် ပေါ်ဆန်းမွှေး၏ ရွှေရောင်ခရီးလမ်း"သည် နိုင်ငံတကာစင်မြင့်ထက်တွင် ရွှေတံဆိပ်ဆုဖြင့် ကမ္ဘာ့အဆင့်အရည်အသွေးကို သက်သေပြနိုင်ခဲ့ပြီဖြစ်သည်။ သို့သော်လည်း ဤအောင်မြင်မှုဂုဏ်ဒြပ်ကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းကာကွယ်သွားရန်မှာ ဆုရရှိခြင်းထက်ပင် ပိုမိုစိန်ခေါ်မှုကြီးမားလှပေသည်။ မြန်မာ့ပေါ်ဆန်းဆန်၏ ထိပ်တန်းအရည်အသွေးနှင့် ဈေးကွက်ခိုင်မာမှုကို နောင်နှစ်ပေါင်းများစွာအထိ အရှိန်အဟုန်မပျက် ဆက်လက်ထိန်းထားနိုင်ရန်အတွက် ကွင်းဆက်တစ်ခုလုံးတွင် ပါဝင်သူအားလုံးက လက်တွဲညီညီ ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်သည်။

ယခုကဲ့သို့သော ဆန်အရည်အသွေးပြိုင်ပွဲတွင် (၃) ကြိမ်တိုင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး (၃) ကြိမ်လုံး ထိုက်တန်သောဆုကြီးများ ရရှိခဲ့ခြင်းသည် ပေါ်ဆန်းစပါးမျိုးကို စတင်စိုက်ပျိုးခဲ့သော ဘိုးဘွားမိဘတောင်သူဦးကြီးများ၊ ယခုထက်တိုင် လက်ဆင့်ကမ်း မျိုးထိန်းသိမ်းစိုက်ပျိုးနေကြသော တောင်သူဦးကြီးများ၊ စဉ်ဆက်မပြတ် မျိုးထုတ်လုပ်ပေးကြသော ပေါ်ဆန်းစပါးမျိုး ထုတ်လုပ်သူများနှင့်စိုက်ပျိုးရေးပညာရှင်များ၊ ဒေသအစိုးရများ၏ ကြိုးပမ်းဆောင်ရွက်မှု၊ နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီမှု၊ နိုင်ငံတော်သမ္မတကြီး၏ ချီးမြှောက်တိုက်တွန်းမှုတို့ကြောင့် ဖြစ်ပါသည်။

သို့ဖြစ်ရာ ပေါ်ဆန်းဆန်၏ အောင်မြင်မှုကို ရေရှည်တည်တံ့စေရန်အတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ကြီးကြပ်မှုများနှင့်အညီ တက်ညီလက်ညီဖြင့် အစိုးရ – ပုဂ္ဂလိက – တောင်သူများ စည်းလုံးညီညွတ်စွာ ဆက်လက်လုပ်ဆောင်သွားရန် လိုအပ်ပါကြောင်း ဂုဏ်ပြုတိုက်တွန်းအပ်ပါသည်။ ။

## ရခိုင်ပြည်နယ်အတွင်း အယ်လ်နီညိုဖြစ်စဉ်ကြောင့် တွေ့ကြုံလာနိုင်သည့် အကျိုးဆက်များကို ထိခိုက်မှု နည်းနိုင်သမျှနည်းအောင် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ရန် ပြည်နယ်ဝန်ကြီးချုပ် မှာကြား

**စစ်တွေ အောက်တိုဘာ ၁၈**

ရခိုင်ပြည်နယ် အတွင်း အယ်လ်နီညို ဖြစ်စဉ်ကြောင့် တွေ့ကြုံလာနိုင်သည့် အကျိုးဆက်များကို ကြိုတင်မှန်းဆပြီး စိုက်ပျိုးရေးကဏ္ဍ၊ သောက်သုံးရေ လုံလောက်စွာရရှိရေး ကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍတို့ကို ထိခိုက်မှု နည်းနိုင်သမျှနည်းအောင် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ရန် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးနိုင်ဦးသည် အောက်တိုဘာ ၁၆ ရက်တွင် မာန်အောင်မြို့ မြို့နယ် ခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ဒေသခံ ပြည်သူများနှင့် တွေ့ဆုံစဉ် ပြောကြားသည်။




**ပေါင်းစပ်ညှိနှိုင်းပေး**

တွေ့ဆုံပွဲတွင် တက်ရောက်လာကြသော မြို့မိ၊ မြို့ဖများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများက မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ တင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းပေးသည်။

တွေ့ဆုံပွဲအပြီးတွင် အခြေခံပညာ အထက်တန်းကျောင်း (ဟင်းစနဲ)၊ အခြေခံပညာအလယ်တန်းကျောင်းခွဲ (ညောင်ပင်လှ)၊ အခြေခံပညာ အလယ်တန်းကျောင်း (ငပုန်ကုန်း) တို့ရှိ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများ၊ ကျောင်းသား ကျောင်းသူများ၊ ကျေးရွာသူ ကျေးရွာသားများ၊ ငပုန်ကုန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲရှိ ကျန်းမာရေး ဝန်ထမ်းများကို သွားရောက် တွေ့ဆုံ အားပေးစကားပြောကြားသည်။

ဆက်လက်၍ ညောင်ပင်လှ ကျေးရွာအုပ်စု တောက်ပြင်ရွာရှိ ဝဥစိုက်ပျိုးမည့် မြေနေရာ၊ ဇိုင်ပင်ကျေးရွာနှင့် ဒိုးတန်းကုန်း ကျေးရွာတို့တွင် သောက်သုံးရေနှင့် စိုက်ပျိုးရေ ရရှိရေးအတွက် ချွှေလောင်းချောင်းတွင် Check Dam တည်ဆောက်မည့်နေရာ၊ ဘူးတောင်းကွဲကျေးရွာ – ဟင်းစနဲ ကျေးရွာ ကျောက်ချောလမ်းခင်း မည့်မြေနေရာ၊ ဇိုင်ပင်–ပန်းခြံ ကျေးရွာချင်းဆက် ကျောက်ချော လမ်းခင်းမည့် နေရာတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## လေးမျက်နှာမြို့နယ်၌ ရေကြီးနစ်မြုပ်ခဲ့သော ကျေးလက်လမ်းများပြုပြင်နေမှု ကွင်းဆင်းစစ်ဆေး

**လေးမျက်နှာ အောက်တိုဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၌ ရေကြီးနစ်မြုပ်ခဲ့သော ကျေးလက်လမ်းများအား ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်(မြို့ပြ)နှင့် တာဝန်ရှိသူများက အောက်တိုဘာ ၁၅ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် လေးမျက်နှာမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူပြုပြင်လျက်ရှိသော သုံးဆက်ရွာအဝင်လမ်း၊ ပဆင–ပေါက်ကုန်းလမ်းနှင့် ရှမ်းရွာ–ကျောင်းစု–ရေနောက်လမ်းများ ပြုပြင်နေခြင်းနှင့် ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ခတ္တူ–ခုံကြီး–ခြောက်ဆယ်–ရိုးကြီး လမ်းပေါ်ရှိ မြင်းကျိုးချောင်းတံတား ပေ ၈၀ တည်ဆောက်နေမှုကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**





## နောင်ချိုမြို့နယ် CROWN ဘိလပ်မြေစက်ရုံ၌ စက်ရုံယာဉ်မောင်းဝန်ထမ်းများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး

**နောင်ချို အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် လောက်ဖန်းကျေးရွာ ငွေရည်ပုလဲကုမ္ပဏီ CROWN ဘိလပ်မြေစက်ရုံတွင် စက်ရုံယာဉ်မောင်း ဝန်ထမ်းများအား ယာဉ်အန္တရာယ်ကင်းရှင်းစေရန်ရည်ရွယ်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ယမန်နေ့က စက်ရုံဓမ္မာရုံခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် အမှတ်(၁၂၄)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(ကျောက်မဲ) နောင်ချိုမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စိတ်မှ ရဲအုပ်ဟန်ထွန်းနိုင် ဦးစီးသော တပ်ဖွဲ့ဝင်များက ယာဉ်မောင်းနှင်သူများလိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများ၊ ယာဉ်တိုက်မှုဖြစ်ပွားခြင်း အမှား/အမှန်သရုပ်ပြခြင်းတို့ကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းဟောပြောပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် မြို့မဈေး၌ မီးဘေး အန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး လိုက်လံစစ်ဆေးမှုကို မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မျိုးထွန်း ဦးဆောင်မှုဖြင့် သန္နေတပ်ဖွဲ့ဝင်များက အောက်တိုဘာ ၁၆ ရက်တွင် ကွင်းဆင်းစစ်ဆေး ခြင်းများ ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

## ပုဇွန်တောင်ဈေး၌ ကွန်တိန်နာဘောက်ဖြင့် ဈေးရောင်းချနေမှုအား တာဝန်ရှိသူများ လာရောက်ကြည့်ရှု

**ရန်ကုန် အောက်တိုဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် ပုဇွန်တောင်ဈေးတွင် ကိုယ်တိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများမှ တိုက်ရိုက်လာရောက် ရောင်းချသည့် စားသောက်ကုန်ပစ္စည်းများရောင်းချပေးမည့် ကွန်တိန်နာ ဘောက်ဖြင့် ဈေးရောင်းချနေမှုကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာ



ရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဦးမျိုးမြင့်အောင်နှင့် တာဝန်ရှိသူများသည် ကွန်တိန်နာဘောက်ဖြင့် ဈေးရောင်းချနေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညွှန်ကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပိုင်ဈေးဖြစ်သော ပုဇွန်တောင်ဈေးအတွင်း ကိုယ်တိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများမှ တိုက်ရိုက်လာရောက်ရောင်းချသည့် စားသောက်ကုန်ပစ္စည်းများ ကွန်တိန်နာဘောက်ဖြင့် ဈေးဆိုင်ခန်းအား အောက်တိုဘာ ၁၆ ရက်က ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ ကွန်တိန်နာဘောက်ဈေးဆိုင်ခန်း၌ ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေး၊ ကုန်ဈေးနှုန်းကျဆင်းရေးအတွက် ကိုယ်တိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများမှ တိုက်ရိုက်ထုတ်လုပ်ရောင်းချသော ကြက်သား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥ၊ ဆန်၊ ဆီနှင့် အခြေခံစားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **စုယဉ်ချစ်(ပြန်/ဆက်)**

## မိုးညိုမြို့နယ် ရေကင်းတိုက်နယ်ဆေးရုံ၌ အယ်လ်နီညိုနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်ထားရှိမှု ကြည့်ရှုစစ်ဆေး

**မိုးညို အောက်တိုဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် ကုသရေးဦးစီးဌာနအောက်ရှိ ဆေးရုံများတွင် အယ်လ်နီညိုနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိရာ ရေကင်းတိုက်နယ်ဆေးရုံသို့ အောက်တိုဘာ ၁၆ ရက်တွင် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မိုးညိုမြို့နယ် ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်မိုးနှင့် တာဝန်ရှိသူများက ရေကင်းတိုက်နယ်ဆေးရုံ၌ အပူဒဏ်ခံစားရသောလူနာများ ထားရှိရန်အတွက် အခန်းပြင်ဆင်မှု၊ ဆေးဝါးပစ္စည်းများစုဆောင်းထားရှိမှု၊ ရေသိုလှောင်နိုင်မှု၊ လျှပ်စစ်မီး၊



ဆိုလာစနစ်နှင့် အရန်မီးစက်ထားရှိမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုမင်း(ပြန်/ဆက်)**



ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် မီးဘေးလုံခြုံရေး စစ်ဆေးခြင်းနှင့် ဓာတ်တိုက်လေ့ကျင့်ခြင်းကို အောက်တိုဘာ ၁၈ ရက်က အောင်မေတ္တာရပ်ကွက်ရှိ မြို့မဈေးကြီး၌ ခရိုင်မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမင်းခိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမင်းမင်းသစ်နှင့် သန္နေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးဌာနမှ တာဝန်ရှိသူများက ဆောင်ရွက်စဉ်။

လူမော်(ပြန်/ဆက်)

# အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ် (၄) ဆူ ညောင်ရွှေမြို့ အဌဒိသာဓမ္မဝိဟာရ ဒေသစာရီ ကျောင်းတော်ကြီးသို့ ကြွချီအပူဇော်ခံ

**ညောင်ရွှေ အောက်တိုဘာ ၁၈**

အင်းလေး ဖောင်တော်ဦး မြတ်စွာဘုရား ရုပ်ရှင်တော်မြတ် (၄) ဆူ အင်းလေးဒေသ (၂၁) ဌာနသို့ ဒေသစာရီ ကြွချီအပူဇော်ခံလျက်ရှိရာ ယနေ့နံနက် ၇ နာရီတွင် ညောင်ရွှေမြို့နယ် လင်းကင်းကျေးရွာမှ အင်းလေးရိုးရာ ဘုရားဆွဲလှေ ၄၂ စင်းဖြင့် ညောင်ရွှေမြို့ အဌဒိသာဓမ္မဝိဟာရ ဒေသစာရီ ကျောင်းတော်ကြီးသို့ ကြွချီ အပူဇော်ခံလျက်ရှိကြောင်း သိရသည်။



ဦးစွာ ညောင်ရွှေမြို့ ဖောင်တော်ပြန် မဏ္ဍပ်ရှေ့ရှိ နန်းကပ်ချောင်းအတွင်း အင်းလေးအစုအဖွဲ့မှ ဆောင်ရွက်ထားသော စွမ်းအင်သုံးစွဲမှုလျှော့ချနိုင်ရေး၊ အင်းရေပြင်တွင် စက်ဆီများ ညစ်ညမ်းမှု လျှော့ချနိုင်ရေးအတွက် EV စက်လှေဖြင့် ကျောင်းကြို၊ ကျောင်းပို့နှင့် အင်းလေးဒေသထွက်ကုန် ဖြစ်သည့် ခရမ်းချဉ်သီး သယ်ယူပေးပို့မှု သရုပ်ပြသခြင်း၊ ဆွမ်းပို့လှေ သရုပ်ပြသခြင်း၊ ကိန္နရီကိန္နရာအက၊ အင်းတိုင်းရင်းသားအက၊ တိုးနရားအကတို့ဖြင့် ကပြဖျော်ဖြေနေမှုကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးနှင့်ဇနီး၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်ဇနီး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ၊ ပွဲတော်လာ ဧည့်ပရိသတ်များက ကြည့်ရှုအားပေးကြသည်။

ထို့နောက် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ် (၄)ဆူပင့်ဆောင်လာသည့်ကရဝိက်ဖောင်တော်သည် ညောင်ရွှေမြို့ နန်းကပ်ချောင်းအတိုင်း အင်းလေးရိုးရာဆွဲလှေများဖြင့် ညောင်ရွှေမြို့ ဖောင်တော်ဆိုက် ပြာသဒ်သို့ ဆိုက်ရောက်ပြီး ကရဝိက်ဖောင်တော်ပေါ်မှအင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ရုပ်ရှင်တော်မြတ် ပထမအဆူကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက လည်းကောင်း၊ ဒုတိယအဆူကို ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများက လည်းကောင်း၊ တတိယအဆူကို အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများက လည်းကောင်း၊ စတုတ္ထအဆူကို ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများနှင့် ပြည်နယ်ဥပဒေချုပ်တို့ကလည်းကောင်း ညောင်ရွှေမြို့အတွင်းသို့ လှည့်လည်အပူဇော်ခံမည့် မော်တော်ယာဉ်မှ ပြာသဒ်ပေါ်သို့ ပင့်ဆောင်ပူဇော်ကြသည်။

အင်းလေး ဖောင်တော်ဦး မြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များ ညောင်ရွှေမြို့အတွင်း လှည့်လည်အပူဇော်ခံနေစဉ် အင်းသားရိုးရာ လှေလှော်ပြိုင်ပွဲများ ကျင်းပရာ အမျိုးသား (၄၆) တက် အကြိုဗိုလ်လုပွဲနှင့်ဗိုလ်လုပွဲ၊ အမျိုးသားရာကျော်လှေ အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲ၊ ကျောင်းသား တစ်ဦးချင်း အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲ၊ ကျောင်းသား(၂၆)တက် ဗိုလ်လုပွဲနှင့် အမျိုးသမီး (၂၆) တက် ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကြရာ လှေအသင်းများက အားကြိုးမာန်တက် စည်းလုံးညီညွတ်မှု စိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲ ကျင်းပရာ တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့နှင့် ဆွမ်းပို့လှေအဖွဲ့ကို အင်းတိုင်းရင်းသားရေးရာ ဝန်ကြီးနှင့် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက လည်းကောင်း၊ တစ်ဦးချင်း လှေလှော်ပြိုင်ပွဲတွင် ဒုတိယနှင့် ပထမဆုရရှိသူများကို ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်က လည်းကောင်း၊ ကျောင်းသား(၂၆)တက်ပြိုင်ပွဲတွင် ဒုတိယဆု၊ ပထမဆုရရှိသည့် အသင်းများကို အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးက လည်းကောင်း၊ အမျိုးသား(၄၆)တက် ပြိုင်ပွဲတွင် ဒုတိယ၊ ပထမဆုရရှိသည့် အသင်းများကို ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက လည်းကောင်း၊ အမျိုးသမီး(၂၆)တက် ပြိုင်ပွဲတွင် ဒုတိယ၊ ပထမဆုရရှိသည့် အသင်းများကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ဇနီးက လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ပြီး ပြည်နယ်ဝန်ကြီးချုပ်က အမျိုးသားရာကျော် လှေလှော်ပြိုင်ပွဲတွင် ဒုတိယနှင့် ပထမဆုရရှိသည့် အသင်းများကို ဆုများပေးအပ် ချီးမြှင့်သည်။

ထိုမှတစ်ဆင့် ညောင်ရွှေမြို့ အဌဒိသာ ဓမ္မဝိဟာရစံကျောင်းတော်၌ အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော် မြတ်စွာဘုရားများအား ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်း၊ ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းပူဇော်ကြပြီး ညောင်ရွှေမြို့နယ် မိုင်းသောက် ဆရာတော်ကြီး အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီရုံး၌ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၈**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက စီစဉ်ကျင်းပသည့် သတင်းသမားဘဝ အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ အဆိုပါရုံးသင်တန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက သတင်းသမားဘဝ အသိပညာပေးဟောပြောမှုနှင့် ပတ်သက်၍ မိတ်ဆက်စကားပြောကြားပြီး မီဒီယာကောင်စီအတွင်းရေးမှူး ဦးလှထွန်းဦးက ဟောပြောမည့်သတင်းစာဆရာကြီးများ၏ ကိုယ်ရေးအကျဉ်းကို ဖတ်ကြားသည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ(၁) ဦးခင်မောင်ဇော်က သတင်းသမားဘဝဟောပြောပွဲကျင်းပမှု မှုဒိတာစကားကို ပြောကြားသည်။

ထို့နောက် သတင်းစာဆရာကြီး ဦးစိုးမြင့်(မော်ကျွန်းစိုးမြင့်)နှင့် သတင်းစာဆရာကြီး ဦးသန်းအောင်(သန်းအောင်နိုင်)တို့က သတင်းသမားဘဝအတွေ့အကြုံများကို ဟောပြောခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**




# ရေးမြို့နယ်၌ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

**ရေး အောက်တိုဘာ ၁၈**

မွန်ပြည်နယ် ရေးမြို့နယ် မီးသတ်ဦးစီးဌာန၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် တူးမြောင်းကျေးရွာအတွင်းရှိ စက်သုံးဆီအရောင်းဆိုင် သုံးဆိုင်အား ကွင်းဆင်းစစ်ဆေးသည်။

မြို့နယ်မီးသတ်ဦးစီးဌာနမှူးနှင့် တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနတာဝန်ရှိသူများက စက်သုံးဆီအရောင်းဆိုင်တာဝန်ခံများအား ပွင့်လင်းရာသီကာလရောက်ရှိပြီဖြစ်၍ မီးဘေးအန္တရာယ်လုံခြုံရေး ကြိုတင်ကာကွယ်ခြင်းအနေဖြင့် မီးသတ်ဆေးဘူး၊ ရေပုံး၊ သဲအိတ်၊ မီးချိတ်၊ မီးကပ်များ အဆင်သင့်ထားရှိရန်၊ စက်သုံးဆီများ ပြတ်လပ်မှုမရှိစေရေး၊ ရောင်းချပေးရာတွင် သတ်မှတ်ထားသောဈေးနှုန်း၊ အရည်အသွေး၊ အခြင်အတွယ်ပြည့်မီမှန်ကန်စွာရောင်းချရန် အသိပညာပေး စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရှင်းသန့်ဖြူ**



ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် စည်ပင်သာယာမြို့မဈေးအတွင်း၌ အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆောင်သည့် မီးသတ်ဝန်ထမ်းများက မီးငြိမ်းသတ်မှု လက်တွေ့ပြသခြင်း၊ ပြည်သူများအား လက်တွေ့မီးငြိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်စဉ်။ စောဒိ(ပြန်/ဆက်)



# ကြံခင်းမြို့နယ်၌ စားအုန်းဆီအရောင်းဈေးကားဖြင့် ကျေးရွာအရောက် ရောင်းချပေး



**ကြံခင်း အောက်တိုဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် မဲကုန်းကျေးရွာတွင် ယနေ့ညနေပိုင်းက ကျေးရွာနေအခြေခံပြည်သူများ စားအုန်းဆီများ သက်သာစွာဝယ်ယူနိုင်စေရန်အတွက် စားအုန်းဆီအရောင်းဈေးကားဖြင့် ကျေးရွာအရောက် သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ကြသည်။

## ကြည့်ရှုအားပေး

ထိုသို့ရောင်းချနေမှုများကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ထွန်းနှင့်အဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးကျော်နိုင်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီးဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင် ဦးကျော်ဝင်းမော်တို့က မြို့နယ်ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းမှ မဲကုန်းကျေးရွာရှိ အခြေခံပြည်သူများ စားအုန်းဆီများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူနိုင်ရန် စားအုန်းဆီ ပိဿာ ၁၁၀ ကို အိမ်ထောင်စု ၂၂၀ အတွက် စားအုန်းဆီသတ်မှတ်ရည်ညွှန်းဈေး တစ်ပိဿာလျှင် ၈၀၄၆ ကျပ်ဖြင့် အိမ်ထောင်စု တစ်စုလျှင် ၅၀ ကျပ်သားစီ ရောင်းချပေးနေမှု၊ စနစ်တကျ ဝယ်ယူနေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တောင်ဖျားဆီက မိုးညို့ညို့နှင့် ရေလှောင်တမံ၊ ရေပိုလွှဲများ ...

**အေးမြင့်ဆွေ(ဆည်/ရေ)**

မြစ်ချောင်းဖျား တောင်တန်းများဆီတွင် မိုးတိမ်များ မှောင်မည်းညို့မှိုင်းလာပါက သိပ်မကြာမီတွင် မြစ်ရေချောင်းရေများ တရိပ်ရိပ်တက်လာတော့မည့် လက္ခဏာဖြစ်သည်ဟု အဆိုရှိပါသည်။

ယခုအခါတွင် အယ်လ်နီညိုနှင့် လာနီညာကဲ့သို့သော အစွန်းရောက်ရာသီဥတုပြောင်းလဲမှုများကြောင့် စံချိန်တင်မိုးများ ရွာသွန်းခြင်း၊ အချိန်အခါမဟုတ် မိုးများရွာသွန်းခြင်းကဲ့သို့ ခန့်မှန်းရခက်သည့် မိုးလေဝသအခြေအနေများ တွေ့ကြုံလာရသည်။ တောင်ဖျားဆီတွင် လိုအပ်သည်ထက် ပိုသော မိုးညို့ညို့များ တစ်နှစ်ပြီးတစ်နှစ် တွေ့ကြုံလာနေကြရပါသည်။

ထိုကဲ့သို့ မိုးသည်းထန်စွာ ရွာသွန်းသောကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာသည့်အခါ ရေလှောင်တမံများရှိ ရေပိုလွှဲများမှ ရေများဖောက်ချ၍ ရေကြီးရသည်ဟု အချို့က နားလည်မှု လွဲတတ်ကြပါသည်။ ရေလှောင်တမံများ၏ ရေပိုလွှဲမှ ရေများကျော်ကျနေခြင်းသည် ရေကြီးမှုအတွက် စိုးရိမ်စရာဖြစ်သည်ဟုလည်း တွေးထင်မိတတ်ကြပါသည်။

မိမိကိုယ်တိုင်လည်း ရေလှောင်တမံ ရေပိုလွှဲများအကြောင်း သေချာစွာ မသိရှိရသေးခင်က ထိုသို့တွေးထင်ခဲ့ဖူးသည်ဖြစ်ရာ ဤဆောင်းပါးတွင် ရေပိုလွှဲများ၏ လုပ်ငန်းဆောင်တာ၊ အသုံးဝင် အကျိုးပြုမှုနှင့် ရေပိုလွှဲမှ ဒီဇိုင်းရေထုစီးနှုန်းအထိ ရေကျော်ခြင်းသည် စိုးရိမ်စရာအခြေအနေတစ်ခု မဟုတ်ပါကြောင်း နားလည်သိရှိသမျှ မျှဝေဖော်ပြပေးလိုပါသည်။

### ရေလှောင်တမံဆိုသည်မှာ

**ရေလှောင်တမံဆိုသည်မှာ မိုးရာသီတွင် မြစ်ချောင်းများမှတစ်ဆင့် ပင်လယ်အတွင်းသို့ အကျိုးမဲ့စီးဆင်းသွားမည့် မိုးရေများကို စိုက်ပျိုးရေပေးဝေရေး၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေး၊ မြို့ရွာများ သောက်သုံးရေဖူလုံစေရေး၊ ဒေသတစ်ခွင် စိမ်းလန်းစိုပြည်ရေးတို့အတွက် အကျိုးရှိစွာ အသုံးပြုနိုင်ရန် လိုအပ်သည့်ပမာဏအား စနစ်တကျ တွက်ချက်သိုလှောင်ထားသော ရေအား အဆောက်အအုံများ ဖြစ်ပါသည်။ စိုက်ပျိုးရေးကို အခြေခံတည်ဆောက်ထားသော မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ရေလှောင်တမံများ၏ အကျိုးပြုမှုသည် များစွာအရေးပါပါသည်။**

ရေလှောင်တမံ တည်ဆောက်ရာတွင် ရေဆင်းဧရိယာတစ်ခုလုံးမှ စီးဝင်ရေအားလုံးကို တမံအတွင်း ထိန်းချုပ်သိုလှောင်မည်ဆိုပါက ကြီးမားသော တမံအရွယ်အစားအတွက် ကုန်ကျစရိတ် များပြားခြင်း၊ အောက်ဘက်မြစ်ချောင်းများအတွင်းသို့ ရေစီးဆင်းမှု ရပ်တန့်သွားမည်ဖြစ်သဖြင့် မြစ်၏ ဂေဟစနစ် ပျက်စီးလာခြင်းများ ဖြစ်ပေါ်လာနိုင်သောကြောင့် ရေပေးဝေမည့် စိုက်ပျိုးဧရိယာ (သို့မဟုတ်) ရေအားလျှပ်စစ်ထုတ်လုပ်မှုအတွက် လိုအပ်သော ရေပမာဏအချို့အား ထိန်းသိမ်းသိုလှောင်ရန်သာ တည်ဆောက်လေ့ရှိကြပါသည်။

ရေလှောင်တမံများ တည်ဆောက်ထားခြင်းကြောင့် ရေဆင်းဧရိယာမှ စီးဆင်းလာသော ချောင်းရေများကို တမံ၏ ကန်ရေပြည့်ပမာဏအထိ ထိန်းသိမ်းထားနိုင်ပြီး တဖြည်းဖြည်း ထိန်းညှိရေလွှတ်နိုင်မှုကြောင့် တမံအောက်ဘက်ဒေသများတွင် ရေကြီးနစ်မြုပ်ခြင်း လျော့ပါးစေရန် များစွာ အထောက်အကူပြုနိုင်ပါသည်။ သိုလှောင်နိုင်သည့် ပမာဏထက်ကျော်သည့် တမံအတွင်း စီးဝင်ရေများမှာလည်း တမံရေဝပ်ဧရိယာသို့ စုဝင်ပျံ့နှံ့ရစ်ခွေပြီးမှ ရေပိုလွှဲမှတစ်ဆင့် ကျော်ကျစီးဆင်းရသဖြင့် ရေစီးအလျဉ် လျော့နည်းသွားနိုင်ပါသည်။

**တမံအောက်ဘက် ဒေသများသို့ ရေရောက်ရှိရန် စီးဆင်းရချိန်လည်း ကြာမြင့်သွားမည်ဖြစ်သောကြောင့် ရေဘေးအန္တရာယ်အတွက် အချိန်ယူကြိုတင်ပြင်ဆင်နိုင်ပါသည်။ ယနေ့ခေတ်တွင် ရာသီဥတုပြောင်းလဲမှုကြောင့် ရေကြီးခြင်းများကို ကမ္ဘာတစ်ဝန်း ခံစားနေကြရရာ တမံများကို စိုက်ပျိုးရေးနှင့် ရေအားလျှပ်စစ်အတွက်သာမက ရေဘေးကာကွယ်ရေးအတွက်ရေထိန်းတမံများအဖြစ်လည်း ကျယ်ပြန့်စွာ အသုံးပြုလာကြပါသည်။ မြန်မာနိုင်ငံရှိ ရေလှောင်တမံများသည်လည်း ရေထိန်းတမံများအဖြစ် တစ်ဖက်တစ်လမ်းမှ ထောက်ပံ့အကျိုးပြုလျက်ရှိပါသည်။**

> **❛ရေပိုလွှဲဟူသည်မှာ ရေများကျော်ကျရန် တကူးတကဒီဇိုင်းရေးဆွဲ တည်ဆောက်ထားရသည့် ရေအားအဆောက်အအုံဖြစ်၍ ရေပိုလွှဲမှ ရေကျော်ကျခြင်းသည် ယင်း၏ မူလတာဝန်အား ရိုးစင်းစွာ ထမ်းဆောင်နေခြင်းသာဖြစ်ပါသည်။ ထို့ကြောင့် ရေတံခွန်ကဲ့သို့ ရေများဖြာကျစီးဆင်းနေသော ရေပိုလွှဲများတွေ့ရှိပါက စိုးရိမ်စရာအခြေအနေဟု မယူဆသင့်ပါကြောင်း၊ ရေကျော်ကျနေသော ရေပိုလွှဲများသည် ရေလှောင်တမံခိုင်ခံ့မှုနှင့် သဘာဝပတ်ဝန်းကျင်အတွက် သွယ်ဝိုက်အကျိုးပြုလျက်ရှိနေပါကြောင်းနှင့် ရေပိုလွှဲများသည် တောင်ဖျားဆီမှ မိုးညို့ညို့အား တတ်စွမ်းသမျှ အန်တုခုခံလျက်ရှိ❜**

### ရေလှောင်တမံ၏ အစိတ်အပိုင်းများ

ရေလှောင်တမံတွင် အဓိက အစိတ်အပိုင်း သုံးမျိုးပါဝင်ပါသည်။ တမံကိုယ်ထည် (Dam Body)၊ ရေပိုလွှဲ (Spillway) နှင့် ရေထုတ်ပြွန် (Conduit) တို့ဖြစ်ပါသည်။

တမံကိုယ်ထည်အမြင့်ကို သတ်မှတ်ရာတွင် ထိုဒေသ၏ စီးဝင်ရေပမာဏ၊ ရေဝပ်ဧရိယာ၏ ရေသိုလှောင်နိုင်မှုနှင့် အနည်ကျနှုန်းများအပေါ်မူတည်၍ မိမိအသုံးပြုလိုသော ရေပမာဏကို သိုလှောင်နိုင်မည့်အနက်အပေါ်တွင် လှိုင်းဒဏ်ခံနိုင်သော ရေလွတ်အမြင့် ထည့်ပေါင်း၍ တမံအမြင့်ကို သတ်မှတ်ပါသည်။

သိုလှောင်ထားသည့် အသုံးပြုမည့်ရေများကို တမံကိုယ်ထည်၌ ထည့်သွင်းတည်ဆောက်ထားသော ရေထုတ်ပြွန်မှတစ်ဆင့် ဆည်ရေပေးမြောင်းများအတွင်းသို့ ထုတ်လွှတ်အသုံးပြုနိုင်ပါသည်။ ရေထုတ်ပြွန်အား ရေထိန်းမျှော်စင်မှ ဂိတ်တံခါးဖြင့် လိုအပ်သလို ထိန်းချုပ်ဖွင့်၊ ပိတ်နိုင်ပါသည်။ ထို့ကြောင့် ရေထုတ်ပြွန်သည် ရေလှောင်တမံ၏ ထိန်းချုပ်ဖွင့်၊ ပိတ်နိုင်သော ရေအားအဆောက်အအုံဖြစ်ပြီး ယင်းကိုလည်း စိုက်ပျိုးရေပေးဝေရန်အတွက်သာ ထိန်းချုပ်အသုံးပြုလေ့ရှိပါသည်။

ဤသို့ တမံအတွင်း စီးဝင်ရေများအနက် အချို့ကိုသာ အသုံးပြုရန် သိုလှောင်ထားနိုင်သည် ဖြစ်သောကြောင့် ထိုလိုအပ်သောပမာဏထက် ပိုသောရေများ ဖြတ်သန်းစီးဆင်းသွားနိုင်စေရန် ရေအားအဆောက်အအုံတစ်ခု တမံကိုယ်ထည်တွင် တပ်ဆင်ရန် လိုအပ်လာပါသည်။ ထိုရေအား အဆောက်အအုံမှာ ရေပိုလွှဲဖြစ်ပါသည်။

### ရေပိုလွှဲဆိုသည်မှာ

ရေပိုလွှဲအကြောင်း အနက်ဖွင့်ဆိုရာတွင် ၂၀၁၅ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့ ကြေးမုံသတင်းစာပါ ဆရာဘုန်းတင်လှိုင် ရေးသားခဲ့သော **“ရေပိုလွှဲဆိုသည်မှာ ရေဖောက်ချရသည့်အရာ မဟုတ်ဘဲ ကန်ရေပြည့်သိုလှောင်ပမာဏထက် ကျော်လွန်ပြီး စီးဝင်လာသောရေများ မူလမြစ်/ချောင်းများထဲသို့ စီးထွက်သွားစေရန် ထည့်သွင်းတည်ဆောက်ထားသော ရေအားအဆောက်အအုံဖြစ်သည်”** ဟူသော ရေးသားချက်ကို ပြန်လည်မျှဝေချင်ပါသည်။ တစ်နည်းအားဖြင့် လိုအပ်သည်ထက် ပိုလျှံသော ရေပိုများ ကျော်ကျစီးဆင်းရန်အတွက် အထူးဒီဇိုင်းပြုတည်ဆောက်ထားရသော ရေအားအဆောက်အအုံ ဖြစ်ပါသည်။ ထို့ကြောင့် ရေပိုလွှဲမှ ရေကျော်ကျနေခြင်းသည် ရေပိုလွှဲ၏ မဖြစ်မနေထမ်းဆောင်ရမည့် မူလတာဝန်သာဖြစ်ပြီး ထူးကဲစွာ စိုးရိမ်ရန်မလိုအပ်သော ဖြစ်စဉ်တစ်ခုသာ ဖြစ်ပါသည်။

ထို့ပြင် မြန်မာနိုင်ငံရှိ ရေလှောင်တမံအများစု၏ ရေပိုလွှဲများသည် ကန်ရေပြည့်မှတ် မရောက်မီတွင် ဖွင့်ချနိုင်သော ရေတံခါးများ တပ်ဆင်ထားခြင်းမရှိဘဲ ကန်ရေပြည့်မှတ်အထိ ရေအပြည့်သိုလှောင်၍ ထို့ထက်များပြားလာမှသာ သဘာဝအတိုင်း ကျော်ကျစီးဆင်းသွားစေရန် ဒီဇိုင်းရေးဆွဲထားကြခြင်းဖြစ်ပါသည်။ အနည်းစုရေပိုလွှဲများရှိ ရေပိုမိုလှောင်နိုင်ရန် တပ်ဆင်ထားသည့် ဂိတ်တံခါးများကိုလည်း စီးဝင်ရေအားချင့်ချိန်၍ စနစ်တကျတွက်ချက် ဖွင့်၊ ပိတ်နိုင်ရန် သတ်မှတ်လုပ်ထုံးလုပ်နည်းများ ရေးဆွဲစီမံဆောင်ရွက်ထားပြီးသည်နှင့်အညီ ဆောင်ရွက်ကြခြင်းဖြစ်ပါသည်။ ထို့ကြောင့် ချောင်းအထက်ပိုင်းတွင် မိုးများ၍ ရေပိုလွှဲမှ ရေကျော်ကျနေခြင်းသည် ဖောက်ချဖန်တီးနိုင်သော (သို့မဟုတ်) တားဆီးပိတ်ပင်နိုင်သော ဖြစ်စဉ်မျိုး မဟုတ်ဘဲ ရေပိုလွှဲ၏ သဘာဝဖြစ်စဉ်တစ်ခုသာဖြစ်ပါသည်။ ရေလှောင်တမံ/ ရေပိုလွှဲများသာ မရှိပါက ရေစီးဆင်းမှုသည် ပမာဏများစွာ ပိုမိုပြင်းထန်မည် ဖြစ်ပါသည်။

### ရေပိုလွှဲမှ ရေကျော်ခြင်း၏ အကျိုးများ

ရေများ ရေတံခွန်ကဲ့သို့ ကျော်ကျဖြာထွက်စီးဆင်းနေသော ရေပိုလွှဲတစ်ခု၏ အလှအပသည် ရေလှောင်တမံတစ်ခု၏ အပေါ်လွင်ဆုံး၊ စိတ်ဝင်စားဖွယ် အကောင်းဆုံးအစိတ်အပိုင်းတစ်ခု ဖြစ်ဖွယ်ရှိပါသည်။ ရေပိုလွှဲသည် တမံကိုယ်ထည်ခိုင်ခံ့မှုအတွက် များစွာအရေးကြီးသော အစိတ်အပိုင်းတစ်ခုလည်း ဖြစ်ပါသည်။ ရေပိုလွှဲမှ လုံလောက်သော ရေကျော်ကျစီးဆင်းမှုမရှိပါက သိုလှောင်ပမာဏထက် ကျော်လွန်လာသောရေများသည် တမံထိပ်မှ ကျော်ကျခြင်း (Overtopping)ကို ဖြစ်စေနိုင်ပြီး တမံကိုယ်ထည်ကြံ့ခိုင်မှုကို ထိခိုက်စေမည်ဖြစ်ပါသည်။

ရေပိုလွှဲမှ ရေကျော်ကျခြင်းသည် အောက်ဘက်မြစ်ချောင်းများ၏ သဘာဝအတိုင်း ရေစီးဆင်းမှုကို ဖြစ်ပေါ်စေသောကြောင့် ထိုမြစ်ချောင်းတို့၏ မူလသွင်ပြင်ပုံစံနှင့် ရေစီးဆင်းမှုအခြေအနေကို များစွာ အထောက်အပံ့ပေးပါသည်။ မြစ်ချောင်းများ၏ သက်စောင့်ရေ (Enviromental Flow) ကိုလည်း ဖန်တီးပေးပါသည်။ သက်စောင့်ရေဆိုသည်မှာ မြစ်ချောင်းများအတွင်းနှင့် မြစ်ချောင်းများအနီးရှိ သစ်ပင်ပန်းမန်နှင့် ရေနေသတ္တဝါတို့၏ သဘာဝရှင်သန်နေထိုင်မှုဖြစ်စဉ်အတွက် မရှိမဖြစ်လိုအပ်သော အခြေခံသဘာဝရေစီးဆင်းမှုဖြစ်ပါသည်။

အခြားအကျိုးကျေးဇူးတစ်ခုမှာ ရေလှောင်တမံအထက်ပိုင်းမှ ရေနေသတ္တဝါများသည် ရေပိုလွှဲမှ ရေကျော်ကျစီးဆင်းခြင်းနှင့်အတူ ရေလှောင်တမံအောက်ဘက်မြစ်ချောင်းများအတွင်းသို့ လွတ်လပ်စွာ ပျံ့နှံ့ရောက်ရှိ နေထိုင်ကြီးပြင်းနိုင်ကြခြင်းဖြစ်ပါသည်။ ငါးကဲ့သို့သော ရေနေသတ္တဝါများသည် တမံကိုယ်ထည်အောက်ခြေ ရေထုတ်ပြွန်မှဖြတ်သန်းနိုင်သည်ဆိုသော်လည်း တွေ့ရှိချက်များအရ တမံအောက်ခြေရေထု၏ အပူချိန်လျော့ကျမှုနှင့် အောက်ဆီဂျင်နည်းပါးစွာပါဝင်မှုကြောင့် ရေပိုလွှဲမှ စီးဆင်းရေနှင့်အတူသာ ပိုမိုရွှေ့ပြောင်းသွားလာကြကြောင်း သိရှိရပါသည်။

### ရေပိုလွှဲများ၏ ခိုင်ခံ့မှုအခြေအနေ

မြန်မာ့ဆည်တာတမံ တည်ဆောက်မှုသမိုင်းသည် ရှေးမြန်မာမင်းများလက်ထက် လယ်တွင်းကိုးခရိုင်မှ အစပြု၍ ကိုလိုနီခေတ်ကို ဖြတ်ကျော်ကာ ယခုလက်ရှိကာလအထိ ရှည်လျားတည်တံ့ခဲ့ပါသည်။ ရေအားအဆောက်အအုံများ တည်ဆောက်မှုနှင့် ရေအသုံးချမှု နည်းပညာများတွင်လည်း တိုးတက်ဖွံ့ဖြိုးစေရန် အစဉ်အားထုတ် ဆောင်ရွက်လျက်ရှိပါသည်။ ရှေးနှစ်များစွာကပင်စ၍ ပဲခူး-စစ်တောင်းတူးမြောင်း၊ တွံတေးတူးမြောင်းကဲ့သို့ ရေအသုံးချသွားလာမှု လမ်းကြောင်းသစ်များ၊ မိုးဗြဲ၊ မြစ်ကျိုးနှင့် တာဝကဲ့သို့သော လှေဝင်၊ လှေထွက်လမ်းကြောင်း (Navigation Locks) များ၊ များစွာသော ရေလှောင်တမံများအား တည်ဆောက်ထိန်းသိမ်း အသုံးပြုလျက်ရှိပါသည်။ ရေလှောင်တမံနှင့် ရေပိုလွှဲများတည်ဆောက်ရာတွင် စနစ်တကျစူးစမ်းလေ့လာမှုများ ဆောင်ရွက်၍ ကျွမ်းကျင်နည်းပညာရှင်များနှင့် တွက်ချက်ဆောင်ရွက်လျက်ရှိပါသည်။

ရေလှောင်တမံနှင့် ရေပိုလွှဲများ တည်ဆောက်ရာတွင် ထိုဒေသ၏ မိုးလေဝသနှင့် ရာသီဥတုအခြေအနေ၊ ရေကြီးမှုသမိုင်းအပေါ်မူတည်၍ ဇလဗေဒပညာရှင်များ တွက်ချက်ရရှိသော ဒီဇိုင်းရေထုစီးနှုန်းအချက်အလက်များ၊ အောက်ခံမြေအမျိုးအစားများ၊ ငလျင်ပြင်းအား စသည့်အချက်အလက်များကို စုစည်း၍ ခေတ်မီနည်းပညာဆော့ဖ်ဝဲများ အသုံးပြုတွက်ချက် တည်ဆောက်ထားကြပါသည်။

### ရေပိုလွှဲမှ ရေကျော်ခြင်းကို သတိပေးမှုများ

ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ရေပိုလွှဲမှ ရေစတင်ကျော်သည်နှင့် အလံအစိမ်းရောင်၊ ဒီဇိုင်းရေထုစီးနှုန်းအထိ ရေကျော်ပါက အလံအဝါရောင်၊ ဒီဇိုင်းရေထုစီးနှုန်းအထက် ရေကျော်ပါက အလံအနီရောင် စသည်ဖြင့် ရေပိုလွှဲထိပ်နှင့် **စာမျက်နှာ ၁၁ သို့** ❖

စာမျက်နှာ ၁၁ သို့

# တစ်ပတ်အတွင်း သတင်းအနှစ်ချုပ်

**စာတည်းအဖွဲ့**

အောက်တိုဘာ ၁၂ ရက်မှ ၁၈ ရက်အတွင်း ကြေးမုံသတင်းစာတွင်ဖော်ပြခဲ့သည့်သတင်းများအနက် စည်းကမ်းမဲ့လမ်းဖြတ်ကူးသူများကို အရေးယူ၊ ပြည်သူ့စစ်မှုထမ်းများအလုပ်အကိုင်ရရှိရေး၊ ဒေသဖွံ့ဖြိုးရေး၊ ပို့ဆောင်ရေး၊ ရေနံချက်စက်ရုံဖွင့်ပွဲ၊ ညနေခင်းဈေးဖွင့်လှစ်မည်၊ ငြိမ်းချမ်းရေး၊ အင်းသားရိုးရာ လှေလှော်ပြိုင်ပွဲ ကျင်းပ၊ ကျောက်မျက်ရတနာပြပွဲနှင့် အားကစား စသည့်သတင်းများကိုစုစည်း၍ တစ်ပတ်အတွင်း သတင်းအနှစ်ချုပ်အဖြစ် ဖော်ပြလိုက်ပါသည်။

## စည်းကမ်းမဲ့ လမ်းဖြတ်ကူးသူများကို အရေးယူ

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း လမ်းဖြတ်ကူးသူများသည် သတ်မှတ်ထားသည့် မြေအောက်လမ်း၊ ခုံးကျော်တံတား၊ လူကူးမျဉ်းကြားတို့မှသာ ဖြတ်ကူးရမည်ဖြစ်ပြီး စည်းကမ်းလိုက်နာခြင်းမရှိပါက အောက်တိုဘာ ၁၂ ရက်မှစ၍ ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၉၆ အရ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီက အသိပေးထားပြီး နှစ်ရက်အတွင်း စည်းကမ်းမဲ့လမ်းဖြတ်ကူးသူ ၃၅ ဦးကို အရေးယူခဲ့သည်။

## ပြည်သူ့စစ်မှုထမ်းများ အလုပ်အကိုင်ရရှိရေး

ပြည်သူ့စစ်မှုထမ်းများ ပြည်ပသို့ သွားရောက်လုပ်ကိုင်ရေး အစီအစဉ်အရ အောက်တိုဘာ ၇ ရက်တွင် ပထမဆုံး ပြည်သူ့စစ်မှုထမ်း တစ်ဦးကို မလေးရှားနိုင်ငံသို့ စတင်စေလွှတ်ခဲ့ပြီး လက်ရှိတွင် အလုပ်စတင်ဝင်ရောက်နေပြီဖြစ်သည်။ ထို့ပြင် မလေးရှားနိုင်ငံ ကုန်ထုတ်လုပ်ငန်းသို့ ငါးဦး၊ ထိုင်းနိုင်ငံ ကုန်ထုတ်လုပ်ငန်းသို့ ငါးဦးအား ဝန်ဆောင်ခသက်သာစွာ အမြန်ထပ်မံစေလွှတ်နိုင်ရေး အလုပ်သမားဝန်ကြီးဌာနက လိုင်စင်ရအေဂျင်စီများနှင့် ဆက်လက်ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း အောက်တိုဘာ ၁၂ ရက်တွင် သတင်းဖော်ပြခဲ့သည်။

## ဒေသဖွံ့ဖြိုးရေး

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် အောက်တိုဘာ ၁၃ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးမှာကြားခဲ့ပြီး ဒေသထွက်ကုန်ပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခြင်းနှင့် နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးရုံတက်ရောက်ကုသနေသူများအား ချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများပေးအပ်ခဲ့သည်။

## ပို့ဆောင်ရေး

သီတင်းကျွတ်ရုံးပိတ်ရက်ကာလ ခရီးသွားပြည်သူများ အဆင်ပြေစေရန် ရန်ကုန်-နေပြည်တော်၊ ရန်ကုန်-မော်လမြိုင်၊ ရန်ကုန်-ပြည် စသည့်လမ်းပိုင်းများ၌ အထူးရထားများ တိုးချဲ့ပြေးဆွဲပေးမည့်အပြင် ပုံမှန်ရထားများတွင်လည်း လူစီးတွဲများ ထပ်တိုးချိတ်ဆက် ပြေးဆွဲပေးမည်ဖြစ်ပြီး ရေကျော်မှုကြောင့် ယာယီရပ်နားထားရသည့် ပုသိမ်-ဟင်္သာတ- ကြံခင်း ရထားလမ်းပိုင်းပြုပြင်ရေးလုပ်ငန်းများ ပြီးစီးသွားပြီဖြစ်၍ အဆိုပါလမ်းပိုင်း လူစီးအမြန်ရထားခရီးစဉ်များကို ပုံမှန်ပြန်လည်ပြေးဆွဲပေးလျက်ရှိကြောင်း အောက်တိုဘာ ၁၆ ရက်တွင် သတင်းဖော်ပြခဲ့သည်။

## ရေနံချက်စက်ရုံဖွင့်ပွဲ

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန သန်လျင်ရေနံချက်စက်ရုံ (အပိုင်း- ၁) ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းတွင် သန်လျင်မြို့ရှိ စက်ရုံနေရာ၌ ကျင်းပခဲ့ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ပြီး သန်လျင်ရေနံချက်စက်ရုံ အပိုင်း (၂) ဆက်လက်တည်ဆောက်မည့်အခြေအနေများနှင့် စွမ်းအင်ပြတိုက်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

## ညနေခင်းဈေးဖွင့်လှစ်မည်

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ သီတာရပ်ကွက် လောကမာရ်အောင် ဆုတောင်းပြည့်စေတီတော်ဆိပ်ကမ်းမှ စီတာပူရပ်ကွက် ရော့ဝတီရှုခင်းသာ အပန်းဖြေစခန်းနေရာအထိ ဧရာဝတီမြစ်ကမ်းဘေး မြေရိုးယာ ကိုးကေကျော်တွင် ရိုးရာအစားအစာဆိုင်များ၊ ကလေးကစားကွင်းနှင့် ယာဉ်ရပ်နားကွင်းတို့ပါဝင်မည့် ညနေခင်းဈေးဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်နေမှုကို ကချင်ပြည်နယ်ဝန်ကြီးချုပ်က အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

## ငြိမ်းချမ်းရေး

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၁၁) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားနှင့် "ငြိမ်းချမ်းရေး၊ လူမှုသဟဇာတဖြစ်ရေးမှ ဖွံ့ဖြိုးတိုးတက်ရေးဆီသို့" အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၅ ရက်တွင် နေပြည်တော် Horizon Lake View ဟိုတယ်၌ ကျင်းပခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

## အင်းသားရိုးရာ လှေလှော်ပြိုင်ပွဲ ကျင်းပ

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေး ဖောင်တော်ဦး မြတ်စွာဘုရားရုပ်ရှင်တော်မြတ်များ ဒေသစာရီကြွချီပူဇော်ခံသည့် ပွဲတော်ကာလအတွင်း အင်းသားရိုးရာလှေလှော်ပြိုင်ပွဲ အုပ်စုအဆင့်ပြိုင်ပွဲများကို အောက်တိုဘာ ၁၆ ရက်တွင် အင်းလေးကန်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

## ကျောက်မျက်ရတနာပြပွဲ

နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက ကျင်းပသည့် ၂၀၂၆ ခုနှစ် (၆၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောက်တိုဘာ ၁၇ ရက်တွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ရာ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ပြီး ပုလဲ ၆၂၉ တွဲ၊ ကျောက်မျက်တွဲ ၇၀၊ ကျောက်စိမ်းအုပ်စု (A နှင့် B) ၁၃၄၉ တွဲနှင့် ကျောက်စိမ်းအုပ်စု (C) ၁၄၀၈ တွဲတို့ကို အသီးသီး ရောင်းချနိုင်ခဲ့သည်။

## အားကစား

၂၀၂၇ အာရှဖလား ယူ-၁၇ အမျိုးသမီးခြေစစ်ပွဲ အုပ်စု (G) နောက်ဆုံးပွဲစဉ်ကို အောက်တိုဘာ ၁၁ ရက်တွင် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ကျင်းပခဲ့ရာ မြန်မာအသင်းက ဟောင်ကောင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အုပ်စုပထမဖြင့် အာရှဖလားပြိုင်ပွဲ နောက်ဆုံးအဆင့်သို့ တက်ရောက်ခွင့်ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲများကို အောက်တိုဘာ ၁၆ ရက်တွင် နေပြည်တော်၌ ကျင်းပခဲ့ရာ အမျိုးသား ၂၀ ကီလိုမီတာ လမ်းလျှောက်ပြိုင်ပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သန့်စင်အောင် (စံချိန် ၁:၃၃.၁၄ စက္ကန့်) နှင့် အမျိုးသမီး ၂၀ ကီလိုမီတာ လမ်းလျှောက်ပြိုင်ပွဲတွင် အားကစားရေးရာဝန်ကြီးဌာနမှ သဲနုအောင် (စံချိန် ၁:၄၅.၂၆ စက္ကန့်) တို့သည် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ ရွှေတံဆိပ်ဆုရ စံချိန်များထက် သာလွန်ကောင်းမွန်သည့် စံချိန်သစ်များ စိုက်ထူနိုင်ခဲ့သဖြင့် မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်က တစ်ဦးလျှင် ဂုဏ်ပြုဆုငွေ ကျပ်သိန်း ၁၀၀ စီ ပေးအပ်ချီးမြှင့်ခဲ့သည်။

# ပင်လောင်းမြို့နယ်၌ အယ်လ်နီညိုအန္တရာယ်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ပင်လောင်း အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်တွင် အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် ကြုံတွေ့နိုင်သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးလုပ်ငန်းများကို ယမန်နေ့တွင် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက မြို့မဈေးနှင့် မင်းလမ်းပေါ်၌ ကွင်းဆင်းဆောင်ရွက်ကြသည်။



မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ ကျန်းမာရေးဝန်ထမ်းများနှင့် တာဝန်ရှိသူများက အယ်လ်နီညိုအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေးနှင့် ဆောင်ရန်/ ရှောင်ရန်များပါရှိသည့် အသိပညာပေး လက်ကမ်းစာစောင် ဖြန့်ဝေခြင်းနှင့် အသိပညာပေး ဆော်သြမှုများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဝိုင်းမော်မြို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ဝိုင်းမော် အောက်တိုဘာ ၁၈**

ဝိုင်းမော်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ဝိုင်းမော်မြို့ မိုင်းနားကျေးရွာ ရွှေမိုးတောင်စေတီပရိဝုဏ်အတွင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် ဝိုင်းမော်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့မရဲစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့်တာဝန်ရှိသူများက ရွှေမိုးတောင်စေတီပရိဝုဏ်အတွင်း၌ ချုံနွယ်ပိတ်ပေါင်းများနှင့် သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ဘုရားပန်း၊ ဆီမီးကပ်လှူပူဇော်ခြင်း၊ ရေသပ္ပာယ်ခြင်း၊ စေတီတော်ရင်ပြင်သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ အမှိုက်သရိုက်များ စနစ်တကျစွန့်ပစ်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အဆီး(ပြန်/ဆက်)**

❖ စာမျက်နှာ ၁၀ မှ

ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများတွင် အလံစိုက်ထူ၍ အများပြည်သူများအား သိရှိရန် အသိပေးလေ့ရှိပါသည်။ ဤသို့ အလံများ စိုက်ထူရာတွင် ရေပိုလျှံမှု ဒီဇိုင်းရေထုစီးနှုန်းအထက်အထိ ရေကျော်ကျလာခြင်းသည်သာ စောင့်ကြည့်ရမည့် စိုးရိမ်သင့်သော အခြေအနေဖြစ်ပြီး ကျန်အခြေအနေများတွင် ရေပိုလျှံမှု ရေကျော်ကျခြင်းသည် များစွာစိုးရိမ်ဖွယ် အခြေအနေမဟုတ်ပါ။

ဒီဇိုင်းရေထုစီးနှုန်းအထက်အထိ ရေကျော်ကျလာသည့်အခြေအနေတွင်မူ မိမိဒေသ၏ လက်တွေ့ဖြစ်ပေါ်နေသော ရေဘေးအန္တရာယ်နှင့် လိုက်လျောညီထွေသည့် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများ အချိန်မီဆောင်ရွက်ရမည်ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးရှိ အချို့ရေလှောင်တမံများ၌ ထူးကဲမိုးများ ရွာသွန်းခြင်းကြောင့် ဒီဇိုင်းရေထုစီးနှုန်းထက် ရေများစွာ ကျော်ကျခဲ့သောဖြစ်စဉ်များတွင်မူ ရေပိုလျှံများသည် ကြံ့ကြံ့ခံရပ်တည်နိုင်ခဲ့ပါသည်။

ထို့ကြောင့် အချုပ်အားဖြင့် **ရေပိုလျှံဟူသည်မှာ ရေများကျော်ကျရန် တကူးတက ဒီဇိုင်းရေးဆွဲတည်ဆောက်ထားရသည့် ရေအားအဆောက်အအုံဖြစ်၍ ရေပိုလျှံမှ ရေကျော်ကျခြင်းသည် ယင်း၏မူလတာဝန်အား ရိုးစင်းစွာ ထမ်းဆောင်နေခြင်းသာဖြစ်ပါသည်။ ထို့ကြောင့် ရေတံခွန်ကဲ့သို့ ရေများ ဖြာကျစီးဆင်းနေသော ရေပိုလျှံများ တွေ့ရှိပါက စိုးရိမ်စရာအခြေအနေဟု မယူဆသင့်ပါကြောင်း၊ ရေကျော်ကျနေသော ရေပိုလျှံများသည် ရေလှောင်တမံခိုင်ခံ့မှုနှင့် သဘာဝပတ်ဝန်းကျင်အတွက် သွယ်ဝိုက်အကျိုးပြုလျက်ရှိနေပါကြောင်းနှင့် ရေပိုလျှံများသည် တောင်ဖျားဆီမှ မိုးညို့ညို့အား တတ်စွမ်းသမျှ အန်တုခုခံလျက်ရှိပါကြောင်း သိရှိသမျှ မျှဝေရေးသားအပ်ပါသည်။** ။

ကိုးကား-

ဆည်မြောင်းဦးစီးဌာနမှ ၂၀၁၅ ခုနှစ် ဩဂုတ်လ ၁ ရက် ကြေးမုံသတင်းစာတွင် ဖော်ပြခဲ့သည့် ဆရာဘုန်းတင်လှိုင် ရေးသားသော "ရေပိုလျှံ ဆိုသည်မှာ..." ဆောင်းပါး

# သထုံမြို့နယ်၌ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

သထုံ အောက်တိုဘာ ၁၈

မွန်ပြည်နယ် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကတိုက်ကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယမန်နေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကတိုက်ကလေးကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား အသင်းသူ ၁၁၂ ဦးအား ငွေကျပ် ၄၂ ဒသမ ၅၅ သန်း ထုတ်ချေးထားကြောင်း သိရသည်။ သုတ



# မိုင်းရယ်မြို့နယ်၌ မိုးစပါး စံကွက်ရိတ်သိမ်း

မိုင်းရယ် အောက်တိုဘာ ၁၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန နှင့် မြေစာရင်းဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် မိုးစပါးတစ်ဧကလျှင် တင်း ၁၀၀ အထွက်နှုန်းရရှိရေး စံကွက်ရိတ်သိမ်းခြင်းကို ယနေ့နံနက်ပိုင်း က နားဖျိုင်းကျေးရွာရှိ တောင်သူသုံးဦး၏ ၁၀ ဧကစံပြကွက်တွင်ပြုလုပ် သည်။

ထိုသို့ပြုလုပ်ရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ် မြေစာရင်းဦးစီးဌာနတို့မှ ဝန်ထမ်းများက ခြွေလှေ့သန့်စင်ခြင်း၊ အစိုခာတ် တိုင်းတာခြင်းများဆောင်ရွက်ခဲ့ရာ မိုးစပါးစံပြကွက်မှ တစ်ဧကလျှင် (အစို) ၁၁၆ ဒသမ ၅၁ တင်း၊ (အခြောက်) ၁၀၈ ဒသမ ၈၉ တင်း ထွက်ရှိ ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



ကရင်ပြည်နယ် မြဝတီမြို့ ဘုရင့်နောင်မြို့မဈေးကြီးအတွင်း၌ မီးဘေး အန္တရာယ်ကြိုတင်ကာကွယ်ရေး ဓာတ်တိုက်လေ့ကျင့်သရုပ်ပြခြင်းကို မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင် များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဈေးသူ ဈေးသားများက အောက်တိုဘာ ၁၇ ရက်တွင် ဆောင်ရွက်စဉ်။

ဆောင်းနှင်းဖြူ(ပြန်/ဆက်)



အမရပူရမြို့နယ်၌ အပူဒဏ်ကာကွယ်ရေး အသိပညာပေးလက်ကမ်း စာစောင်များကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် အောက်တိုဘာ ၁၄ ရက်တွင် အမရပူရမြို့ မှန်တန်း ရပ်ကွက် စစ်ကိုင်း – မန္တလေးကားလမ်းမကြီးပေါ်တွင် မြို့နယ်စီမံခန့် ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းသန့်ဇင်မျိုးနှင့် အဖွဲ့ဝင် များက ဖြန့်ဝေပေးစဉ်။ လှဲ့လှဲ့ခိုင်(အမရပူရ)

# လုပ်ငန်းဆိုင်ရာ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ကိုက်ညီမှုရှိစေရေးအတွက် OSSC ဌာနဆိုင်ရာအဖွဲ့များက စနစ်တကျစစ်ဆေးဆောင်ရွက်ရန် ဒုတိယဝန်ကြီး ဦးဝင်းမြင့်ခိုင် မှာကြား



နေပြည်တော် အောက်တိုဘာ ၁၈

လုပ်ငန်းဆိုင်ရာ သတ်မှတ်စည်းကမ်းချက်များနှင့် အညီ ကိုက်ညီမှုရှိစေရေးအတွက် OSSC ဌာနဆိုင်ရာအဖွဲ့များက စနစ်တကျ စစ်ဆေးဆောင်ရွက်ရန် မြန်မာ အထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟို လုပ်ငန်းအဖွဲ့ အတွင်းရေးမှူး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်ခိုင်က ယနေ့နံနက်ပိုင်း တွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်သီလဝါအထူး စီးပွားရေးဇုန် အစည်းအဝေးခန်းမ ၌ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ One Stop Service Center – OSSC ဌာနများမှတာဝန်ခံ များနှင့် တွေ့ဆုံစဉ်မှာကြားသည်။

ထို့ပြင် ပို့ကုန်တိုးမြှင့်တင်ပို့နိုင် ရေး၊ ကုန်သွယ်မှု လွယ်ကူချောမွေ့ စေရေးအတွက် ကြိုးပမ်း ဆောင်ရွက်ကြရန်၊ လုပ်ငန်း ဆောင်ရွက်ရာတွင် နိုင်ငံ့အကျိုးကို ရှေးရှု၍ စိတ်ကောင်း စေတနာ ကောင်းဖြင့် ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ သီလဝါ အထူး စီးပွားရေးဇုန်အတွင်း အကောက် ခွန်ဆိုင်ရာ ရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်နေသည့် Thilawa Global Logistics Co.,Ltd. ကို လည်းကောင်း၊ သီလဝါဆိပ်ကမ်း ရှိ Myanmar International Terminals Thilawa Port – MITT ကိုလည်းကောင်း ကြည့်ရှုစစ်ဆေး ပြီး ကုန်ပစ္စည်းကွန်တိန်နာများ ရောက်ရှိခြင်း၊ ထုတ်ယူခြင်း၊ တင်ပို့ ခြင်းတို့ကို စနစ်တကျ မှန်ကန်စွာ စာရင်းရေးသွင်း မှတ်တမ်းထားရှိ ရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# သဲကုန်းမြို့နယ်၌ အယ်လ်နီညိုအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး



သဲကုန်း အောက်တိုဘာ ၁၈

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများအနေဖြင့် အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်မှုကြောင့် စိုက်ပျိုး ထုတ်ကုန် ထုတ်လုပ်မှုကဏ္ဍအပေါ် သက်ရောက်နိုင်မှုများအား ကြိုတင် ကာကွယ်နိုင်ရန် ရည်ရွယ်၍ အယ်လ်နီညိုအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူးက ဒေသခံတောင်သူများအား အယ်လ်နီညိုအန္တရာယ်သည် စိုက်ပျိုးရေးကဏ္ဍအပေါ် သိသိသာသာသက်ရောက်မှုရှိပြီး သီးနှံအထွက် နှုန်းလျော့ကျခြင်းနှင့် စားရေရိက္ခာဖူလုံမှုကို ခြိမ်းခြောက်မှုများဖြစ်ပေါ် လာနိုင်သည့်အတွက် ပိုမိုကောင်းမွန်သောစိုက်ပျိုးရေးနှင့် စားရေရိက္ခာ ဖူလုံမှုရရှိစေရန်၊ ဆန်စပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ အထွက်နှုန်း ကျဆင်းမှုမရှိစေရန်၊ အယ်လ်နီညိုအန္တရာယ် သက်ရောက်နိုင်မှုများအား ကြိုတင်ကာကွယ်နိုင်ရန်အချက်များ၊ ဖြစ်ပွားချိန်တွင် လုပ်ကိုင် ဆောင်ရွက်ရမည့်အချက်များနှင့် ဆောင်ရန်/ရှောင်ရန်အချက်များကို အသိပညာပေးဟောပြောပြီး မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရ သည်။

မြို့နယ်(ပြန်/ဆက်)

# ပဲမျိုးစုံနှင့် လယ်ယာထွက်ကုန်များ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်စေရေး အသိပညာပေး



ရန်ကုန် အောက်တိုဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီး သုံးခွ မြို့နယ်တွင် ပဲမျိုးစုံနှင့်လယ်ယာ ထွက်ကုန်များ ပိုးသတ်ဆေး ဓာတ်ကြွင်းကင်းစင်စေရေး အသိ ပညာပေးဆွေးနွေးပွဲကို အမှတ် (၇)ရပ်ကွက် လေးကျွန်းမာရ် အောင်စေတီတော် ဓမ္မာရုံ၌ အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်း က ပြုလုပ်သည်။

အခမ်းအနားတွင် ခရိုင်စိုက်ပျိုး ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာဝင်းသန်းက အမှာ စကားပြောကြားပြီး မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးသန်းက အယ်လ်နီညိုသဘာဝ ဘေးအန္တရာယ်ကြောင့် သီးနှံများ ထိခိုက်ပျက်စီးမှုမရှိစေရန် ကြိုတင် ကာကွယ်ရေး နည်းပညာဆွေးနွေး ခြင်း၊ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်အပင်ဌာန အငြိမ်းစား ပါမောက္ခ ဒေါက်တာမြင့်လွင်က ပဲမျိုးစုံနှင့် လယ်ယာထွက်ကုန် များကို ပိုးသတ်ဆေးဓာတ်ကြွင်း ကင်းစင်စေရေး အသိပညာပေး ဆွေးနွေးခြင်းတို့ကို ဆောင်ရွက် သည်။ ထို့နောက် Golden Star ကုမ္ပဏီမှ မန်နေဂျင်း ဒါရိုက်တာက Golden Star ထုတ်ကုန်များနှင့် ပတ်သက်၍ ရှင်းလင်းမိတ်ဆက် သည်။ ယင်းနောက်တောင်သူများ ၏ မေးမြန်းမှုများကို ရှင်းလင်း ဆွေးနွေးသည်။

ဆက်လက်၍ မြေဆီလွှာ ပညာရှင် ဒေါ်လွင်မွန်ဖူးက မြေနမူနာများ စစ်ဆေးခြင်းနှင့် Soil Scanner စက်အသုံးပြုခြင်း ကို သရုပ်ပြရှင်းလင်းခဲ့ကြောင်း သိရသည်။

ကျော်ဆန်း



အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈)နှစ်မြောက် နှစ်ပတ်လည် နေ့ကို ကြိုဆိုသောအားဖြင့် တံတားဦးခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ တံတားဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများက အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းတွင် တံတားဦးမြို့ အမှတ်(၃) ရပ်ကွက် ရွှေသာလျောင်းဘုရားဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

## ထရမ့်က ကြားဖြတ်ရွေးကောက်ပွဲမတိုင်မီ မဲဆွယ်စည်းရုံးပွဲများ ပြုလုပ်



**ဝါရှင်တန် အောက်တိုဘာ ၁၈**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကင်တပ်ကီပြည်နယ်၌ လူထုစုဝေးပွဲတစ်ရပ် ပြုလုပ်ခဲ့ပြီး ကြားဖြတ်ရွေးကောက်ပွဲတွင် ရီပတ်ဘလစ်ကန်ပါတီ အနိုင်ရရှိပါက ကာကွယ်ရေးဝန်ကြီးဌာနက အဆိုပါ ပြည်နယ်ရှိ ဆေးဝါးထုတ်လုပ်ရေးစက်ရုံတစ်ခုတွင် ရင်းနှီးမြှုပ်နှံသွားမည်ဟု ကတိပြုပြောကြားခဲ့သည်။

ထို့ပြင် အရွယ်ရောက်ပြီးသူ နိုင်ငံသားတစ်ဦးစီအား အမေရိကန်ဒေါ်လာ ၅၀၀၀ ပေးအပ်မည့် ၎င်း၏ "ထရမ့် အကျိုးအမြတ်ဝေစု" (Trump dividend) အစီအစဉ်ကိုလည်း ထပ်မံပြောကြားခဲ့သည်။

ကင်တပ်ကီပြည်နယ်သည် ပုံမှန်အားဖြင့် ရီပတ်ဘလစ်ကန်ပါတီအားကောင်းသည့် နယ်မြေတစ်ခုဖြစ်သည်။ သို့သော် ကုန်ဈေးနှုန်းများ မြင့်တက်လာမှုကြောင့် ကြိုးစားလုပ်ကိုင်စားသောက်နေသည့် မိသားစုများ အခက်အခဲကြုံတွေ့နေရချိန်တွင် ထရမ့်သည် မမှန်ကန်သော ကတိများပေးနေပြီး ဘဝအခြေအနေများ ယခင်ကထက် ပိုမိုကောင်းမွန်နေသည်ဟု ပြောဆိုနေကြောင်း ဒီမိုကရက်တစ်ပါတီဝင် ပြည်နယ်အုပ်ချုပ်ရေးမှူး အန်ဒီဘီရှီးယားက ဝေဖန်ခဲ့သည်။

ထရမ့်သည် အိုဟိုင်းယိုးပြည်နယ်တွင်လည်း လူထုစုဝေးပွဲတစ်ရပ်သို့ တက်ရောက်ခဲ့သည်။ အဆိုပါပြည်နယ်တွင် ရွေးကောက်ပွဲဆိုင်ရာ လူထုသဘောထားစစ်တမ်းများအရ ယှဉ်ပြိုင်မှုမှာ အကြိတ်အနယ်ရှိနေပြီး မည်သူအနိုင်ရမည်ကို ခန့်မှန်းရန် ခက်ခဲလျက်ရှိသည်။ ထရမ့်က အိုဟိုင်းယိုးပြည်နယ်တွင် ရေတပ်ရေငုပ်သင်္ဘော ပြုပြင်ရေးစက်ရုံတစ်ခု တည်ဆောက်ပေးမည်ဟု ကတိပြုခဲ့သည်။

ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပရန် နှစ်ပတ်ခန့်သာ လိုတော့ချိန်တွင် ထရမ့်သည် နိုင်ငံတစ်ဝန်း လှည့်လည်ကာ မဲဆွယ်စည်းရုံးရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ၎င်း၏ လူထုထောက်ခံမှုနှုန်း နိမ့်ကျနေခြင်းကြောင့် ရွေးကောက်ပွဲမတိုင်မီ မဲဆွယ်စည်းရုံးမှုများကို ပိုမိုအရှိန်မြှင့်တင်လာသည်ဟု ယူဆရကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ဗီယက်နမ်နှင့် ဥရောပ လွတ်လပ်သောကုန်သွယ်မှုအသင်းတို့အကြား လွတ်လပ်သောကုန်သွယ်မှု သဘောတူညီချက် လက်မှတ်ရေးထိုး

**ဟန္နိုင်း အောက်တိုဘာ ၁၈**

ဗီယက်နမ်နိုင်ငံနှင့် ဥရောပ လွတ်လပ်သော ကုန်သွယ်မှုအသင်း (EFTA) တို့သည် ဟန္နိုင်းမြို့တော်၌ လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက် တစ်ရပ်ကို ယနေ့လက်မှတ်ရေးထိုးခဲ့ကြောင်း ဗီယက်နမ် သတင်းအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

ဥရောပ လွတ်လပ်သော ကုန်သွယ်မှုအသင်းအဖွဲ့တွင် နော်ဝေ၊ ဆွစ်ဇာလန်၊ အိုက်စလန်နှင့် လစ်ချ်တင်စတိန်းနိုင်ငံတို့ ပါဝင်သည်။

သဘောတူညီချက် အသက်ဝင်လာပါက ဥရောပ လွတ်လပ်သောကုန်သွယ်မှုအသင်း အဖွဲ့ဝင်နိုင်ငံများသည် ဗီယက်နမ်နိုင်ငံမှ တင်သွင်းသည့် စက်မှုကုန်ပစ္စည်းများနှင့် ရေထွက်ကုန်များအပေါ် သွင်းကုန်ခွန် ကင်းလွတ်ခွင့်ပြုမည်ဖြစ်သည်။ ဗီယက်နမ်နိုင်ငံကလည်း ၎င်းနိုင်ငံများမှ တင်သွင်းသည့် အလားတူကုန်ပစ္စည်းအများစုအပေါ် အခွန်များကို ၁၁ နှစ်အတွင်း တဖြည်းဖြည်းလျှော့ချခြင်း သို့မဟုတ် ဖယ်ရှားခြင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း အစိုးရဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ထို့ပြင် ဒိန်ခဲ၊ ကော်ဖီနှင့် ချောကလက်အပါအဝင် စိုက်ပျိုးရေးထွက်ကုန်များကိုလည်း ကူးပြောင်းကာလ အများဆုံး ၁၆ နှစ် သတ်မှတ်၍ ဗီယက်နမ်ဈေးကွက်သို့ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းခွင့်ပြုမည်ဖြစ်သည်။

အဆိုပါ သဘောတူညီချက်သည် အကောက်ခွန်ဆိုင်ရာ လုပ်ထုံး လုပ်နည်းများကို ရိုးရှင်းလွယ်ကူစေပြီး ခေတ်မီစေရန်လည်း ရည်ရွယ်သည်။ ထို့ပြင် စိုက်ပျိုးရေး၊ သတ္တုတူးဖော်ရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများအပါအဝင် သတ်မှတ်ထားသော ဝန်ဆောင်မှုမဟုတ်သည့် ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံသူများကို ခွဲခြားချက်အချို့ဖြင့် ပြည်တွင်းရင်းနှီးမြှုပ်နှံသူများနှင့် တန်းတူဆက်ဆံခွင့်ပေးရန်၊ ကုန်သွယ်မှုဆိုင်ရာ ပွင့်လင်းမြင်သာမှု မြှင့်တင်ရန်နှင့် နည်းပညာဆိုင်ရာ အတားအဆီးများ လျှော့ချရန်လည်း ပါဝင်သည်။

ဗီယက်နမ်နှင့် ဥရောပ လွတ်လပ်သော ကုန်သွယ်မှုအသင်း အဖွဲ့ဝင်နိုင်ငံများအကြား နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏသည် တစ်နှစ်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံနီးပါးရှိကြောင်း ဗီယက်နမ် သတင်းအေဂျင်စီ၏ ဖော်ပြချက်အရ သိရသည်။

ဗီယက်နမ်နိုင်ငံသည် ရေထွက်ကုန်များ၊ ဖိနပ်များ၊ အထည်အလိပ်များ၊ စက်ယန္တရားများနှင့် အီလက်ထရွန်နစ်ပစ္စည်းများကို အဓိကတင်ပို့ပြီး စက်မှုလုပ်ငန်းသုံး စက်ကိရိယာများ၊ ဓာတုပစ္စည်းများ၊ ဆေးဝါးများနှင့် ကုန်ထုတ်လုပ်မှုဆိုင်ရာ ကုန်ကြမ်းပစ္စည်းများကို အဓိကပြန်လည်တင်သွင်းလျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ် ပထမကိုးလအတွင်း ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ကန်ဒေါ်လာ ၅ ဒသမ ၉၂ ဘီလီယံရှိလာ

**ဖနောင်ပင် အောက်တိုဘာ ၁၈**

ကမ္ဘောဒီးယားနိုင်ငံတွင် ယခုနှစ် ပထမကိုးလအတွင်း ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ကန်ဒေါ်လာ ၅ ဒသမ ၉၂ ဘီလီယံ ရှိခဲ့ပြီး စီးပွားရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများ သိသာစွာမြင့်တက်ခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါကောင်စီအနေဖြင့် ယခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှုစီမံကိန်းပေါင်း ၃၈၂ကို ခွင့်ပြုပေးခဲ့ကာ အလုပ်အကိုင်နေရာ ၂၁၇၀၀၀ ကို ဖန်တီးပေးခဲ့ကြောင်း သိရသည်။ စက်မှုလုပ်ငန်းကဏ္ဍသည် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမောင်းနှင်အားကို အခြေခံမြှင့်တင်ပေးနေသည့်ကဏ္ဍဖြစ်ပြီး အခြား အဓိကကဏ္ဍများဖြစ်သည့် စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်း၊ ခရီးသွားလုပ်ငန်းနှင့် အခြေခံအဆောက်အအုံကဏ္ဍများတွင်လည်း ဖွံ့ဖြိုးမှုမြင့်တက်ခဲ့ကြောင်း အဆိုပါကောင်စီ၏ ထုတ်ပြန်ချက်အရသိရသည်။ ယခုကဲ့သို့သော ဖွံ့ဖြိုးမှုများအရ နိုင်ငံအတွင်း ကွဲပြားခြားနားသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များရှိနေပြီး နိုင်ငံ၏ စီးပွားရေးဆိုင်ရာ ပတ်ဝန်းကျင်အပေါ် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကို ပြသနေကြောင်း ၎င်းကောင်စီ၏ထုတ်ပြန်ချက်အရ သိရသည်။

နိုင်ငံအတွင်းသို့ ပြည်ပ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ အများအပြားဝင်ရောက်လာခြင်းဖြင့် ကုန်သွယ်ရေးကွန်ရက်ကို ချဲ့ထွင်နိုင်ခဲ့သည်ဟု ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ပန်ဆိုဗီချက်က ပြောကြားသည်။

ဒေသတွင်း ပြီးပြည့်စုံသည့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်နှင့် တရုတ်၊ တောင်ကိုရီးယားနှင့် ယူအေအီးနိုင်ငံများနှင့် အပြန်အလှန်ကုန်သွယ်မှုများသည် နိုင်ငံအတွင်း ကုန်သွယ်မှုများ မြင့်တက်လာရခြင်း၏ အဓိကမောင်းနှင်အားများဖြစ်သည်။ နိုင်ငံအတွင်း ယခုကဲ့သို့ အရင်းအနှီးများ စီးဝင်လာခြင်းကြောင့် အဆင့်မြင့်နည်းပညာများကို ရရှိခဲ့ကာ ပြည်တွင်းကုန်ထုတ်လုပ်မှု မြှင့်တင်နိုင်ခဲ့ပြီး နိုင်ငံသားများအတွက် အလုပ်အကိုင်များဖန်တီးပေးခဲ့ကြောင်း ၎င်းက ပြောကြားသည်။

**ဆင်ဟွာ**

## ဂျပန်နိုင်ငံက အင်္ဂါဂြိုဟ်၏လများမှ နမူနာပစ္စည်းများ ကမ္ဘာမြေသို့ ပြန်လည်သယ်ဆောင်မည့်စီမံကိန်း စတင်မည်

**တိုကျို အောက်တိုဘာ ၁၈**

အင်္ဂါဂြိုဟ်၏ လများမှ နမူနာပစ္စည်းများကို ကမ္ဘာမြေသို့ ပြန်လည်သယ်ဆောင်လာမည့် ဂျပန်နိုင်ငံ၏ အာကာသစူးစမ်းလေ့လာရေး စီမံကိန်းတစ်ခုကို စတင်မည်ဖြစ်ကြောင်း သိရသည်။

Martian Moons eXploration (MMX) ဟု အမည်ပေးထားသည့် အဆိုပါစီမံကိန်းကို H3 ဒုံးပျံဖြင့် တာနီဂါရှီးမား အာကာသစင်တာမှ ဂျပန်စံတော်ချိန် အောက်တိုဘာ ၂၀ ရက် နံနက် ၄ နာရီ ၄၁ မိနစ်ခန့်တွင် လွှတ်တင်ရန် စီစဉ်ထားသည်။



အဆိုပါစီမံကိန်းသည် အင်္ဂါဂြိုဟ်၏လ ဖိုဘော့စ် (Phobos) ပေါ်သို့ ဆင်းသက်ကာ ၎င်း၏ မျက်နှာပြင်မှ နမူနာပစ္စည်းများကို ယူဆောင်ပြီး ကမ္ဘာမြေသို့ ပြန်လည်သယ်ဆောင်လာမည့် ကမ္ဘာ့ပထမဆုံး စီမံကိန်းဖြစ်လာရန် ရည်ရွယ်ထားသည်။

ဂျပန်အာကာသစူးစမ်းလေ့လာရေးအေဂျင်စီက ဦးဆောင်တီထွင်ထားသည့် အဆိုပါစူးစမ်းလေ့လာရေးယာဉ်တွင် အဓိကအစိတ်အပိုင်း သုံးခုပါဝင်ပြီး စုစုပေါင်း တည်ဆောက်မှု ကုန်ကျစရိတ်မှာ ယန်း ၅၅ ဒသမ ၃ ဘီလီယံ (အမေရိကန်ဒေါ်လာ သန်း ၃၅၀ ခန့်) ရှိသည်။

ဖိုဘော့စ်ပေါ်သို့ ဆင်းသက်ရန် ခြေထောက်လေးချောင်း ပါဝင်သော စူးစမ်းလေ့လာရေး လဆင်းယာဉ်ကို ဒီဇိုင်းထုတ်ထားသည်။

ဖိုဘော့စ်၏ ဆွဲအားမှာ ကမ္ဘာမြေ၏ ဆွဲအားထက် အဆ ၂၀၀၀ ခန့် နည်းပါးသည်။

ထို့ပြင် အဆိုပါယာဉ်တွင် နမူနာပစ္စည်း ကောက်ယူရေး ကိရိယာများ၊ လေ့လာစောင့်ကြည့်ရေး ကိရိယာအမျိုးမျိုးနှင့် ဂျပန် အသံလွှင့်ဌာန အင်န်အိတ်ချ်ကေ၊ ဂျပန်အာကာသစူးစမ်းလေ့လာရေး အေဂျင်စီတို့ ပူးပေါင်းတီထွင်ထားသည့် ရုပ်ထွက်ကောင်းသော ကင်မရာ နှစ်လုံးလည်း တပ်ဆင်ထားသည်။

အဆိုပါယာဉ်သည် လွှတ်တင်ပြီး တစ်နှစ်ခန့်အကြာတွင် အင်္ဂါဂြိုဟ်အနီးသို့ရောက်ရှိမည်ဟု မျှော်မှန်းထားပြီး သုံးနှစ်ကြာ လေ့လာစောင့်ကြည့်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

ယင်းနောက် ဖိုဘော့စ်ပေါ်သို့ ဆင်းသက်ကာ မျက်နှာပြင် အောက်အနက် နှစ်စင်တီမီတာနှင့် အထက်ရှိ အလွှာမှ နမူနာပစ္စည်း အနည်းဆုံး ၁၀ ဂရမ်ကို ကောက်ယူရန် စီစဉ်ထားသည်။

နမူနာပစ္စည်းများကို သယ်ဆောင် ပြန်လာမည့်အပိုင်းသည် ၂၀၃၂ ခုနှစ် မတ်လတွင် ကုန်ဆုံးမည့် ဘဏ္ဍာရေးနှစ်အတွင်း ကမ္ဘာမြေသို့ ပြန်လည်ပို့ဆောင်နိုင်မည်ဟု ခန့်မှန်းထားသည်။

ဂျပန်အာကာသစူးစမ်းလေ့လာရေးအေဂျင်စီက အဆိုပါစီမံကိန်းမှတစ်ဆင့် အင်္ဂါဂြိုဟ်နှင့် ၎င်း၏ ပတ်ဝန်းကျင်ကို စူးစမ်းလေ့လာရန် လိုအပ်သည့် နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာမည်ဟု မျှော်လင့်ထားသည်။ ထို့ပြင် ဖိုဘော့စ်လ မည်သို့ဖြစ်ပေါ်လာခဲ့သည်ကို ပိုမိုရှင်းလင်းစွာ သိရှိနိုင်ရန်လည်း အထောက်အကူပြုမည်ဟု မျှော်လင့်ထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# အရိုးကျန်းမာရေးကို ငယ်စဉ်ကတည်းက ဂရုစိုက်ကြဖို့နဲ့ လိုအပ်ရင် ဆရာဝန်တွေရဲ့ အကြံဉာဏ်ကို ရယူကြဖို့ တိုက်တွန်းချင်ပါတယ်။ အရိုးကျန်းမာမှ ဘဝလှပမယ်၊ အရိုးမကျိုးခင် ကြိုတင်ကာကွယ်ကြပါလို့ ပြောချင်ပါတယ်။

**ပါမောက္ခ ဒေါက်တာသိန်းမြင့်**



ကမ္ဘာ့အရိုးပွရောဂါနေ့ လူထုအသိပညာပေးဟောပြောပွဲ (၂၀၂၆)ကို အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် သူနာပြုတက္ကသိုလ်ခန်းမ၌ ကျင်းပရာ အရိုးပွရောဂါနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို ဟောပြောပွဲ ပါဝင်တက်ရောက်သည့် မြန်မာနိုင်ငံ ဟော်မုန်းရောဂါပညာရှင်များအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ သိန်းမြင့်နှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။

**မေး။ ။ ကမ္ဘာ့အရိုးပွရောဂါနေ့ နှစ်စဉ်ကျင်းပရခြင်းရဲ့ အဓိကရည်ရွယ်ချက်ကို သိပါရစေ။**

**ဖြေ။** ။ ကမ္ဘာ့အရိုးပွရောဂါနေ့ကို နှစ်စဉ် အောက်တိုဘာလ ၂၀ ရက်မှာ ကျင်းပတာဖြစ်ပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ အရိုးပွရောဂါအကြောင်း ပြည်သူလူထု ပိုမိုသိရှိနားလည်လာစေဖို့၊ အရိုးပွရောဂါကို ကြိုတင်ကာကွယ်နိုင်ဖို့နဲ့ အရိုးကျိုးနိုင်ခြေရှိသူတွေကို စောစီးစွာ ရှာဖွေဖော်ထုတ်နိုင်ဖို့ ဖြစ်ပါတယ်။ ဒီနှစ်ရဲ့ ဆောင်ပုဒ်ကတော့ "Build – Protect – Strengthen Your Bones for Life" ဖြစ်ပါတယ်။ တစ်သက်တာလုံး အရိုးကျန်းမာ သန်စွမ်းနေဖို့ ငယ်ရွယ်စဉ်ကတည်းက အရိုးကိုတည်ဆောက်ရမယ်၊ အရွယ်ရောက်လာတဲ့အခါ ထိန်းသိမ်းကာကွယ်ရမယ်၊ အသက်ကြီးလာတဲ့အခါမှာလည်း အရိုးကျိုးနိုင်ခြေ လျော့နည်းအောင် ဆောင်ရွက်ရမယ်ဆိုတဲ့အဓိပ္ပာယ်ဖြစ်ပါတယ်။

**မေး။ ။ အရိုးပွရောဂါနဲ့ ပတ်သက်တဲ့ ကျန်းမာရေးဆိုင်ရာ အသိပညာတွေ ပြည်သူတွေအနေနဲ့ သိရှိလိုက်နာနိုင်ဖို့ ပြောကြားပေးစေလိုပါတယ်။**

**ဖြေ။** ။ အရိုးပွရောဂါဆိုတာ အရိုးရဲ့သိပ်သည်းဆနဲ့ ကြံ့ခိုင်မှု လျော့နည်းလာပြီး အရိုးကျိုးလွယ်လာတဲ့ ရောဂါတစ်မျိုးဖြစ်ပါတယ်။ ဒီရောဂါရဲ့ အရေးကြီးတဲ့အချက်ကတော့ အများအားဖြင့် အရိုးမကျိုးမချင်း သိသာတဲ့လက္ခဏာမရှိတာ ဖြစ်ပါတယ်။ ဒါကြောင့် အရိုးပွရောဂါကို Silent Disease လို့လည်း ခေါ်ကြပါတယ်။ အထူးသဖြင့် တင်ပါးဆုံရိုး၊ ကျောရိုးနဲ့ လက်ကောက်ဝတ်ရိုးတွေ ကျိုးနိုင်ပါတယ်။ တင်ပါးဆုံရိုးကျိုးတဲ့အခါမှာ ခွဲစိတ်ကုသရတာ၊ အိပ်ရာထဲမှာ ကြာရှည်နေရတာ၊ မိမိဘာသာလှုပ်ရှားသွားလာနိုင်မှု လျော့နည်းသွားတာတွေအပြင် အသက်အန္တရာယ်အထိ ဖြစ်နိုင်ပါတယ်။ ဒါကြောင့် အရိုးမကျိုးခင်ကတည်းက ကြိုတင်ကာကွယ်ဖို့ အရေးကြီးပါတယ်။

**မေး။ ။ အရိုးပွရောဂါနဲ့ အရိုးကျိုးနိုင်ခြေက ဘယ်လိုအခြေအနေမှာ အဖြစ်များတယ်ဆိုတာ သိပါရစေ။**

**ဖြေ။** ။ အဓိကအားဖြင့် အသက်ကြီးလာသူတွေ၊ အထူးသဖြင့် သွေးဆုံးပြီး အမျိုးသမီးတွေမှာ အရိုးပွရောဂါဖြစ်နိုင်ခြေ ပိုများပါတယ်။ ဒါ့အပြင် အသက်မကြီးသေးပေမယ့် အရင်က ထိခိုက်မှုအနည်းငယ်နဲ့ အရိုးကျိုးဖူးသူတွေ၊ မိဘမှာ တင်ပါးဆုံရိုးကျိုးဖူးတဲ့ရာဇဝင်ရှိသူတွေ၊ ကိုယ်အလေးချိန်အလွန်နည်းသူတွေ၊ စတီးရွိုက်ဆေးတွေကို ကြာရှည်သုံးစွဲနေရသူတွေ၊ ဆေးလိပ်သောက်သူတွေနဲ့ အရက်အလွန်အကျွံ သောက်သူတွေ၊ အချို့သောဟော်မုန်းရောဂါနဲ့ နာတာရှည်ရောဂါရှိသူတွေမှာလည်း အရိုးကျိုးနိုင်ခြေ ပိုမိုမြင့်မားပါတယ်။

**မေး။ ။ ဒီနေ့အစီအစဉ်မှာ ပြည်သူတွေကို ဆောင်ရွက်ပေးမယ့် အရိုးကျိုးနိုင်ခြေ စစ်ဆေးခြင်းနဲ့ ပတ်သက်ပြီးတော့လည်း ပြောကြားပေးပါ။**

**ဖြေ။** ။ အရိုးကျိုးနိုင်ခြေ စစ်ဆေးအကဲဖြတ်ခြင်းဆိုတာ လူတစ်ယောက်မှာ နောင်လာမယ့် နှစ်တွေထဲ အရိုးကျိုးနိုင်ခြေ ဘယ်လောက်ရှိနိုင်သလဲဆိုတာကို သိရှိနိုင်ဖို့ အန္တရာယ်အချက်တွေကို စုစည်းပြီး အကဲဖြတ်ပေးတာဖြစ်ပါတယ်။ ဒီလိုအကဲဖြတ်ရာမှာ အသက်အရွယ်၊ ကိုယ်အလေးချိန်၊ ယခင်အရိုးကျိုးဖူးတဲ့ရာဇဝင်၊ မိသားစုရာဇဝင်၊ သောက်သုံးနေတဲ့ဆေးဝါးတွေနဲ့ အခြားအန္တရာယ်အချက်တွေကို ထည့်သွင်းစဉ်းစားပါတယ်။ လိုအပ်တဲ့သူတွေကို အရိုးသိပ်သည်းဆ စစ်ဆေးဖို့နဲ့ ဆရာဝန်နဲ့ ဆက်လက်တိုင်ပင်ကုသဖို့ အကြံပြုပေးနိုင်ပါတယ်။ ကျွန်တော်တို့ရဲ့ အဓိကရည်ရွယ်ချက်က အရိုးကျိုးပြီးမှ ကုသတာထက် အရိုးမကျိုးခင်ကတည်းက အန္တရာယ်ရှိသူတွေကို ရှာဖွေဖော်ထုတ်ပြီး ကြိုတင်ကာကွယ်နိုင်ဖို့ ဖြစ်ပါတယ်။

ဒီလိုစစ်ဆေးလိုက်တဲ့အတွက် ပထမအချက်အနေနဲ့ အရိုးကျိုးနိုင်ခြေ မြင့်မားသူတွေကို စောစီးစွာ သိရှိနိုင်ပါတယ်။ ဒုတိယအချက်ကတော့ အန္တရာယ်ရှိသူတွေကို အရိုးကျန်းမာရေးထိန်းသိမ်းနိုင်မယ့် နည်းလမ်းတွေ၊ လိုအပ်တဲ့စစ်ဆေးမှုတွေနဲ့ ကုသမှုတွေအတွက် အကြံဉာဏ်ပေးနိုင်ပါတယ်။ တတိယအချက်ကတော့ အနာဂတ်မှာ အရိုးကျိုးမှုဖြစ်နိုင်ခြေကို လျှော့ချနိုင်ဖို့ သင့်တော်တဲ့ ကာကွယ်ကုသမှုတွေ စတင်ဆောင်ရွက်နိုင်ပါတယ်။ အရိုးကျိုးနိုင်ခြေ အကဲဖြတ်ခြင်းဟာ အန္တရာယ်ကို ခန့်မှန်းပေးတာဖြစ်ပြီး အရိုးပွရောဂါကို တိုက်ရိုက်အတည်ပြုတဲ့ စစ်ဆေးမှုတော့မဟုတ်ပါဘူး။

အသက်ကြီးလာတာနဲ့အမျှ အရိုးကျိုးနိုင်ခြေမြင့်တက်လာပါတယ်။ အထူးသဖြင့် အသက် ၆၅ နှစ်နဲ့ အထက် အမျိုးသမီးတွေနဲ့ အသက် ၇၀ နှစ်နဲ့အထက် အမျိုးသားတွေ မှာ အရိုးကျန်းမာရေးကို ပိုမို ဂရုစိုက်ဖို့ လိုအပ်ပါတယ်။ အသက်အရွယ် တစ်ခုတည်းနဲ့ ဆုံးဖြတ်တာ မဟုတ်ဘဲ တစ်ဦးချင်းရဲ့ ကျန်းမာရေးဆိုင်ရာ အချက်အလက်တွေအပေါ် မူတည်ပြီး စစ်ဆေးသင့်ပါတယ်။

**မေး။ ။ အရိုးပွ ရောဂါကို ကြိုတင် ကာကွယ်နိုင်မယ့် နည်းလမ်းတွေကိုလည်း သိပါရစေ။**

**ဖြေ။** ။ အရိုးပွရောဂါနဲ့ အရိုးကျိုးနိုင်ခြေကို လျှော့ချနိုင်တဲ့နည်းလမ်းတွေ အများကြီးရှိပါတယ်။ အဓိကအားဖြင့် ကယ်လ်စီယမ်နဲ့ ဗီတာမင်ဒီ လုံလောက်စွာရရှိအောင် ဆောင်ရွက်ရပါမယ်။ လမ်းလျှောက်ခြင်း၊ ကိုယ်အလေးချိန်ခံလေ့ကျင့်ခန်းတွေနဲ့ ကြွက်သားသန်မာစေတဲ့ လေ့ကျင့်ခန်းတွေကို မိမိရဲ့ကျန်းမာရေးအခြေအနေနဲ့အညီ ပုံမှန်ပြုလုပ်ရပါမယ်။ ဆေးလိပ်သောက်ခြင်းနဲ့ အရက်အလွန်အကျွံသောက်ခြင်းကို ရှောင်ကြဉ်ရပါမယ်။ အသက်ကြီးသူတွေမှာ လဲကျမှုမဖြစ်အောင် နေအိမ်ပတ်ဝန်းကျင်ကို လုံခြုံအောင်ပြင်ဆင်ရပါမယ်။ အရိုးကျိုးနိုင်ခြေ မြင့်မားသူတွေမှာ ဆရာဝန်ညွှန်ကြားချက်နဲ့အညီ သင့်လျော်တဲ့ ဆေးဝါးကုသမှု ခံယူရပါမယ်။

အဓိကပြောချင်တာက အရိုးကျိုးပြီးမှ ကုသတာထက် အရိုးမကျိုးခင် ကြိုတင်ကာကွယ်ခြင်းက ပိုမိုအရေးကြီးပါတယ်။ အရိုးပွရောဂါဟာ လက္ခဏာမပြဘဲ ဖြစ်နေနိုင်တဲ့ ရောဂါတစ်မျိုးဖြစ်ပါတယ်။ ဒါကြောင့် မိမိမှာ အရိုးကျိုးနိုင်ခြေ ရှိ/မရှိ သိရှိအောင် ဆောင်ရွက်ကြဖို့၊ အရိုးကျန်းမာရေးကို ငယ်စဉ်ကတည်းက ဂရုစိုက်ကြဖို့နဲ့ လိုအပ်ရင် ဆရာဝန်တွေရဲ့ အကြံဉာဏ်ကိုရယူကြဖို့ တိုက်တွန်းချင်ပါတယ်။ အရိုးကျန်းမာမှ ဘဝလှပမယ်။ အရိုးမကျိုးခင် ကြိုတင်ကာကွယ်ကြပါလို့ ပြောချင်ပါတယ်။

**မေး။ ။ အခုလိုဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

**တွေ့ဆုံမေးမြန်း–မင်းသစ်၊ ဓာတ်ပုံ–သီဟ**



## ကော့ကရိတ်မြို့၌ မီးဘေးအန္တရာယ် လျော့ကျရေး တစ်အိမ်တက်ဆင်း မီးသုံးစွဲမှုများ လိုက်လံစစ်ဆေး

ကော့ကရိတ် အောက်တိုဘာ ၁၈

ကရင်ပြည်နယ် ကော့ကရိတ်မြို့ မီးသတ်ဦးစီးဌာနသည် မီးဘေးအန္တရာယ်လျော့ကျစေရန်အတွက် ကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းကို အောက်တိုဘာ ၁၆ ရက်က အမှတ်(၆)ရပ်ကွက်အတွင်းရှိ နေအိမ်များသို့ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကော့ကရိတ်မြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူးနှင့်အဖွဲ့သည် သက်ဆိုင်ရာရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့်အတူ နေအိမ်များ၌ မီးဖိုသုံးစွဲမှုအခြေအနေများ၊ လျှပ်စစ်ဝါယာကြိုးနှင့် လျှပ်စစ်ပစ္စည်းများ စနစ်တကျသုံးစွဲခြင်း ရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ပဲခူးမြို့၌ အယ်လ်နီညိုအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော



ပဲခူး အောက်တိုဘာ ၁၈

အယ်နီညို ဖြစ်စဉ်ကြောင့် ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်လာနိုင်ပြီး အပူလွန်ကဲခြင်း၊ ရေရှားပါးခြင်းနှင့် ကျန်းမာရေးပြဿနာများ ဖြစ်ပွားလာနိုင်သည့်အတွက် ပြည်သူများ ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးဟောပြောခြင်းကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့ စိုင်တီကျေးရွာ ရတနာဘုံ ကန်ဦးဘုန်းတော်ကြီးကျောင်း၌ ဆောင်ရွက်သည်။

**အမှာစကားပြောကြား**

အသိပညာပေး ဟောပြောပွဲတွင် ပဲခူးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းအောင်က အယ်လ်နီညိုအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး ပဲခူးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြည်ကြည်ဆွေက သီးနှံများစိုက်ပျိုးရာတွင် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် "အယ်လ်နီညိုဒဏ်ကာကွယ်ဖို့ ကြိုတင်စီမံဆောင်ရွက်စို့" ခေါင်းစဉ်ဖြင့် ဆွေးနွေးခြင်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာခိုင်စံပယ်မြင့်က မွေးမြူရေးကဏ္ဍ ကြိုတင်ပြင်ဆင်ရေးဆွေးနွေးခြင်း၊ မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်အောင်အောင်အေးက အယ်လ်နီညိုဆိုင်ရာကိစ္စရပ်များ ဆွေးနွေးခြင်းနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အပူဒဏ်ကြိုတင်ကာကွယ်ရေးအတွက် ဂရုပြုဆောင်ရွက်ကြရန် ဆွေးနွေးဟောပြောခြင်းများကို ဆောင်ရွက်ကြသည်။ ဟောပြောပွဲသို့ ပဲခူးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုသုံးခုမှ တောင်သူ ၁၈၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မိတ္ထီလာမြို့နယ်၌ ကြက်သွန်စိုက်ပျိုးသည့် တောင်သူများအား သွင်းအားစုဓာတ်မြေဩဇာ ပေးအပ်

မိတ္ထီလာ အောက်တိုဘာ ၁၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် သမဝါယမဦးစီးဌာနက မင်းရွာကျေးရွာရှိ ကြက်သွန်စိုက်ပျိုးသည့် အသင်းသားတောင်သူများအား သွင်းအားစုဓာတ်မြေဩဇာ ပေးအပ်ပွဲကို အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ဦးစွာ မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး၊ မိတ္ထီလာမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ကန်သာစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း



အသင်းသား တောင်သူ ၃၉ ဦး၏ ကြက်သွန်စိုက်ဧက ၁၀၀ အတွက် အသင်းပိုင် ငွေကျပ် ၂၇ ဒသမ ၉၂ သန်းဖြင့် ပုလဲ အိတ် ၁၀၀၊ ကွန်ပေါင်း အိတ် ၁၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လူ

# ဉာဏ်ရည်တုနည်းပညာ၏ အန္တရာယ်နှင့် ယနေ့လူသားများ

မောင်မောင်စွယ်စုံထွန်း

**ဉာဏ်ရည်တု(Artificial Intelligence – AI) သည် ကွန်ပျူတာသိပ္ပံပညာရပ်၏ ဘာသာရပ်ခွဲတစ်ခုဖြစ်ပြီး စက်ကိရိယာများတွင် လူတို့၏ ဉာဏ်ရည်ဉာဏ်သွေးကို တုပထည့်သွင်းရန်ရည်ရွယ်သည့်ပညာရပ်ဖြစ်သည်။ AI ဖတ်စာအုပ်များတွင် ယင်းအား "အသိဉာဏ်ရှိသော ကိုယ်စားလှယ်များ (Intelligent Agents) ဒီဇိုင်းထုတ်ခြင်းကိုလေ့လာခြင်း" ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။**

အသိဉာဏ်ရှိသော ကိုယ်စားလှယ်ဆိုသည်မှာ ပတ်ဝန်းကျင်ကို နားလည်သိမြင်ပြီး အောင်မြင်မှုနှုန်းကို မြှင့်တင်ရန်အတွက် လုပ်ဆောင်နိုင်သည့်စနစ်များဖြစ်သည်။ ဤအသုံးအနှုန်းကို စတင်သုံးနှုန်းခဲ့သူ ဂျွန်မက်ကာသီ (John McCarthy) က ဉာဏ်ရည်တုအား "ဉာဏ်ပညာရှိသောစက်များဖန်တီးနိုင်မည့် သိပ္ပံနှင့် အင်ဂျင်နီယာပညာ"ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

ယနေ့ခေတ်တွင် AI ကို လူသားများက အလွန်အမင်းအားကိုးလာနေကြသည်။ ထို့ကြောင့် AI က လူသားများကို တမင်တကာရန်ငြိုးထားပြီး ရုပ်ရှင်ထဲကကဲ့သို့ စက်ရုပ်တပ်ဖွဲ့နှင့် တိုက်ခိုက်သတ်ဖြတ်ခြင်းမျိုးထက် ပညာရှင်များသတိပေးနေသည့် အန္တရာယ်များမှာ နည်းပညာကို မှားယွင်းစွာထိန်းချုပ်မိခြင်း သို့မဟုတ် မရည်ရွယ်ဘဲဖြစ်လာနိုင်သည့် အခြေအနေများအပေါ် အဓိကအခြေခံပါသည်။

သိပ္ပံပညာရှင်များနှင့် နည်းပညာလေ့လာသူများ ထောက်ပြထားသည့် သီအိုရီဆိုင်ရာ အန္တရာယ်လမ်းကြောင်းများမှာ–

**(၁) ရည်မှန်းချက် မကိုက်ညီမှု။** AI ကိုပေးလိုက်သည့်တာဝန်တစ်ခုကို ပြီးမြောက်ရန်ကြိုးစားရင်း လူသားများ၏ တန်ဖိုးသတ်မှတ်ချက်နှင့် ဆန့်ကျင်ဘက်ဖြစ်သွားနိုင်သည့် ပြဿနာဖြစ်ပါသည်။ (ဥပမာ "ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှုကို အပြီးတိုင်ရပ်တန့်ပါ" ဆိုသည့် ရည်မှန်းချက်ကိုပေးလိုက်သည့်အခါ AI က ကာဗွန်ထုတ်လွှတ်မှု၏ အဓိကတရားခံဖြစ်သည့် လူသားများကို လုံးဝမရှိတော့အောင် ဖယ်ရှားပစ်ခြင်းက အကောင်းဆုံးနည်းလမ်းပဲဟု ကောက်ချက်ချသွားနိုင်သည့် သဘောတရားမျိုးဖြစ်ပါသည်။)

**(၂) အလိုအလျောက်သုံး စစ်လက်နက်များ။** ဆုံးဖြတ်ချက်ကို လူသားမပါဘဲ ကိုယ်တိုင်ချမှတ်ခွင့်ရှိသည့် စစ်လက်နက်စနစ်များ၊ ဒရုန်းများ သို့မဟုတ် နျူကလီးယားထိန်းချုပ်မှုစနစ်များထဲသို့ AI ကို လုံးဝလွှဲအပ်ထားမိသည့်အခါ စနစ်အမှား (System Glitch) ကြောင့်ဖြစ်စေ၊ ဆိုက်ဘာတိုက်ခိုက်မှုကြောင့်ဖြစ်စေ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် စစ်ပွဲကြီးများ မတော်တဆဖြစ်ပွားသွားနိုင်ပါသည်။

**(၃) ဇီဝလက်နက်နှင့် အဆိပ်အတောက်များထုတ်လုပ်မိခြင်း။** ဓာတုဗေဒနှင့် ဇီဝဗေဒဆိုင်ရာ AI မော်ဒယ်လ်များသည် ဆေးဝါးသစ်များ ရှာဖွေရာတွင် အလွန်အသုံးဝင်သလို တစ်ဖက်တွင်လည်း အလွန်ပြင်းထန်ပြီး ကုသရခက်သည့် ရောဂါပိုးမွှားသစ်များ သို့မဟုတ် အဆိပ်အတောက် ဖော်မြူလာများကို အလွယ်တကူတီထွင်ပေးနိုင်သည့် အန္တရာယ်ရှိပါသည်။

**(၄) အရေးပါသည့်အခြေခံအဆောက်အအုံများ ပြိုလဲခြင်း။** ကမ္ဘာ့လျှပ်စစ်ဓာတ်အားကွန်ရက်၊ ရေပေးဝေရေး၊ ဆေးရုံစနစ်များနှင့် ဘဏ္ဍာရေးကွန်ရက်များကို AI နှင့် လုံးလုံးလျားလျား ချိတ်ဆက်ထိန်းချုပ်ထားချိန်တွင် စနစ်အကြီးအကျယ်ချွတ်ယွင်းသွားလျှင် လူမှုအဖွဲ့အစည်းတစ်ခုလုံး ရုတ်တရက်ရပ်တန့်သွားပြီး အသက်အန္တရာယ် ကြီးကြီးမားမား ကြုံရနိုင်ပါသည်။

အဆိုပါအချက်များသည် သီအိုရီအရစိုးရိမ်ရသည့်အချက်များဖြစ်ပြီး လက်ရှိတွင် ကမ္ဘာ့နိုင်ငံများနှင့် နည်းပညာကုမ္ပဏီများက AI Safety (AI ဘေးကင်းလုံခြုံရေး)၊ လူသားထိန်းချုပ်မှုအောက်မှာသာ အမြဲရှိနေစေရေး စည်းမျဉ်းများနှင့် စနစ်တကျကန့်သတ်ထိန်းကျောင်းရန် ပြင်ဆင်ဆောင်ရွက်နေကြပြီဖြစ်ပါသည်။

၂၁ ရာစုအလွန် ယနေ့ကမ္ဘာကြီးတွင် နေ့စဉ်နှင့်အမျှ တစ်ရက်နှင့်တစ်ရက် မတူညီအောင် နည်းပညာအသစ်အဆန်းများ တီထွင်ဆန်းသစ်မှု များပြားလာလျက်ရှိရာ အမျိုးမျိုးသော နည်းပညာများအနက် လူသားများနေ့စဉ်ထိတွေ့နေရသော မရှိမဖြစ် နည်းပညာမှာ ဉာဏ်ရည်တုဟုခေါ်ဝေါ်သည့် နည်းပညာဖြစ်သည်။ လူသားတို့နေ့စဉ် အသုံးပြုနေရသည့် Smart Phone၊ Computer စသည့် မရှိမဖြစ်ပစ္စည်းများမှာ AI နည်းပညာနှင့်မကင်းပေ။

အင်တာနက်မှ အချက်အလက်များ ရှာဖွေဖတ်ရှုချင်၍ဖြစ်စေ၊ YouTube၊ Netflix တို့မှ ရုပ်ရှင်များကြည့်ရှုခြင်းဖြစ်စေ၊ အမေဇုန်ကဲ့သို့ အွန်လိုင်းမှဈေးဝယ်ခြင်းမျိုးဖြစ်စေ အစရှိသည့် လူတို့၏ နေ့စဉ်လုပ်ဆောင်ချက်များ နောက်ကွယ်တွင် AI ရှိနေသည်။ AI ကိုကြားလိုက်သည်နှင့် အလိုအလျောက်မောင်းနှင်နိုင်သည့်ကားများ၊ စက်ရုပ်များ၊ လူတိုင်းနီးပါးကြားဖူးကြပြီးဖြစ်သည့် ChatGPT နှင့် အခြားသော chatbots များ၊ လူကိုယ်တိုင်ရိုက်ကူးထားခြင်းမဟုတ်သည့်ပုံများကိုသာ တွဲဖက်မြင်မိကြမည်ဖြစ်သည်။

ထိုကဲ့သို့ရလဒ်များ ထုတ်ပေးနိုင်သည့် AI ဆိုသည်မှာ ယခုပစ္စုပ္ပန်နှင့် အနာဂတ်တွင် လူသားများအပေါ် မည်သို့အကျိုးသက်ရောက်နိုင်သည်ဆိုသည်ကို သိရှိထားရန်လိုအပ်ပါသည်။ AI ဟူသည် ၁၉၅၀ နောက်ပိုင်းမှစတင်ကာ နည်းပညာသစ်တစ်ခုအနေဖြင့်ရှိခဲ့သည်။ လူ့အသိဉာဏ်ပါမှလုပ်၍ရသည့် အလုပ်တစ်ခုကို စက်ပစ္စည်းက လူ့အသိဉာဏ်မပါဘဲ သီးသန့်လုပ်ဆောင်နိုင်ခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

AI ဆိုသည်မှာ အလိုအလျောက် သင်ယူလေ့လာနိုင်စေရန် ရေးဆွဲထားသည့် ကွန်ပျူတာပရိုဂရမ်တစ်ခုဖြစ်သည်။ Machine–Learning Algorithm များသုံးပြီး Deep Learning စနစ်နှင့် သင်ယူနိုင်စေရန် ရေးဆွဲထားသည်ဟု ဆိုနိုင်သည်။ လူသားများတွင် ဦးနှောက်ရှိပြီး စဉ်းစားတွေးခေါ် သင်ယူနိုင်သကဲ့သို့ AI သည်လည်း ကွန်ပျူတာ၏ ဦးနှောက်အဖြစ် မှတ်ယူနိုင်သည်။

ဉာဏ်ရည်တုနည်းပညာကို အဓိက အသုံးပြုနေသည့်နေရာများသည် အားလုံးသိကြသည့်အတိုင်း စက်ရုပ်များတွင်ဖြစ်သည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် မောင်းသူမဲ့ကားများ၊ ဒရုန်းယာဉ်များ၌ ထည့်သွင်းအသုံးပြုရုံသာမက မော်တော်ကားထုတ်လုပ်ရေး စက်ရုံများတွင် အလိုအလျောက် ကားအစိတ်အပိုင်းတပ်ဆင်သူ စက်ရုပ်များအဖြစ်လည်း အသုံးပြုကြပါသည်။ စားသောက်ဆိုင်များတွင် စားပွဲထိုး၊ ညှော်ကြိုများအဖြစ်လည်းကောင်း၊ သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်သူများအဖြစ် လည်းကောင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင်လည်းကောင်း၊ Website များ၏ Search Engine တွင်လည်းကောင်း၊ ကွန်ပျူတာနှင့် စမတ်ဖုန်းများတွင်လည်းကောင်း AI ဉာဏ်ရည်တုနည်းပညာကို အသုံးပြုလာကြပြီဖြစ်သည်။

နောက်ပိုင်းစက်ရုပ်များတွင် ယခင်စက်ရုပ်များကဲ့သို့ သတ်မှတ်ထားသည့်အတိုင်း အလုပ်တစ်ခုခုကိုလုပ်နေခြင်းမျိုးမဟုတ်ဘဲ အိမ်သုံးစက်ရုပ်များအနေဖြင့် တံမြက်စည်းလှည်းခြင်း၊ ဖုန်သုတ်ခြင်း၊ ပန်းကန်ဆေးခြင်း စသည်တို့အပြင် ကလေးများကိုပါ ထိန်းကျောင်းပေးနိုင်သည့် စက်ရုပ်များအထိပါ ဖန်တီးနိုင်ခြင်းသည် AI နည်းပညာ၏ အကျိုးကျေးဇူးများပင်ဖြစ်သည်။

**AI နှင့် စိန်ခေါ်မှုများ**

ကမ္ဘာ့ခေါင်းဆောင်များ၊ သိပ္ပံပညာရှင်များနှင့် နည်းပညာရှင်များက ဉာဏ်ရည်တုနည်းပညာ၏အသုံးဝင်မှုများကိုသာမက ထိုနည်းပညာကိုအလွဲသုံးပြီး ဖြစ်ပေါ်လာနိုင်သည့်အန္တရာယ်များကို သတိပြုနိုင်ရန်နှင့် ကာကွယ်နိုင်မည့် ဥပဒေများကိုပါ ဆုံးဖြတ်ပြဋ္ဌာန်းလာကြသည်ကို တွေ့ရသည်။ အမေရိကန်ကဲ့သို့ နည်းပညာထွန်းကားသည့်နိုင်ငံကြီးသည်ပင် နည်းပညာအလွဲသုံးမှုအန္တရာယ်များကို သတိပြုလာကြရာ နိုင်ငံငယ်များအနေဖြင့်လည်း ကြိုတင်သတိပြုပြင်ဆင်ထားရမည်ဖြစ်သည်။

ဉာဏ်ရည်တုနည်းပညာသည် လက်ရှိတွင် အဆင့်မြင့်ဆုံးနည်းပညာတစ်ခုဖြစ်ပြီး လူအများ၏ဘဝကို တိုးတက်ကောင်းမွန်အောင် ဖန်တီးပေးနိုင်စွမ်းရှိသော်လည်း တစ်ချိန်တည်းမှာပင် အဆိုပါနည်းပညာကြောင့် လုံခြုံရေးခြိမ်းခြောက်မှုများထိပါ ရှိနိုင်ကြောင်း နိုင်ငံ့ခေါင်းဆောင်များက ပြောကြားလာကြသည်။ ဉာဏ်ရည်တုနည်းပညာကြောင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် တိုးတက်ဖွံ့ဖြိုးမှုများရှိလာသလို လူတို့၏ကိုယ်၊ စိတ်ကျန်းမာရေးကို ထိခိုက်စေနိုင်ခြင်း၊ သတင်းမှားများ ဖန်တီးနိုင်ခြင်း၊ အလုပ်အကိုင်များ ဆုံးရှုံးနိုင်ခြင်း၊ အနာဂတ်တွင် အဆိုပါနည်းပညာကြောင့်ပင် လူသားမျိုးနွယ်တစ်ခုလုံးကို အန္တရာယ်ပေးလာနိုင်ကြောင်း သုံးသပ်မှုများရှိလာသည်။

သိပ္ပံနှင့်နည်းပညာ မြင့်မားတိုးတက်လာသော လူ့အသိုက်အဝန်းတွင် AI နည်းပညာသည် ဆန်းသစ်သည့်ဝန်ဆောင်မှုများကို ပေးစွမ်းနိုင်သည်။ သိမှုဉာဏ်အပြင် လူ့စိတ်ခံစားချက်ကို နားလည်ခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့ကို ထည့်သွင်းစဉ်းစားနိုင်စွမ်းရှိသည့် ဉာဏ်ရည်ထည့်သွင်းထားသော ဉာဏ်ရည်တုလူမိတ္တူဖြစ်သည်။

> ❖ **ဉာဏ်ရည်တုနည်းပညာသည် လက်ရှိတွင် အဆင့်မြင့်ဆုံးနည်းပညာတစ်ခုဖြစ်ပြီး လူအများ၏ဘဝကို တိုးတက်ကောင်းမွန်အောင် ဖန်တီးပေးနိုင်စွမ်းရှိသော်လည်း တစ်ချိန်တည်းမှာပင် အဆိုပါနည်းပညာကြောင့် လုံခြုံရေးခြိမ်းခြောက်မှုများထိပါ ရှိနိုင်**
>
> ❖ **ဉာဏ်ရည်တုနည်းပညာကြောင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် တိုးတက်ဖွံ့ဖြိုးမှုများရှိလာသလို လူတို့၏ကိုယ်၊ စိတ်ကျန်းမာရေးကို ထိခိုက်စေနိုင်ခြင်း၊ သတင်းမှားများ ဖန်တီးနိုင်ခြင်း၊ အလုပ်အကိုင်များ ဆုံးရှုံးနိုင်ခြင်း၊ အနာဂတ်တွင် အဆိုပါနည်းပညာကြောင့်ပင် လူသားမျိုးနွယ်တစ်ခုလုံးကို အန္တရာယ်ပေးလာနိုင်**

အချုပ်အားဖြင့်ဆိုရသော် မြန်မာနိုင်ငံသည် ဖွံ့ဖြိုးပြီးနိုင်ငံမဟုတ်သေးသော်လည်း ၂၀၁၃ ခုနှစ်တွင် ဆက်သွယ်ရေးဥပဒေကို ပြဋ္ဌာန်းပြီးနောက် ဆက်သွယ်ရေးနည်းပညာကဏ္ဍကို လွတ်လပ်သောဈေးကွက်အဖြစ် ဖွင့်လှစ်ပေးနိုင်မှုနှင့်အတူ နည်းပညာများစွာ ဖွံ့ဖြိုးတိုးတက်လာနေပါသည်။ အွန်လိုင်းဝန်ဆောင်မှုစနစ်များ၊ ဒီဂျစ်တယ်နည်းပညာစနစ်များ ပိုမိုကျယ်ပြန့်စွာ အကောင်အထည်ဖော်လာနိုင်သောကြောင့် စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူတို့၏ နေ့စဉ်လူမှုစီးပွားဘဝများတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာအသုံးပြုမှုအပေါ် များစွာမှီခိုလာကြသည်။ အသုံးပြုမှုကျယ်ပြန့်လာသည်နှင့်အမျှ ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်မှု၊ တိုက်ခိုက်မှုများလည်း များပြားလာခဲ့သည်။

ဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် လူသားဖြစ်တည်မှုနှင့် လူနေမှုဘဝပတ်ဝန်းကျင်ကို လွှမ်းမိုးထိခိုက်နိုင်သည့် အခြေအနေများ ကြုံတွေ့လာနေသည်။ အမျိုးသားလုံခြုံရေးအထိ ပါဝင်လာနိုင်သောကြောင့် နိုင်ငံအများစုက ဉာဏ်ရည်တုနည်းပညာကို မူဝါဒ၊ စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများဖြင့်ထိန်းကျောင်းရန် ကြိုးစားလာကြသည်။ သတင်းအချက်အလက်နှင့် နည်းပညာဆိုက်ဘာနယ်ပယ်တွင်လည်း စိန်ခေါ်မှုများ များပြားလာသည့်အတွက် မျက်ခြည်မပြတ်စောင့်ကြည့်ရန် လိုအပ်လာသည်။

မြန်မာနိုင်ငံအနေဖြင့် နည်းပညာတိုးတက်ဖြစ်ထွန်းလာမှုနှင့်အတူ ကြိုတင်ကာကွယ်ဖြေရှင်းရန်လိုအပ်သော ဆိုက်ဘာလုံခြုံရေးမူဝါဒကို ၂၀၂၃ ခုနှစ် မတ်လတွင် ထုတ်ပြန်ထားသည်။ ဆိုက်ဘာလုံခြုံရေးဆိုင်ရာမူဝါဒတွင်ပါဝင်သော အချက်အလက်များကို သက်ဆိုင်ရာနယ်ပယ်အလိုက် သိရှိနားလည်အောင် ဆောင်ရွက်ထားရန်လိုအပ်ပြီး AI နည်းပညာ၏ အသုံးဝင်မှုနှင့် အန္တရာယ်တို့ကို သိရှိနားလည်နိုင်ကြစေရန် ရေးသားတင်ပြလိုက်ရပါသည်။ ။




## ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## ဟိုတစ်ချိန်က ဒေါက်တာရမ်းကု




ရွှေဘိုသီရိမာလာ ရေးသားသည့် ဟိုတစ်ချိန်က ဒေါက်တာရမ်းကု စာအုပ်ထွက်ရှိလာသည်။

စာရေးသူသည် ကျန်းမာရေးဝန်ထမ်းတစ်ဦး၏ ဇနီးဖြစ်၍ ခင်ပွန်းဖြစ်သူသွားလေရာ သျှောင်နောက်ဆံထုံးပါ လိုက်ခဲ့ရသည်။ ရောက်ရာဒေသများမှ ကိုယ်တွေ့မျက်မြင် ဘဝအတွေ့အကြုံများဖြင့် ဆရာဝန်မဟုတ်သော ဒေါက်တာရမ်းကုများအကြောင်းကို ရေးသားထားသည်။ ရိုးသားသော မြန်မာနိုင်ငံ ကျေးလက်နေပြည်သူများနှင့် မြို့ကြီးများ၏ ဆင်ခြေဖုံးများတွင် ကျန်းမာရေးဗဟုသုတနည်းသူများ၊ ငွေကြေးမပြည့်စုံသူများ၊ အလွယ်ကြိုက်သူများသည် ဆူလွယ်နပ်လွယ်သဘောမျိုးဖြင့် ပြီးစလွယ် ဒေါက်တာရမ်းကုများဖြင့် ဆေးကုသနေကြသည်ကိုတွေ့ရသည်။ အနာဖြစ်လျှင် အနာကိုတိုက်ရိုက် ဆေးထိုးခြင်း၊ ဒူးနာပါက ဒူးကိုဆေးထိုးခြင်း၊ နောက်ကြောတက်လျှင် နောက်ကြောကို ဆေးထိုးခြင်းများကို တွေ့မြင်ခဲ့ရသည်။ တွေ့မြင်ခဲ့ရသည်များကို စာဖတ်သူများ ဗဟုသုတရစေရန်အတွက် ရေးသားထားသည်။ ဟိုတစ်ချိန်က ဒေါက်တာရမ်းကုစာအုပ်မှာ အချစ်၊ ရသ၊ သုတများနှင့် ဆေးအတွေ့အကြုံများကို ရေးသားထားသဖြင့် ဗဟုသုတဟင်းလေးအိုးကြီးသဖွယ် ဖတ်ရှုရမည်ဖြစ်သည်။

စာအုပ်ကို အောင်ဇေယျစာပေ၊ ကိုလတ်စာပေ၊ ဖုန်း ၀၉၅၁၂၄၉၂၀၊ အမှတ် ၂၂၀၊ ၃၁ လမ်း အထက်ဘလောက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၆၀၀၀ ဖြင့် ဖြန့်ချိသည်။

## အိပ်တန်းပြန်ငှက်တို့၏ တွန်ကျူးသံများ




သန်းလင်း(ရွှေချောင်း-ပခုက္ကူ)ရေးသားသည့် အိပ်တန်းပြန်ငှက်တို့၏ တွန်ကျူးသံများ စာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် ဗုဒ္ဓဘာသာနှင့် ဝတ္တကမြေ၊ ကြားခဲ့ဖူးတဲ့ သေမင်းတမန်နှင့် ကြုံခဲ့ဖူးတဲ့ သေမင်းတမန်၊ မသိုးသက်န်းဟူသည်၊ လပြည့်ညတစ်ညကို ကယ်တင်ကြပါစို့၊ မင်းလှငယ်(သို့မဟုတ်) စနစ်အောက်ကခေးစာခံ၊ နူတ်ကြောင့်သေ လက်ကြောင့်ကျေ၊ ပခုက္ကူမြို့ကြီးကို ပြုံးပျော်စေခဲ့သူ၊ သက်န်းဟူသည်၊ နှမြောတသ ရှင်သာမဏေဘဝ၊ ပေါင်းဝရွှေပြည်၊ မြန်မာ့ရာဇဝင်ထဲက ဗုဒ္ဓဂုဏ်တော်၊ ရာဇဝင်မှာ စာတင်ရတဲ့ဆင်၊ ယာကြီးပြင်ရွာ သမိုင်းထဲက စာပေစကားဝိုင်း၊ စံပြုထိုက်ပေ ပုခန်းမြေ၊ တောင်သာနွယ်ဖွား မင်းတစ်ပါး၊ ရာဇဝင်ထဲက လူတစ်ယောက်၊ သမိုင်းတန်ဖိုးဟူသည်၊ သူနဲ့ကျမှ တိုက်တိုက်ဆိုင်ဆိုင်၊ ပခုက္ကူကိုချစ်သော အောင်လင်း၊ အောင်လင်းကိုချစ်သော ပခုက္ကူ၊ သင့်ဘဝအောင်မြင်ဖို့ ဟတ္ထကအာဠာဝက မင်းသားထုံး နှလုံးမူပါ၊ လွမ်းပါပြီကော ဘဝန္တော၊ အလာကောင်းသော်လည်း အခါနှောင်းသည့် ဖခင်နှင့် အလာနှောင်းသော်လည်း အခါကောင်းသည့်သား၊ သမာဓိမြို့ဝန်စီမံသူ ဦးဘိုးလှဲ့၊ ကပ္ပိယ ဘကြောင့်လို စသည့် ဆောင်းပါး(၂၄) ပုဒ်ပါရှိသည်။

စာအုပ်ကို ရှင်မတောင်စာပေ၊ ဖုန်း ၀၉ ၇၉၈၁၈၉၁၄၈၊ အမှတ် ၂၈(က)၊ အနော်မာ (၃)လမ်း(အနောက်)၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၇၀၀၀ ဖြင့် ဖြန့်ချိသည်။

## ရင်သွေးဖူးငုံ ကလေးစာပဒေသာ အမှတ်(၂)




အမျိုးသားစာပေဆုရ ရွှေဒါးမောင်မြင့်ထွန်းနှင့် စာပေဗိမာန်စာမူဆုရ ခင်မောင်မြင့်(ရွှေဆယ်မြေ)တို့ စီစဉ်တည်းဖြတ်ထုတ်ဝေသည့် ရင်သွေးဖူးငုံ ကလေးစာပဒေသာအမှတ်(၂) ထွက်ရှိလာသည်။

စာအုပ်တွင် မင်းယုဝေ၏ ခေါင်းဆောင်နှစ်ဦး၊ မောင်ဇော်လတ်(ကျေးတောမြေ)၏ ရိုးသားမှု၏တန်ဖိုး၊ မောင်နှင်းလှိုင်(ထမင်းဈေး)၏ ထင်းခုတ်သမားနှင့် မြစ်စောင့်နတ်၊ ကျော်လွင်(စက်မှု)၏ ပျော်ရွှင်ပါစေ တောင်းဆုချွေ၊ ခင်မြတ်မွန်၏ လပြည့်ကို မမေ့ပါ၊ စံသူမြတ်(သုံးဆယ်)၏ မိသားစုအိုးစည်ဝိုင်း၊ သုံးဆယ်ဘုန်းကြွယ်၏ သီတင်းကျွတ်လနှင့် မီးထွန်းပွဲတော်၊ ရွှေပိန်းသော် (ဒါးပိန်မြို့)၏ မောင်ဖိုးသော်နှင့် ဆေးဆရာမိခင်အို၊ ရဲနွယ်မောင် (သုံးဆယ်)၏ ဗန်းကလေး၊ ခင်မောင်မြင့် (ရွှေဆယ်မြေ)၏ လယ်ဟင်းလျာ၊ ဘအုန်း (ပုသိမ်)၏ ပီတိဆုံမှတ်၊ ညိမ်မွန်၏ ဖန်သီးပင်၊ မြချမ်းမြေ့(ဇီးကုန်း)၏ ရေကောင်းရေသန့်၊ သန့်စင်မွန်၏ ကျန်းမာလှုပ်ရှား ဆော့ကစား၊ ပါမောက္ခဒေါက်တာဒေါ်ကေသီထွန်း၏ ကလေးများနှင့် စိတ်ခံစားဆက်သွယ်မှု၊ ခြူးရဲသန့်၏ မောင်ထင်ရှားနှင့် ရွှေငါးကလေးများ၊ မေသံစဉ်၏ လူငယ်များနှင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ နိုဦးဇော်၏ အာကာသယာဉ်၊ တက္ကသိုလ်မောင်အောင်ဆွေ၏ သိပ္ပံပညာရှင်များ လာပြီ၊ အင်္ဂလိပ်စာ၊ ပုံပြင်၊ ကာတွန်း၊ ဟာသ၊ ဉာဏ်စမ်း၊ ပုံဆွဲကြမယ်၊ ဆေးရောင်ခြယ်ကြမယ်တို့ ပါရှိသည်။

စာအုပ်ကို ရွှေဒါးအောင်သပြေစာပေ၊ ဖုန်း ၀၉ ၇၉၅၃၉၉၈၈၆နှင့် နေစေးစာပေ၊ ၀၉ ၂၅၀၀၁၉၆၃၂ တို့မှ တန်ဖိုးငွေကျပ် ၅၅၀၀ ဖြင့် ဖြန့်ချိသည်။

## ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်(ရန်ကုန်)သို့ မရမ်းကုန်းမြို့နယ်မှ ကျောင်းသား ကျောင်းသူများ သွားရောက်လေ့လာ

**ရန်ကုန် အောက်တိုဘာ ၁၈**

ကျောင်းသား ကျောင်းသူများ၊ လူငယ်လူရွယ်များ မိမိတို့နိုင်ငံ၏ ခိုင်မာသည့် သမိုင်းကြောင်း၊ ကြီးမြတ်သော အစဉ်အလာနှင့် ယဉ်ကျေးမှုတန်ဖိုးများကို သိရှိနားလည်လာစေရန်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားလာစေရန်နှင့် ဘိုးဘွားများ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်လိုစိတ်ရှိစေရန် ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကြီးကြပ်သူ ဆရာမများနှင့် ကျောင်းသားကျောင်းသူများသည် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်(ရန်ကုန်)သို့ ယနေ့နံနက်ပိုင်းက သွားရောက်လေ့လာကြသည်။



ထိုသို့ သွားရောက်လေ့လာရာတွင် ကြီးကြပ်ဆရာမကြီး ဒေါ်ခင်လေးရီ ဦးဆောင်သော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် အမျိုးသားပြတိုက်(ရန်ကုန်)ရှိ သီဟာသနပလ္လင်ပြခန်း၊ မြန်မာအက္ခရာနှင့် လက်ရေးမူပြခန်း၊ ရတနာပုံခေတ်ပြခန်း၊ သဘာဝသမိုင်းနှင့် မြန်မာ့သမိုင်းမတင်မီခေတ်ပြခန်း၊ မြန်မာ့မြို့ပြယဉ်ကျေးမှုပြခန်း၊ မင်းခမ်းတော်ပစ္စည်းများပြခန်း၊ မြန်မာ့သုခုမအနုပညာပြခန်း၊ မြန်မာ့လက်မှုအနုပညာပြခန်း၊ မြန်မာ့ရှေးဟောင်း အဆင်တန်ဆာရတနာပြခန်း၊ မြန်မာ့ပန်းချီခန်းမဆောင်၊ တိုင်းရင်းသားယဉ်ကျေးမှုပြခန်း၊ ဗုဒ္ဓအနုပညာပြခန်းနှင့် အာဆီယံပြခန်း စသည်တို့ကို ကြည့်ရှုလေ့လာရာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန အမျိုးသားပြတိုက်(ရန်ကုန်) လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အိသန္တာနှင့် တာဝန်ရှိသူများက ပြခန်းများအလိုက် အမျိုးသားပြတိုက်၏ သက်တမ်း၊ မြန်မာ့သမိုင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ပြခန်းများအကြောင်းကို အသေးစိတ် လိုက်လံရှင်းလင်းပြသပေးခဲ့မှုအပေါ် ကျောင်းသားကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာမှတ်သားခဲ့ကြသည်။

အဆိုပါ အမျိုးသားပြတိုက်(ရန်ကုန်)သို့ ကျောင်းသားကျောင်းသူများ လာရောက်လေ့လာခြင်းဖြင့် မြန်မာလူမျိုးများ၏ သမိုင်းစဉ်ဆက် ကြီးကျယ်ခမ်းနားခဲ့ပုံများနှင့် ထိန်းသိမ်းကာကွယ်ရမည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို မြင်တွေ့သိရှိပြီး တန်ဖိုးထားမြတ်နိုးကာ ထိန်းသိမ်းစောင့်ရှောက်တတ်လာစေသည့် အကျိုးကျေးဇူးများကို ရရှိစေသည့်အပြင် အမျိုးသားပြတိုက်(ရန်ကုန်)ကို ပြည်သူအများ လေ့လာကြည့်ရှုနိုင်ရန် ရည်ရွယ်လျက် တနင်္လာနေ့နှင့် အစိုးရ ရုံးပိတ်ရက်များမှအပ နေ့စဉ်နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

မင်းသိန်းထွန်း



## ရေတာရှည်မြို့နယ်၌ အယ်လ်နီညိုကာကွယ်ရေး အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူ

**ရေတာရှည် အောက်တိုဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ အယ်လ်နီညို ကြိုတင်ကာကွယ်ရေး အသိပညာပေးမြေစိုက်ပိုစတာစိုက်ထူပွဲကို ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များပူးပေါင်း၍ လူစည်ကားရာနေရာဖြစ်သော ကရင်ချောင်းလမ်းဆုံတွင် အယ်လ်နီညိုကြိုတင်ကာကွယ်ရေး အသိပညာပေး မြေစိုက်ပိုစတာ စိုက်ထူကြပြီး အသိပညာပေး လက်ကမ်းစာစောင်များကို ပြည်သူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် အောက်တိုဘာ ၁၈**

ယနေ့ မြန်မာစံတော်ချိန် နံနက် ၃ နာရီ ၅၅ မိနစ် ၁၀ စက္ကန့်တွင် ကျိုင်းတုံမြေငလျင်စခန်းမှ မြောက်-အနောက်မြောက်ဘက် (၆၅)မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ပန်ဆန်းမြို့၏အနောက်တောင်ဘက် (၆)မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၂ ဒသမ ၁၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၉ ဒသမ ၁၀ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၅(M)အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# စူပါအယ်လ်နီညိုကို နည်းပညာဖြင့် ရင်ဆိုင်ခြင်း

**နီဇော်သစ်**




အယ်လ်နီညိုဟုဆိုလျှင် အပူလှိုင်းဟုစွဲနေကြသဖြင့် မိုးခေါင်ရေရှားခြင်း၊ အပူချိန်ပြင်းထန်ခြင်းတို့ကဲ့သို့ ရာသီဥတုဘေးအန္တရာယ်များကိုသာ ပြေးမြင်တတ်ကြသည်။ သို့သော် အယ်လ်နီညိုသည် ကမ္ဘာ့အချို့သော အရပ်ဒေသများတွင် မိုးရေချိန်မြင့်တက်မှုကိုဖြစ်စေနိုင်သည်။ ပြီးခဲ့သည့် ဂျပန် စူပါတိုင်ဖွန်းမုန်တိုင်းတွင် ဒေသတစ်ခု၌ နိုဝင်ဘာ တစ်လလုံးစာ မိုးရေချိန်ကို တစ်ရက်တည်းနှင့် ရွာသွားသည်မှာ အယ်လ်နီညို၏အကျိုးဆက်ဖြစ်သည်ဟု သိပ္ပံပညာရှင်များက ကောက်ချက်ချထားကြသည်။ အလားတူ ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက တောင်အမေရိက တောင်ပိုင်းတွင် မြစ်ရေကြီးခဲ့သည်မှာလည်း အယ်လ်နီညိုဖြစ်စဉ်၏ အကျိုးဆက်တစ်ခုပင်ဖြစ်သည်။

တစ်ချိန်တည်းမှာပင် တောင်အမေရိကတိုက်ရှိ ပီရူးနိုင်ငံတွင်မူ ပင်လယ်ရေပူနွေးလာမှုက အရေးကြီးသော ငါးသယံဇာတများကို ခြိမ်းခြောက်နေသည်။ ထိုဖြစ်စဉ်မှာလည်း စူပါအယ်လ်နီညိုဖြစ်လာနိုင်ခြေ၏ အကျိုးဆက်များထဲမှတစ်ခုဖြစ်သည်။ ကျွန်တော်ပြောခဲ့သလို လူသားတို့သည် နည်းပညာသတ္တဝါများဖြစ်ရာ ထိုမျှပြင်းထန်သော ရာသီဥတုအခြေအနေတို့ကို နည်းပညာသုံးပြီး ဘယ်လိုတုံ့ပြန်နေကြလဲဆိုသည့်အကြောင်း ဆွေးနွေးသွားပါမည်။

**အာဂျင်တီးနား-ရေကြီးမှုကို အာကာသမှ စောင့်ကြည့်ခြင်း**

ပြီးခဲ့သည့်ရက်ပိုင်းအတွင်း တောင်အမေရိက တောင်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပါရနာမြစ်၊ ဥရုဂွေးမြစ်နှင့် အီဂူယာဇူမြစ်တို့တွင် မြစ်ရေမြင့်တက်မှုများဖြစ်ပေါ်ခဲ့သည်။ အာဂျင်တီးနားနိုင်ငံ ကိုရီယင်တက်စ်ပြည်နယ်တွင် ပါရာနာမြစ်ရေမြင့်တက်လာသဖြင့် အချို့ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရသည်။ အိမ်နီးချင်း ပါရာဂွေးနိုင်ငံ အယိုလက်စ်မြို့တွင်လည်း လူ ၂၀၀၀ ကျော် နေရပ်စွန့်ခွာခဲ့ရပြီး ဥရုဂွေးနိုင်ငံ၌လည်း မိုးရွာသွန်းမှုတို့ကြောင့် မြစ်အောက်ပိုင်းဒေသများ ရေကြီးခဲ့သည်။

ရေကြီးမှုသည် လူနေအိမ်များကိုသာ ထိခိုက်စေခြင်းမဟုတ်ပါ။ လမ်းများ၊ တံတားများ၊ လျှပ်စစ်ဓာတ်အားပေးစနစ်များနှင့် စိုက်ပျိုးမြေများ ပျက်စီးနိုင်သည်။ မွေးမြူရေးတိရစ္ဆာန်များ ရေနစ်သေဆုံးနိုင်သလို ရေကြီးပြီးနောက် သောက်သုံးရေညစ်ညမ်းမှု၊ ကူးစက်ရောဂါနှင့် စားရေရိက္ခာပြတ်လပ်မှုတို့လည်း ဆက်လက်ဖြစ်ပေါ်လာနိုင်သည်။

ထိုအန္တရာယ်များကို ရင်ဆိုင်ရာတွင် အာဂျင်တီးနားက မိုးလေဝသရေဒါနှင့် ဂြိုဟ်တုအချက်အလက်များကို အသုံးပြုနေသည်။ နိုင်ငံ၏အမျိုးသား မိုးလေဝသရေဒါစနစ် (SINARAME) သည် ရေဒါများမှရရှိသည့်အချက်အလက်များကို အသုံးပြုပြီး မိုးရွာသွန်းမှုနှင့် မိုးလေဝသဖြစ်စဉ်များကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ပေးသည်။ ထိုအချက်အလက်များက အချိန်တိုအတွင်း မိုးရွာသွန်းမှုကို ပိုမိုတိကျစွာ ခန့်မှန်းနိုင်ရန် အထောက်အကူပြုသည်။

ရေဒါက မိုးတိမ်များအတွင်းရှိ ရေစက်များ၊ မိုးသီးများနှင့် အခြားအမှုန်များမှ ပြန်လာသည့် လျှပ်စစ်သံလိုက်လှိုင်းများကို တိုင်းတာခြင်းဖြင့် မိုးရွာသွန်းနေသည့်နေရာနှင့် ပြင်းအားတို့ကို သိရှိစေသည်။ ဂြိုဟ်တုများကမူ ပိုမိုကျယ်ပြန့်သည့် ဒေသများ၏ တိမ်ဖုံးလွှမ်းမှု၊ မိုးရွာသွန်းမှုဆိုင်ရာ ခန့်မှန်းချက်နှင့် မြေပြင်ရေဖုံးလွှမ်းမှုတို့ကို လေ့လာနိုင်စေသည်။ ထို့နောက် မြစ်ရေတိုင်းတာချက်များ၊ မိုးရေချိန်မှတ်တမ်းများနှင့် ကွန်ပျူတာမော်ဒယ်များကို ပေါင်းစပ်အသုံးပြုခြင်းဖြင့် ရေကြီးနိုင်ခြေရှိသည့်နေရာများကို ကြိုတင်ခန့်မှန်းနိုင်သည်။

ဤနေရာတွင် နည်းပညာ၏အကျိုးကျေးဇူးကို နားလည်ရန် အရေးကြီးသည်။ ရေဒါတစ်ခုရှိရုံဖြင့် ရေကြီးမှုကို တားဆီး၍မရနိုင်ပါ။ သို့သော် ရေကြီးနိုင်မည့်အချိန်ကို ကြိုသိနိုင်ပါက ဒေသခံများကို ကြိုတင်ရွှေ့ပြောင်းရန်၊ မွေးမြူရေးတိရစ္ဆာန်များကို ကုန်းမြင့်ရာသို့ရွှေ့ရန်၊ ဆေးဝါးနှင့် အရေးပေါ် စားရေရိက္ခာများ ကြိုတင်စုဆောင်းရန် အချိန်ရရှိလာမည်ဖြစ်သည်။ တံတားများနှင့် လမ်းများ ပိတ်ထားရမည့်အချိန်ကို ဆုံးဖြတ်နိုင်သကဲ့သို့ ကယ်ဆယ်ရေးအဖွဲ့များကိုလည်း အန္တရာယ်အများဆုံး နေရာများသို့ ဦးစားပေးပို့ဆောင်နိုင်သည်။

**ပီရူး-ပင်လယ်အောက်မှ ငါးအုပ်များကို အသံလှိုင်းဖြင့် ရှာဖွေခြင်း**

မြစ်ရေကြီးမှုနှင့် မတူညီသည့် အန္တရာယ်တစ်ခုကို ပီရူးနိုင်ငံက ရင်ဆိုင်နေရသည်။ ပီရူး၏ငါးလုပ်ငန်းအတွက် အရေးပါဆုံးငါးမျိုးစိတ်များထဲမှ တစ်မျိုးမှာ အန်ချိုဗက်တာဟုခေါ်သည့် ငါးသေးမျိုးဖြစ်သည်။ ငါးမှုန့်နှင့် ငါးဆီထုတ်လုပ်ရာတွင် အများအပြား အသုံးပြုကြပြီး ကမ္ဘာ့ငါးမွေးမြူရေးလုပ်ငန်းနှင့် တိရစ္ဆာန်အစာထုတ်လုပ်ရေးတို့အတွက် အရေးပါသည်။

ပုံမှန်အခြေအနေတွင် ပီရူးကမ်းရိုးတန်းအနီးရှိ ဟမ်းဘော့ ရေအေးစီးကြောင်းသည် အာဟာရဓာတ်ကြွယ်ဝသောရေများကို ပင်လယ်အောက်မှ အပေါ်သို့တက်လာစေသည်။ ထိုအာဟာရဓာတ်များက ရေညှိငယ်များကြီးထွားစေပြီး အစာကွင်းဆက်၏ အခြေခံကိုဖန်တီးပေးသည်။ သို့သော် အယ်လ်နီညိုဖြစ်ပေါ်သည့်အခါ ပင်လယ်ရေပူနွေးလာခြင်းနှင့် အာဟာရဓာတ်ကြွယ်ဝသော ရေအေးများအပေါ် တက်လာမှုပုံစံပြောင်းလဲခြင်းတို့ကြောင့် ငါးများ၏ ဖြန့်ကြက်တည်ရှိမှု၊ ကြီးထွားမှုနှင့် မျိုးပွားမှုတို့ ထိခိုက်နိုင်သည်။

ပီရူး၏ ပင်လယ်သိပ္ပံသုတေသနအဖွဲ့ IMARPE သည် ထိုပြောင်းလဲမှုများကို စောင့်ကြည့်ရန် ရေအောက်အသံလှိုင်းစနစ် (hydroacoustics) ကို အသုံးပြုသည်။ သုတေသနသင်္ဘောများက အသံလှိုင်းများကို ရေအောက်သို့ပို့လွှတ်ပြီး ငါးအုပ်များထံမှ ပြန်လာသည့်အသံလှိုင်းများကို တိုင်းတာခြင်းဖြင့် ငါးများ၏တည်နေရာ၊ အနက်နှင့် ပမာဏကို ခန့်မှန်းနိုင်သည်။ ထိုစစ်တမ်းများကို ပင်လယ်ရေမျက်နှာပြင်အပူချိန်၊ ဂြိုဟ်တုအချက်အလက်၊ ရေအောက်ဇော်ယာများနှင့် ဇီဝဗေဒဆိုင်ရာ စစ်ဆေးမှုများနှင့် ပေါင်းစပ်အသုံးပြုသည်။

ပြီးခဲ့သည့် ဇွန် ၁၁ ရက်တွင် ပီရူးထုတ်လုပ်ရေးဝန်ကြီးဌာနက သိပ္ပံဆိုင်ရာစောင့်ကြည့်လေ့လာမှုအပေါ်အခြေခံပြီး နိုင်ငံ၏အဓိကငါးလုပ်ငန်းဖြစ်သော အန်ချိုဗီငါးဖမ်းမှုကို မြောက်ပိုင်းနှင့် အလယ်ပိုင်းပင်လယ်ပြင်တို့တွင် ယာယီရပ်ဆိုင်းခဲ့သည်။ အဓိကစိုးရိမ်ချက်တွေက ပင်လယ်ရေအပူချိန်မြင့်တက်လာခြင်းနဲ့ ငါးငယ်အရေအတွက် များပြားနေခြင်းပါ။ ပြီးခဲ့သည့် စက်တင်ဘာလတွင်မူ ပီရူး၏ အမျိုးသားအယ်လ်နီညို စောင့်ကြည့်ရေးအဖွဲ့ (ENFEN) က ကမ်းရိုးတန်းအယ်လ်နီညို အားအလွန်ပြင်းထန်သည့်အဆင့်အထိ ရောက်နိုင်ကြောင်း ခန့်မှန်းထားပြီး အန်ချိုဗီငါးများ ပင်လယ်အောက်ပိုင်းကို ရွှေ့လျားမည့်အခြေအနေကိုလည်း သတိပေးထားသည်။

သိပ္ပံနည်းကျစောင့်ကြည့်မှုမရှိပါက ငါးဖမ်းလုပ်ငန်းသည် ယခင်နှစ်များကဲ့သို့ပင် ငါးများများတွေ့ရသည့်နေရာများတွင် ဆက်လက်ဖမ်းဆီးနေနိုင်သည်။ အချိန်တိုအတွင်း ဝင်ငွေရရှိနိုင်သော်လည်း မျိုးပွားနိုင်သည့် ငါးအရေအတွက် လျော့နည်းလာပါက နောင်နှစ်များတွင် ငါးသယံဇာတ ပိုမိုကျဆင်းနိုင်သည်။ ထိုအခြေအနေသည် ငါးဖမ်းသမားများ၏ အလုပ်အကိုင်၊ စက်ရုံအလုပ်သမားများ၏ ဝင်ငွေနှင့် နိုင်ငံ၏ ပို့ကုန်ဝင်ငွေတို့ကိုပါ ထိခိုက်စေနိုင်သည်။

**နည်းပညာရှိရုံဖြင့် မလုံလောက်**

အာဂျင်တီးနား၏ ရေကြီးမှုစောင့်ကြည့်ရေးစနစ်နှင့် ပီရူး၏ ငါးသယံဇာတစီမံခန့်ခွဲမှုတို့ကို နှိုင်းယှဉ်ကြည့်ပါက အရေးကြီးသောအချက်တစ်ခုကို တွေ့နိုင်သည်။ နည်းပညာသည် အချက်အလက်ကိုပေးနိုင်သော်လည်း ထိုအချက်အလက်အပေါ်မူတည်ပြီး အချိန်မီဆုံးဖြတ်ချက်ချမှသာ အကျိုးရှိလာမည်ဆိုသည့်အချက်ဖြစ်သည်။

ရေကြီးနိုင်ကြောင်း ကြိုတင်သိထားသော်လည်း လူများကိုရွှေ့ပြောင်းရန် လမ်းပန်းဆက်သွယ်ရေး၊ အရေးပေါ်အကူအညီနှင့် သတိပေးချက်ရောက်ရှိရေးစနစ်မရှိပါက ထိခိုက်မှုများ ဆက်လက်ဖြစ်ပေါ်နိုင်သည်။ အလားတူပင် ငါးအုပ်များ၏ အခြေအနေကိုသိရှိသော်လည်း ငါးဖမ်းမှုကို စည်းမျဉ်းစည်းကမ်းနှင့်အညီ မထိန်းချုပ်နိုင်ပါက သယံဇာတကျဆင်းမှုကို ကာကွယ်ရန်ခက်ခဲမည်ဖြစ်သည်။ နည်းပညာ၏ အဓိကတန်ဖိုးမှာ သဘာဝဘေးကို ပျောက်ကွယ်စေခြင်းမဟုတ်ဘဲ လူသားတို့၏ တုံ့ပြန်နိုင်စွမ်းကို မြှင့်တင်ပေးခြင်းဖြစ်သည်။

---

## ဟာရီကိန်း ဆိုင်မွန်ကြောင့် ကောင်းကင်အထက်ပိုင်း၌ ရှားပါးလှိုင်းပုံစံများကို နာဆာတွေ့ရှိ




မက္ကဆီကိုကမ်းရိုးတန်းအနီး ဟာရီကိန်းမုန်တိုင်း ဆိုင်မွန်တိုက်ခတ်နေစဉ် ကမ္ဘာ့လေထုအပေါ်ပိုင်း၌ ထူးခြားသော လှိုင်းဂယက်များဖြစ်ပေါ်နေသည်ကို ဂြိုဟ်တုမှတ်တမ်းတင်နိုင်ခဲ့သည်။

၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၁ ရက်တွင် မက္ကဆီကိုနိုင်ငံ ပစိဖိတ်ကမ်းရိုးတန်းအနီးသို့ ချဉ်းကပ်လာသော ဟာရီကိန်း ဆိုင်မွန်ကြောင့် လေပြင်းတိုက်ခတ်မှုနှင့် မိုးသည်းထန်စွာရွာသွန်းမှုများ ဖြစ်ပေါ်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ကမ္ဘာမြေမျက်နှာပြင်အထက် အလွန်မြင့်မားသော လေထုအလွှာများ၌ ထူးခြားသည့်လှိုင်းပုံစံများ ပေါ်ထွက်နေသည်ကို အမေရိကန် အာကာသအေဂျင်စီ နာဆာ (NASA) ၏ ဂြိုဟ်တုအချက်အလက်များမှတစ်ဆင့် တွေ့ရှိခဲ့သည်။

အောက်တိုဘာ ၁၁ ရက်တွင် ဆိုင်မွန်သည် အမြင့်ဆုံးအဆင့်ဖြစ်သော အဆင့်(၄) ဟာရီကိန်းအဖြစ် အားကောင်းနေချိန်၌ လေတိုက်နှုန်းမှာ တစ်နာရီလျှင် ကီလိုမီတာ ၂၅၀ ခန့်အထိရှိခဲ့သည်။ ထိုနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲခန့်တွင် NASA ၏ Suomi NPP ဂြိုဟ်တုပေါ်ရှိ VIIRS ကိရိယာက မုန်တိုင်း၏ပုံရိပ်ကို မှတ်တမ်းတင်ခဲ့သည်။ ထိုအချိန်၌ မုန်တိုင်းဗဟိုချက်သည် မက္ကဆီကိုကမ်းခြေမှ ကီလိုမီတာ ၅၀ ခန့်အကွာတွင် ရှိနေခဲ့သည်။

ထူးခြားချက်မှာ မုန်တိုင်း၏သက်ရောက်မှုသည် မြေပြင်နှင့် ပင်လယ်ပြင်တွင်သာ ရပ်တန့်မနေခြင်းဖြစ်သည်။ အောက်တိုဘာ ၁၁ ရက် နံနက်အစောပိုင်းတွင် NOAA-21 ဂြိုဟ်တုပေါ်ရှိ VIIRS ကိရိယာက ဟာရီကိန်းမှ အပြင်ဘက်သို့ ဖြာထွက်နေသည့် လေထုဆွဲငင်အားလှိုင်းများ (Atmospheric Gravity Waves) ကို မှတ်တမ်းတင်နိုင်ခဲ့သည်။ ထိုလှိုင်းများသည် ရေမျက်နှာပြင်ပေါ်ရှိ လှိုင်းဂယက်များနှင့် ဆင်တူသည့်ပုံစံမျိုးဖြင့် လေထုအတွင်း ပျံ့နှံ့သွားကြသည်။

ဟာရီကိန်းမုန်တိုင်းမှဖြစ်ပေါ်သော လှိုင်းများကို ဂြိုဟ်တုက အမြဲတမ်းမြင်တွေ့နိုင်ခြင်းမရှိပါ။ အမြင့်ပိုင်းလေထုရှိ လေပြင်းများက လှိုင်းများကို အားပျော့စေနိုင်သောကြောင့်ဖြစ်သည်။ ဆိုင်မွန်ကို စောင့်ကြည့်ချိန်တွင် လ၏အလင်းရောင် အနည်းငယ်သာရှိနေခြင်းက အလင်းဖျော့ဖျော့နှင့် လှိုင်းပုံစံများကို ပိုမိုထင်ရှားစွာ တွေ့မြင်နိုင်စေခဲ့ခြင်းဖြစ်သည်။

**Ref: scitechdaily**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန်ရည်ရွယ်ပြီး အင်္ဂလိပ်စကားပြောပုံစံများကို လေ့လာနိုင်ရန်အတွက် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။

ကြေးမုံစာတည်းအဖွဲ့

# A Basic Spoken English Course

**ယခင်တစ်ပတ်က Lesson 10: Describing people (လူများကို ဖော်ပြခြင်း) အကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီတစ်ပတ်မှာ Describing people (လူများကို ဖော်ပြခြင်း) အကြောင်းကို ဆက်လက်ဖော်ပြသွားမှာ ဖြစ်ပါတယ်။**

**(ယခင်တစ်ပတ်မှအဆက်)**

**3. Asking & Answering about Current Clothing**

**မေးခွန်း: "What is he/she wearing?"** (သူ/သူမ ဘာဝတ်ထားလဲ?)

- **Pattern: Subject + is wearing + [Color/Description + Clothes]**
  - He is wearing a black shirt. (သူက အင်္ကျီအနက်ရောင် ဝတ်ထားတယ်။)
  - She is wearing a blue dress and glasses. (သူမက အပြာရောင် ဂါဝန်နဲ့ မျက်မှန် တပ်ထားတယ်။)

**4. Asking & Answering about Age**

**မေးခွန်း: "How old is he/she?"** (သူ/သူမ အသက် ဘယ်လောက်ရှိပြီလဲ?)

- **Specific Age:** Subject + is + [Number] + years old.
  - He is 20 years old. (သူက အသက် ၂၀ ရှိပါပြီ။)
- **General Age:** Subject + is + [young / middle-aged / old].
  - She is middle-aged. (သူမက အသက်လတ်ပိုင်း ဖြစ်ပါတယ်။)

**5. Asking & Answering about General Resemblance**

**မေးခွန်း: "Who does he/she look like?"** (သူ/သူမက ဘယ်သူနဲ့ တူသလဲ?)

- **Pattern: Subject + looks like + [Person/Celebrity]**
  - He looks like his father. (သူက သူ့အဖေနဲ့ တူတယ်။)
  - She looks like a movie star. (သူမက ရုပ်ရှင်မင်းသမီး တစ်ယောက် နဲ့ တူတယ်။)

## (7) Facial Features and Face Shape (မျက်နှာပုံသဏ္ဌာန်နှင့် မျက်နှာသွင်ပြင်များ)

လူတစ်ယောက်ရဲ့ မျက်နှာကို အသေးစိတ်ဖော်ပြလိုတဲ့အခါ မျက်နှာပုံစံ၊ နှာခေါင်း၊ ပါးစပ်၊ မျက်ခုံးနဲ့ အပြုံးတို့ကို ထည့်သွင်းဖော်ပြနိုင်ပါတယ်။

| English | မြန်မာအဓိပ္ပာယ် |
|---|---|
| a round face | မျက်နှာဝိုင်း |
| an oval face | ဘဲဥပုံမျက်နှာ |
| a long face | မျက်နှာရှည် |
| a square face | လေးထောင့်ပုံမျက်နှာ |
| a pointed nose | ချွန်သောနှာခေါင်း |
| a small nose | နှာခေါင်းသေး |
| thick eyebrows | မျက်ခုံးထူ |
| thin eyebrows | မျက်ခုံးပါး |
| full lips | နှုတ်ခမ်းထူထူ |
| a wide smile | အပြုံးမျက်နှာ |
| freckles | မျက်နှာပေါ်ရှိ တင်းတိတ်အစက်များ |

**Sentence Patterns**

- She has an oval face. သူမမှာ ဘဲဥပုံမျက်နှာရှိတယ်။
- He has thick eyebrows. သူ့မှာ မျက်ခုံးထူထူရှိတယ်။
- She has a lovely smile. သူမရဲ့အပြုံးက ချစ်စရာကောင်းတယ်။
- He has freckles on his face. သူ့မျက်နှာမှာ တင်းတိတ်အစက်လေးတွေရှိတယ်။

## (8) Voice and Manner of Speaking (အသံနှင့် စကားပြောပုံ)

လူတစ်ယောက်ရဲ့ အသံ၊ စကားပြောနှုန်းနဲ့ ပြောဆိုပုံကိုလည်း ဖော်ပြနိုင်ပါတယ်။

| English | မြန်မာအဓိပ္ပာယ် |
|---|---|
| a soft voice | နူးညံ့သောအသံ |
| a loud voice | ကျယ်လောင်သောအသံ |
| a deep voice | ဩဇာပါသော အသံနိမ့် |
| a gentle voice | နူးညံ့သိမ်မွေ့သောအသံ |
| speak clearly | ရှင်းလင်းစွာပြောသည် |
| speak softly | အသံတိုးတိုးဖြင့် ပြောသည် |
| speak quickly | မြန်မြန်ပြောသည် |
| speak slowly | ဖြည်းဖြည်းပြောသည် |
| speak politely | ယဉ်ကျေးစွာပြောသည် |
| laugh often | မကြာခဏ ရယ်မောသည် |

**Examples**

- My teacher has a gentle voice. ကျွန်တော့်ဆရာမမှာ နူးညံ့တဲ့ အသံရှိတယ်။
- He speaks clearly and politely. သူက ရှင်းရှင်းလင်းလင်းနဲ့ ယဉ်ကျေးစွာ ပြောတတ်တယ်။
- My grandfather speaks slowly. ကျွန်တော့်အဘိုးက ဖြည်းဖြည်း ပြောတတ်တယ်။

## (9) Behaviour and Habits (အပြုအမူနှင့် အလေ့အကျင့်)

| English expression | မြန်မာအဓိပ္ပာယ် |
|---|---|
| help others | အခြားသူများကို ကူညီသည် |
| share things with others | အခြားသူများနှင့် ပစ္စည်းများ မျှဝေသည် |
| keep promises | ကတိတည်သည် |
| tell the truth | အမှန်အတိုင်းပြောသည် |
| listen carefully | ဂရုတစိုက် နားထောင်သည် |
| respect older people | လူကြီးသူမများကို လေးစားသည် |
| care for others | အခြားသူများကို ဂရုစိုက်သည် |
| work well in a team | အဖွဲ့နှင့် ကောင်းစွာအလုပ်လုပ်သည် |
| arrive on time | အချိန်မှန်ရောက်သည် |
| offer help | အကူအညီပေးရန် ကမ်းလှမ်းသည် |

**Examples**

- She always helps her classmates. သူမက အတန်းဖော်တွေကို အမြဲကူညီတယ်။
- He keeps his promises. သူက သူ့ကတိတွေကို တည်တယ်။
- My friend listens carefully when I speak. ကျွန်တော်စကားပြောတဲ့အခါ သူငယ်ချင်းက ဂရုတစိုက် နားထောင်တယ်။

## (10) Describing Skills and Abilities (အရည်အချင်းနှင့် လုပ်နိုင်စွမ်းကို ဖော်ပြခြင်း)

လူတစ်ယောက် ဘာလုပ်တတ်သလဲ၊ ဘယ်အရာမှာ ကျွမ်းကျင်သလဲ ဆိုတာကိုလည်း ဖော်ပြနိုင်ပါတယ်။

| English | မြန်မာအဓိပ္ပာယ် |
|---|---|
| good at drawing | ပုံဆွဲရာတွင် တော်သော |
| good at cooking | ဟင်းချက်ရာတွင် တော်သော |
| good at singing | သီချင်းဆိုရာတွင် တော်သော |
| good at sports | အားကစားတွင် တော်သော |
| talented | ပါရမီရှိသော |
| creative | တီထွင်ဖန်တီးနိုင်စွမ်းရှိသော |
| well-organised | စနစ်တကျ စီစဉ်တတ်သော |
| a good listener | သူတစ်ပါးစကားကို ကောင်းစွာနားထောင်တတ်သူ |

**Grammar Pattern (1)**

**Subject + be verb + good at + noun/V-ing**

- She is good at drawing. သူမက ပုံဆွဲရာမှာ တော်တယ်။
- He is good at playing football. သူက ဘောလုံးကစားရာမှာ တော်တယ်။

**Grammar Pattern (2)**

**Subject + can + base verb**

- She **can sing** beautifully. သူမက သီချင်းကို လှပစွာဆိုနိုင်တယ်။
- He **can solve** difficult problems. သူက ခက်ခဲတဲ့ပြဿနာတွေကို ဖြေရှင်းနိုင်တယ်။

## (11) How to Describe a Person in Detail (လူတစ်ယောက်အကြောင်း အသေးစိတ်ဖော်ပြနည်း)

**Step 1: Introduce the person** (လူတစ်ယောက်ကို မိတ်ဆက်ပါ။)

- I would like to describe my best friend.
- The person I admire most is my mother.
- My English teacher is someone I respect.

**Step 2: Give general information** (အမည်၊ အသက်၊ အလုပ်အကိုင် သို့မဟုတ် မိမိနှင့် တော်စပ်ပုံကို ဖော်ပြပါ။)

- Her name is May.
- She is twelve years old.
- She is my classmate.

**Step 3: Describe the appearance** (ပုံပန်းသဏ္ဌာန်ကို ဖော်ပြပါ။)

- She is of medium height.
- She has long, straight, black hair.
- She has an oval face.

**Step 4: Describe the personality** (အကျင့်စရိုက်ကို ဖော်ပြပါ။)

- She is friendly, honest and helpful.
- She is also patient and hardworking.

**Step 5: Give examples of behaviour and interests** (အပြုအမူ၊ ဝါသနာနဲ့ အရည်အချင်းတွေကို ဥပမာနဲ့ ဖော်ပြပါ။)

- She enjoys reading books.
- She often helps her classmates.
- She is good at drawing.

**Step 6: Explain your relationship and opinion** (မိမိနဲ့ သူ့ရဲ့ဆက်ဆံရေး၊ မိမိရဲ့အမြင်ကို ဖော်ပြပါ။)

- We often study together.
- I admire her because she is always helpful.
- I am happy to have her as my friend.

**စာပိုဒ်တစ်ပိုဒ်လုံးကို ပေါင်းစပ်ကြည့်ပါ။**

**Example: My Best Friend**

My best friend's name is May Lay. She is twelve years old and is my classmate. She is of medium height and has long, straight, black hair. She has an oval face and a cheerful smile. She is friendly, honest and helpful. She enjoys reading books and is good at drawing. She often helps her classmates when they have difficulties. We usually study and play together after school. I admire her because she is kind and always thinks of others. I am happy to have such a wonderful friend.

**Exercise:**

**(1) Fill in the blanks.**

(helpful/ classmate/ enjoys/ honest/ medium/ because/ drawing/ together/ straight/ admire)

1. May Lay is my __________.
2. She is of __________ height.
3. She has long, __________ hair.
4. She is kind and __________.
5. She always tells the truth. She is __________.
6. She __________ reading books.
7. She is good at __________.
8. We often study __________.
9. I __________ her because she is hardworking.
10. I like her __________ she always helps me.

**(2) Put the sentences in the correct order.**

A. She is friendly, patient and helpful.
B. I am happy to have her as my friend.
C. My best friend's name is Su Su.
D. She has long, wavy, black hair.
E. She often helps me with my homework.
F. She is twelve years old and is my classmate.

Correct order: ______ → ______ →______ → ______ → ______ → ______

**(3) Write a paragraph.**

**Person: My Best Friend**

- Name: Moe Moe
- Age: 12
- Relationship: Classmate
- Appearance: Medium height, long black hair, round face
- Personality: Friendly, polite, honest
- Interests: Reading and playing badminton
- Behaviour: Helps classmates
- Relationship: Study together after school
- Opinion: A good friend

**အထောက်အကူပြု ဝါကျများ —**

- I would like to describe …
- Her name is …
- She is … years old.
- She is of … height and has …
- She is …
- She enjoys …
- She often …
- We usually …
- I admire her because …
- I am happy …

(ဆက်လက်ဖော်ပြပါမည်)

**အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (The Perfect English Supplement Editorial Group) ၀၉-၄၃၁၅၇၀၇၁ ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။**



## ဘီးလင်းမြို့နယ်ရှိ သုံးလူထွဋ်ခေါင် အောင်စေတီတော်မြတ်ကြီးအား ရွှေထီးတော်တင်မင်္ဂလာအခမ်းအနား ကျင်းပ

ဘီးလင်း အောက်တိုဘာ ၁၈

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကင်းရွာ(စံပြကျေးရွာ)ဆံတော်ရှင်ကေလာသစေတီတော်မြတ်ကြီး၏ တောင်ခြေအနီးကျွန်းလေးတောင်ပေါ်ရှိ အရိယဓမ္မစခန်း ကျွန်းလေးကျောင်းတိုက်ကြီးအတွင်း တည်ထားကိုးကွယ်တော်မူသော သုံးလူထွဋ်ခေါင်အောင်စေတီတော်မြတ်ကြီးအား ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်များ တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ခြင်း အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ဘီးလင်းမြို့နယ် ပုညသုခိတာရုံကျောင်းတိုက်မှ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဒေါက်တာပညာသာမိထံမှ ငါးပါးသီလကို အလှူရှင်များနှင့်ဧည့်ပရိသတ်များက ခံယူဆောက်တည်ကြသည်။

ထို့နောက် ကြွရောက်လာကြသော ဆရာတော်သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်ချီးမြှင့်ပြီး ဆရာတော် သံဃာတော်များထံ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်များနှင့်လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်များကို နတ်၊ သိကြားများက ပင့်ဆောင်၍ သုံးလူထွဋ်ခေါင်အောင်စေတီတော်မြတ်ကြီးအား လက်ယာရစ် သုံးကြိမ်လှည့်လည်ပူဇော်ပြီး ဆရာတော်ကြီးများက ဗုဒ္ဓါဘိသေကမင်္ဂလာအနေကဇာတင်ခြင်းကို ဆောင်ရွက်ခဲ့သည်။

ထို့နောက် မြစိမ်းတောင်ဆရာတော် အရှင်ဇာနေယျက လှူဖွယ်ဝတ္ထုပစ္စည်းအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## စက်မှုလယ်ယာဗဟိုသင်တန်းကျောင်းမှ အရည်အသွေးနှင့် အရည်အချင်းမြှင့်သင်တန်းသားများ မွေးထုတ်ပေး

ရန်ကုန် အောက်တိုဘာ ၁၈

နိုင်ငံ၏ စက်မှုလယ်ယာကူးပြောင်းရေး လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနေသည့် လယ်ယာသုံးစက်ကိရိယာအရည်အသွေးနှင့် အရည်အချင်းမြှင့်သင်တန်းသားများကို စက်မှုလယ်ယာဗဟိုသင်တန်းကျောင်း (မိတ္ထီလာ)မှ မွေးထုတ်ပေးနေကြောင်း အဆိုပါသင်တန်းကျောင်းမှ သိရသည်။



အဆိုပါသင်တန်းကျောင်းတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု (အထူး)သင်တန်း ငါးကြိမ်၊ လယ်ယာသုံးစက်ကိရိယာကျွမ်းကျင်မှုလက်မှတ်ရသင်တန်း အမှတ်စဉ်(၅) တစ်ကြိမ်နှင့် ဌာနတွင်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းလေးကြိမ်ဖြင့် စုစုပေါင်း ၁၀ ကြိမ်ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ လယ်ယာသုံး စက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု (အထူး) သင်တန်း နှစ်ကြိမ်၊ ဌာနတွင်းစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်း တစ်ကြိမ် ဖွင့်လှစ်ခဲ့ပြီး လက်ရှိတွင် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အထူး) သင်တန်းနှင့် လယ်ယာသုံးစက်ကိရိယာ ကျွမ်းကျင်မှုလက်မှတ်ရသင်တန်း အမှတ်စဉ်(၅)တို့ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

စက်မှုလယ်ယာဗဟိုသင်တန်းကျောင်းတွင် ဝန်ထမ်းများ စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းကို နှစ်ပတ်၊ လယ်ယာသုံး စက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု အထူးသင်တန်းကို ရှစ်ပတ်၊ လယ်ယာသုံးစက်ကိရိယာကျွမ်းကျင်မှုလက်မှတ်ရသင်တန်း တစ်နှစ်နှင့် အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သည့် သင်တန်းတို့ကို နှစ်စဉ်ပို့ချပေးသည်။

ဗဟိုသင်တန်းကျောင်း သည် ၁၉၆၄-၁၉၆၅ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်အထိ သင်တန်း ၅၀၂ ကြိမ်ဖွင့်လှစ်ခဲ့ပြီး ဌာနတွင်း၊ တောင်သူနှင့် ကုမ္ပဏီ/ဌာနေ အကျိုးပြုသင်တန်းသား ၄၁၅၇၅ ဦးကို မွေးထုတ်ပေးခဲ့သည်။ ၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ သင်တန်း ၁၈ ကြိမ်ဖွင့်လှစ်ရာတွင် သင်တန်းသား ၈၂၅ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး လယ်ယာလုပ်ငန်းခွင် အလုပ်အကိုင် ၈၁ ရာခိုင်နှုန်းကို ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

"လက်မှု လယ်ယာကနေ စက်မှုလယ်ယာကို ကူးပြောင်းနေချိန်မှာ တကယ်လိုအပ်နေတဲ့ စက်မှုလယ်ယာ ကျွမ်းကျင်လုပ်သားကောင်းတွေကို မွေးထုတ်ပေးနိုင်တာဟာ စက်မှုလယ်ယာဦးစီးဌာနအနေနဲ့ ဂုဏ်ယူစရာပါ။ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုတဲ့ သင်တန်းတွေကနေ သင်တန်းသားတွေကို စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်အောင် အမြဲကြိုးစား ဆောင်ရွက်နေပါတယ်"ဟု စက်မှုလယ်ယာဗဟိုသင်တန်းကျောင်းအုပ် (မိတ္ထီလာ) ဦးထွန်းထိန်လင်းက ပြောသည်။

နိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် နည်းပညာနှင့် စက်ကိရိယာ ကျွမ်းကျင်မှုမှာ အထူးအရေးပါပြီး အဆိုပါပညာရပ်များကို လေ့ကျင့်သင်ကြားပေးနေသည့် စက်မှုလယ်ယာဗဟိုသင်တန်းကျောင်း အနေဖြင့် စိတ်ဓာတ်ကောင်းမွန်၍ စည်းကမ်းကျနပြီး အရည်အသွေးပြည့်ဝသော စက်မှုလယ်ယာလုပ်သားကောင်းများ လေ့ကျင့်မွေးထုတ်ပေးရန်၊ စက်ကိရိယာများကို စနစ်တကျကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖော်ထုတ်ပေးရန်၊ အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှုနှင့် အခွင့်အလမ်းများ ရရှိစေရေး ဖန်တီးပေးနိုင်ရန်နှင့် အရည်အသွေးနှင့် အရည်အချင်းကို မြှင့်တင်ပေးခြင်းဖြင့် စက်မှုလယ်ယာကူးပြောင်းရေးလုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် သင်တန်းများကို ဖွင့်လှစ်ပေးခြင်းဖြစ်သည်။

အဆိုပါ သင်တန်းများကို တက်ရောက်လိုသူများ သည် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ရှိ စက်မှုလယ်ယာဦးစီးဌာန၊ စက်မှုလယ်ယာစခန်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးများနှင့် ချိတ်ဆက်ဆောင်ရွက်၍ တက်ရောက်နိုင်ကြောင်း သိရသည်။

သတင်း - ဥသာ
ဓာတ်ပုံ - ကိုလွင်

## ရုရှားနိုင်ငံတွင်ကျင်းပမည့် International Sports Forum Russia: Country of Sports သို့ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်မှ ကိုယ်စားလှယ် တက်ရောက်ရန် ထွက်ခွာ

နေပြည်တော် အောက်တိုဘာ ၁၈

ရုရှားနိုင်ငံ Krasnoyarsk မြို့တွင် အောက်တိုဘာ ၂၁ ရက်မှ ၂၃ ရက်အထိ ကျင်းပမည့် International Sports Forum Russia: Country of Sports သို့ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်မှ အလုပ်အမှုဆောင် နိုင်ငံတကာဆက်ဆံရေးတာဝန်ခံ ဦးမြင့်ဟန် တက်ရောက်မည်ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲသို့ တက်ရောက်ရန်အတွက် ဦးမြင့်ဟန်သည် အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းက Myanmar Airways International (MAI) လေကြောင်းလိုင်းဖြင့် ရုရှားနိုင်ငံသို့ ထွက်ခွာခဲ့ရာ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် အလုပ်အမှုဆောင်များက လေဆိပ်သို့ လိုက်ပါပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

အဆိုပါ နိုင်ငံတကာအားကစားဖိုရမ်သို့ တက်ရောက်ခြင်းဖြင့် နိုင်ငံတကာ အားကစားအဖွဲ့အစည်းများနှင့် ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လာစေရန်နှင့် မြန်မာနိုင်ငံဂျူဒိုအားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိသော အတွေ့အကြုံများနှင့် အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်



## ရန်ကင်းစင်တာ၌ မီးဘေးလုံခြုံရေးစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ရန်ကင်းစင်တာတွင် ယမန်နေ့က မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ စင်တာ FSM ဦးဇော်မိုးဝင်းနှင့် တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး မီးဘေးလုံခြုံရေးအခြေအနေများစစ်ဆေးခြင်း၊ အရေးပေါ် 191 Application အသုံးပြုပုံနှင့် မီးသတ်ဆေးဘူး ကိုင်တွယ်အသုံးပြုပုံတို့ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)

## ဘားအံမြို့တွင် သဘာဝဘေးအန္တရာယ်နှင့်ရေသိုလှောင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး

ဘားအံ အောက်တိုဘာ ၁၈

အယ်လ်နီညိုရာသီဥတု ဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့် ရေသိုလှောင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကိုယမန်နေ့နံနက်ပိုင်းက ဘားအံမြို့နယ် ဂျိုင်းကျေးရွာဓမ္မာရုံ၌ ကျင်းပသည်။



ဘားအံမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်၊ မိုးခေါင်ရေရှားခြင်း၊ အပူချိန်မြင့်တက်ခြင်းနှင့် စိုက်ပျိုးရေမလုံလောက်ခြင်းတို့ ဖြစ်ပေါ်နိုင်သဖြင့် ရေကိုစနစ်တကျစီမံသုံးစွဲနိုင်ရေး၊ ရေအရင်းအမြစ်များကို စနစ်တကျ သိုလှောင်ထိန်းသိမ်းပြုပြင်အသုံးပြုနိုင်ရေး၊ ကြိုတင်ပြင်ဆင်ထားသင့်သည့်အချက်များကို အသိပညာပေးဟောပြောကာ "အယ်လ်နီညိုအတွက် ရေအသုံးချသူများ ကြိုတင်ပြင်ဆင်ကြပါစို့" အသိပညာပေးလက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

- ❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- ❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ရေကြောင်းသတိပေးချက်

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited ကုမ္ပဏီသည် ရတနာသဘာဝဓာတ်ငွေ့စီမံကိန်းနှင့် ဇောတိကသဘာဝဓာတ်ငွေ့စီမံကိန်းများရှိ Maintenance Area တွင် Subsea Inspection, Repair and Maintenance (IRM) Campaign လုပ်ငန်းများအား MERMAID SAPPHIRE ရေယာဉ်ဖြင့် ၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၁ ရက်မှ ၂၀၂၇ ခုနှစ် မတ်လ ၃၁ ရက်ထိ ဆောင်ရွက်မည်ဖြစ်ပါသည်။

ရတနာနှင့် ဇောတိကစီမံကိန်းများ၏ Subsea Inspection, Repair and Maintenance (IRM) Campaign လုပ်ငန်းများဆောင်ရွက်မည့် အကျယ်အဝန်းများကို ဖော်ပြသည့် Coordinates များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လုပ်ကွက် M5/M6 ရှိ ရတနာပလက်ဖောင်းနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း၏ တည်နေရာ Coordinates များ

| Points | Latitude | Longitude |
|---|---|---|
| LCP | 15° 07′ 29″ N | 94° 46′ 59″ E |
| MCP | 15° 07′ 27″ N | 94° 46′ 56″ E |
| PP | 15° 07′ 23″ N | 94° 46′ 55″ E |
| QP2 | 15° 07′ 19″ N | 94° 46′ 56″ E |
| WP1 | 15° 07′ 24″ N | 94 ° 46′ 51″ E |
| WP2 | 15° 09′ 09″ N | 94° 46′ 51″ E |
| WP3 | 15° 02′ 03″ N | 94° 46′ 02″ E |
| WP4 | 15° 09′ 37″ N | 94° 43′ 02″ E |
| YDN Export Line | 15° 07′ 24″ N | 94° 46′ 56″ E |
| YDN Export Line | 14° 34′ 21″ N | 97° 54′ 27″ E |

(ခ) လုပ်ကွက် M9 ရှိ ဇောတိကပလက်ဖောင်းနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်း၏ တည်နေရာ Coordinates များ

| Points | Latitude | Longitude |
|---|---|---|
| ZPQ | 14° 11′ 27.800″ N | 96° 02′ 44.200″ E |
| ZWP1 | 14° 11′ 29.300″ N | 96° 02′ 49.100″ E |
| ZWP2 | 14° 16′ 35.700″ N | 96° 02′ 28.900″ E |
| ZWP3 | 14° 09′ 31.800″ N | 95° 56′ 47.300″ E |
| ZWP4 | 14° 01′ 34.137″ N | 95° 49′ 21.293″ E |
| ZWP5 | 14° 24′ 31.817″ N | 96° 02′ 02.443″ E |
| ZWP6 | 14° 08′ 28.681″ N | 95° 51′ 24.769″ E |
| ZWP7 | 14° 10′ 37.972″ N | 96° 04′ 48.017″ E |
| ZWP8 | 14° 19′ 06.252″ N | 95° 50′ 24.582″ E |
| ZWP9 | 14° 14′ 22.200″ N | 96° 09′ 07.390″ E |
| ZWP10 | 14° 18′ 37.184″ N | 96° 01′ 15.750″ E |
| ZWP11 | 14° 12′ 04.440″ N | 95° 48′ 36.450″ E |
| ZWP12 | 14° 11′ 52.798″ N | 95° 36′ 43.586″ E |
| ZWP13 | 14° 29′ 07.836″ N | 95° 59′ 22.765″ E |
| ZWP14 | 13° 59′ 54.310″ N | 95° 47′ 45.410″ E |
| ZWP15 | 14° 16′ 27.010″ N | 96° 05′ 12.954″ E |
| ZWP16 | 14° 15′ 20.183″ N | 95° 33′ 27.373″ E |
| ZWP17 | 14° 31′ 04.848″ N | 96° 00′ 39.758″ E |
| ZWP18 | 13° 57′ 00.176″ N | 95 46′ 05.549″ E |
| ZWP19 | 14° 15′ 24.134″ N | 95° 56′ 51.007″ E |
| ZTK Export Line | 14° 11′ 27.71″ N | 96° 02′ 47.03″ E |
| ZTK Export Line | 14° 27′ 34.2936″ N | 97° 54′ 13.313″ E |

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် (M5/M6)နှင့် M9 ပိုက်လိုင်းများ စစ်ဆေးပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို တိုင်းတာရေးသင်္ဘော MERMAID SAPPHIRE ဖြင့် ၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၁ ရက်မှ ၂၀၂၇ ခုနှစ် မတ်လ ၃၁ ရက်ထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ ပိုက်လိုင်းများ စစ်ဆေးပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်မည့် ဧရိယာအကျယ်အဝန်းနှင့် တည်နေရာများမှ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်း မရှိစေရန် ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ထားသည်။



## သာစည်မြို့မဈေးကြီး၌ မီးဘေးလုံခြုံရေးစစ်ဆေး

သာစည် အောက်တိုဘာ ၁၈

မန္တလေးတိုင်းဒေသကြီး သာစည်မြို့မဈေးကြီး၌ မီးဘေးလုံခြုံရေး စစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများကို အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းတွင် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများ ပါဝင်သော စုပေါင်းအဖွဲ့က ဆောင်ရွက်သည်။

မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူများက ဈေးအတွင်းရှိဆိုင်ခန်းများ အပူချိန်မြင့်မားလာနိုင်မှုကြောင့် ဆိုလာမီးတပ်ဆင်အသုံးမပြုရေး၊ လျှပ်စစ်မီတာများနှင့် မီးကြိုးများစစ်ဆေးခြင်း၊ စားသောက်ဆိုင်များ မီးဖိုမီးကို စနစ်တကျအသုံးပြုရန်နှင့် မီးအသုံးပြုချိန် သတ်မှတ်ဆောင်ရွက်သွားရန်၊ မီးဘေးလုံခြုံရေးဆောင်ရွက်ထားရှိမှုများကို စစ်ဆေးခြင်းနှင့် အသိပညာပေးခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်း(သာစည်)**




ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် မြို့မဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းနှင့် မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မိုးနိုင်က အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်ခဲ့ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးခွန်သိန်းရွှေနှင့် မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးညာဏ်လင်းမောင်တို့က ကြည့်ရှုအားပေးစဉ်။ မြို့နယ်(ပြန်/ဆက်)

## တပ်ကုန်းမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စာဖတ်ဝိုင်းကျင်းပ

**တပ်ကုန်း အောက်တိုဘာ ၁၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် MMKM Chinese Languaqe Center တို့ ပူးပေါင်း၍ သင်တန်းသား သင်တန်းသူများ မှန်ကန်သော အတွေးအခေါ်များဖြင့် အပြောအဆိုအတတ်ပညာများ ဖွံ့ဖြိုးစေရန်၊ စာကြည့်တိုက်နှင့် ပိုမိုကျွမ်းဝင်ရင်းနှီးလာစေရန်နှင့် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စာဖတ်ဝိုင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါဦးစီးဌာန



လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အဆိုပါ စာဖတ်ဝိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက စာဖတ်ဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားပြီး MMKM Chinese Languaqe Center တည်ထောင်သူနှင့် သင်တန်းမှ သင်တန်းသား သင်တန်းသူတို့က စာရေးဆရာ နန္ဒာသိန်းဇံ ရေးသားထားသည့် "ခရောင်းလမ်းကိုဖြတ်ကျော်ခြင်း" စာအုပ်ဖြင့် ဦးဆောင်ဆွေးနွေးခဲ့ရာ တက်ရောက်လာသည့် သင်တန်းသား သင်တန်းသူများက သိရှိလိုသည့် အကြောင်းအရာများ ပြန်လည် ဆွေးနွေးခဲ့ကြပြီး ဦးစီးအရာရှိနှင့် စာရေးဆရာ မျိုးမြင့်(အောင်လံ)တို့က ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

### ❖ M-League မှ

သန်လျင်စတားစီးတီးကွင်း၌ ကျင်းပသည့်ပွဲတွင် ဒဂုံစတားယူနိုက်တက်အသင်းက စစ်ကိုင်းယူနိုက်တက်အသင်းကို လေးဂိုး - နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဒဂုံစတားယူနိုက်တက်အသင်းသည် တစ်ကျော့ပြန်နိုင်ပွဲနှင့်အတူ ဇယားထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ နှစ်သင်းစလုံး အပြန်အလှန်သွင်းဂိုးများဖြင့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့ပြီး ဒဂုံစတားယူနိုက်တက်အသင်းသည် နှစ်ဂိုးပြတ်ဦးဆောင်ပြီးမှ ဂိုးများပြန်ပေးရသဖြင့် သရေကျခဲ့သော်လည်း ပွဲပြီးခါနီးဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဒဂုံစတားယူနိုက်တက်အသင်းအတွက် ဂိုးများကို ၁၀ မိနစ်တွင် ပက်ထရစ်၊ ၅၄ မိနစ်တွင် အီဒီရမ်၊ ၈၈ မိနစ်တွင် သီဟဇော်၊ ၉၀+၃ မိနစ်တွင် ရန်ကျော်ထွေးက သွင်းယူပြီး စစ်ကိုင်းယူနိုက်တက်အသင်းအတွက် ဂိုးများကို ၆၄ မိနစ်တွင် ကောင်းဇေယျာလင်းက တစ်ဂိုးသွင်းယူပြီး ကျန်တစ်ဂိုးမှာ ဒဂုံစတားအသင်းမှ ဝေယံလင်းသူ ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်းဖြစ်သည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို ဒဂုံစတားယူနိုက်တက်အသင်းခေါင်းဆောင် သီဟဇော်ကရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ၁၀ သိန်း ရရှိသည်။

ပဲခူး Grand Royal ကွင်း၌ကျင်းပသည့် ပွဲတွင် ဟံသာဝတီယူနိုက်တက်အသင်းက ရတနာပုံအသင်းကို တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ သုံးပွဲဆက်နိုင်ပွဲပျောက်ထားသည့် ဟံသာဝတီယူနိုက်တက်အသင်းသည် အိမ်ကွင်း၌ နိုင်ပွဲစတင်ရရှိခဲ့ပြီး ရတနာပုံအသင်းမှာမူ ပထမဆုံးရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။ ဟံသာဝတီယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးကို ၈၁ မိနစ်တွင် ဝင်းမိုးကျော်က သွင်းယူခဲ့သည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို ဟံသာဝတီယူနိုက်တက်ဂိုးသမား အောင်ပြည့်ဖြိုးက အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ၁၀ သိန်း ရရှိသည်။

ပွဲစဉ်(၄)အပြီးတွင် ဒဂုံစတားယူနိုက်တက်အသင်းက ၁၀ မှတ်၊ ရန်ကုန်စီးတီးအသင်းက ရှစ်မှတ်၊ ရှမ်းယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းက ခုနစ်မှတ်စီ၊ ရန်ကုန်ယူနိုက်တက်အသင်းက ခြောက်မှတ်၊ သစ္စာအားမာန်အသင်းက ငါးမှတ်၊ စစ်ကိုင်းယူနိုက်တက်၊ အား/ကာသိပ္ပံနှင့် ဟံသာဝတီယူနိုက်တက်အသင်းက လေးမှတ်စီ၊ ရှေဝတီယူနိုက်တက်အသင်းက သုံးမှတ်၊ Chinland အသင်းနှင့် မြဝတီအသင်းက တစ်မှတ်စီ ရရှိထားသည်။ ရှမ်းယူနိုက်တက်နှင့် ရန်ကုန်ယူနိုက်တက်အသင်းသည် AFC Challenge League ပြိုင်ပွဲ အုပ်စုပွဲယှဉ်ပြိုင်နေရသဖြင့် ပွဲစဉ်(၄) မှ ရှေဝတီယူနိုက်တက်-ရှမ်းယူနိုက်တက်၊ ရန်ကုန်ယူနိုက်တက်-မြဝတီပွဲကို ရွှေ့ဆိုင်းထားသဖြင့် ယင်းလေးသင်းမှာ သုံးပွဲစီသာ ကစားရသေးသည်။

**သတင်း - ညီမြတ်သော်တာ**

**ဓာတ်ပုံ - M-League**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ဂေဟစနစ်ဟန်ချက်ညီဖို့ ပင်လယ်သယံဇာတများ ထိန်းသိမ်းစို့

## Pisces (မွေးသု)

**အန်ဒမန်ပင်လယ်၏ကင်းစောင့်များ**

မြန်မာနိုင်ငံသည် နတ်မြစ်မှ ကော့သောင်းအထိ ၂၈၃၂ ကီလိုမီတာခန့် ရှည်လျားသော ကမ်းရိုးတန်းနှင့် စတုရန်းကီလိုမီတာ ၄၈၆၀၀၀ ရှိသော သီးသန့်စီးပွားရေးဇုန် (Exclusive Economic Zone–EEZ) ကို ပိုင်ဆိုင်ထားပြီး ရေနေသတ္တဝါထိန်းသိမ်းစောင့်ရှောက်ရေးတွင် အရေးပါသောနေရာတစ်ခုဖြစ်သည်။

ဤကျယ်ပြောသောရေပြင်အတွင်း၌ ကမ္ဘာ့ရှေးအကျဆုံးသတ္တဝါများဖြစ်ကြသည့် ငါးမန်းနှင့် ငါးလိပ်ကျောက်များသည် လွန်ခဲ့သော နှစ်ပေါင်း သန်း ၃၈၀ ကျော်ကတည်းက ရှင်သန်လာခဲ့ကြပြီး ရေငန်ဂေဟစနစ်၏ဟန်ချက်ကို ထိန်းညှိပေးသည့် အဓိကရေသတ္တဝါများအဖြစ် တည်ရှိနေကြသည်။ သို့သော်လည်း လွန်ခဲ့သောဆယ်စုနှစ်အနည်းငယ်အတွင်း ငါးများ၏ဇီဝထုထည်သိသိသာသာလျော့နည်းလာခြင်းနှင့် တရားမဝင်ဖမ်းဆီးမှုများကြောင့် ဤ **“ပင်လယ်ပြင်၏ကင်းစောင့်များဟု တင်စားရမည့် ငါးမန်းနှင့် ငါးလိပ်ကျောက်များ”** ကို ကာကွယ်ထိန်းသိမ်းရန်မှာ ယနေ့ခေတ်တွင် အမျိုးသားရေးတာဝန်တစ်ရပ် ဖြစ်လာနေပါသည်။

**သုတေသနတွေ့ရှိချက်များနှင့် သိပ္ပံနည်းကျဆန်းစစ်မှုများ**

မြန်မာ့ပင်လယ်ပြင်အတွင်းရှိ ရေနေသယံဇာတများ၏ အခြေအနေကို သိရှိနိုင်ရန် နော်ဝေနိုင်ငံ၏ **RV Dr. Fridtjof Nansen** သုတေသနသင်္ဘောဖြင့် စစ်တမ်းများကောက်ယူခဲ့ရာ လွန်ခဲ့သောဆယ်စုနှစ်အနည်းငယ်အတွင်း ငါးများ၏ ဇီဝထုထည် (Biomass) မှာ စိုးရိမ်ဖွယ်ရာ သိသိသာသာကျဆင်းသွားကြောင်း တွေ့ရှိရသည်။ ၁၉၇၉–၁၉၈၀ ခုနှစ်များ၌ ပင်လယ်ရေမျက်နှာပြင်ပိုင်း နေထိုင်ကျက်စားသောငါးများ၏ ဇီဝထုထည်သည် မက်ထရစ်တန် တစ်သန်းမှ ၂၀၁၃ ခုနှစ်တွင် မက်ထရစ်တန် တစ်သိန်းအထိ ကျဆင်းသွားခဲ့သည်။

တစ်ချိန်တည်းမှာပင် ပင်လယ်ပြင်အောက်ခြေပိုင်းနေထိုင်သော ငါးများ၏ ဇီဝထုထည်သည် မက်ထရစ်တန် ၇၅၀၀၀၀ မှ ၂၈၀၀၀၀ အထိကျဆင်းသွားခဲ့သည်။ မြန်မာနိုင်ငံရှိ ငါးမန်းများသည် စီးပွားရေးလုပ်ငန်းများ၏ အဓိကပစ်မှတ်ထားမှု ရှားပါးသော်လည်း ဖမ်းဆီးရရှိမှုအများစုမှာ အသေးစားငါးဖမ်းဆီးသူများ၏ မတော်တဆဖမ်းဆီးမိခြင်းဖြစ်သည်။ အဓိကအားဖြင့် အိမ်နီးချင်းနိုင်ငံများ၏ ငါးမန်းတောင်များကို နိုင်ငံတကာဝယ်လိုအား မြင့်မားလာခြင်းကြောင့် တရားမဝင်ငါးဖမ်းဆီးမှု များပြားလာခြင်းသည် အဓိကခြိမ်းခြောက်မှုတစ်ခုအဖြစ် ရှိနေဆဲဖြစ်ပါသည်။

**အမျိုးသားအဆင့် ကာကွယ်စောင့်ရှောက်ရေးနှင့် စီမံခန့်ခွဲမှု**

ငါးမန်းများ၏ ကြီးထွားမှုနှေးကွေးခြင်းနှင့် အရွယ်ရောက်မှုနောက်ကျပြီး အချို့သောမျိုးစိတ်များသည် အသက် ၁၂ နှစ်မှ နှစ် ၂၀ အထိ မျိုးပွားခြင်းမရှိသော ဇီဝဗေဒသဘောတရားများကြောင့် ထိခိုက်လွယ်သည့် မျိုးစိတ်များဖြစ်သည်။ မြိတ်ကျွန်းစုရှိ ရှော့စ်ကျွန်းနှင့် လန်ပိကျွန်းအကြားရှိရေပြင်၌ ငါးမန်းများနှင့် ငါးလိပ်ကျောက်များ ဖမ်းဆီးခြင်းကို လုံးဝတားမြစ်ထားသည်။ လန်ပိကျွန်းဧရိယာကို သန္တာကျောက်တန်းများနှင့် ဆက်စပ်ရေနေသတ္တဝါများကို ကာကွယ်ရန်အတွက်ရေနေဥယျာဉ်နှင့်ရေနေဘေးမဲ့တောအဖြစ်သတ်မှတ်ထားပါသည်။

**မျိုးပျက်သုဉ်းရန် အန္တရာယ်ရှိသောမျိုးစိတ်များ၏ နိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာကွန်ဗင်းရှင်းနှင့် ပူးပေါင်းဆောင်ရွက်မှု**

နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရာ၌ အထူးသဖြင့် **“မျိုးပျက်သုဉ်းရန် အန္တရာယ်ရှိသောမျိုးစိတ်များ၏ နိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာကွန်ဗင်းရှင်း”** Convention on International Trade Endangered Species of Wild Fauna and Flora (CITES) မှတစ်ဆင့် ကမ္ဘာလုံးဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်ရေး ကြိုးပမ်းမှုများတွင် မြန်မာနိုင်ငံသည် တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိသည်။ CITES ဆိုသည်မှာ မျိုးပျက်သုဉ်းရန်အန္တရာယ်ရှိသည့် သတ္တဝါမျိုးစိတ်များကို နိုင်ငံဖြတ်ကျော်၍ တရားမဝင်ရောင်းဝယ်ဖောက်ကားခြင်း မရှိစေရန် ထိန်းချုပ်ထားသည့် နိုင်ငံတကာ သဘောတူညီချက်တစ်ခု ဖြစ်ပါသည်။

CITES ၏ နောက်ဆက်တွဲ – ၂ (Appendix II)သည် နိုင်ငံတကာ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးမူဝါဒတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်၍ လင်းပိုင်မျိုးစိတ်များစွာနှင့် ဝေလငါးမန်း(*Rhincodon typus*) ကဲ့သို့သော မျိုးစိတ်များကိုမျိုးသုဉ်းရန်အန္တရာယ်ရှိသော မျိုးစိတ်များ၏ အမျိုးသားစာရင်းတွင်ထည့်သွင်း၍ တင်းကျပ်စွာ ကာကွယ်ထားသည်။ မျိုးပျက်သုဉ်းရန် အန္တရာယ်ရှိသောမျိုးစိတ်များ၏ နိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာကွန်ဗင်းရှင်း (CITES)၏ CoP (16) သဘောတူညီချက်အရ သမုဒ္ဒရာငါးမန်းဖြူ(Hammerhead)နှင့် ငါးလိပ်ကျောက် (Manta rays) စသည့် ငါးမန်းနှင့် ငါးလိပ်ကျောက်မျိုးစိတ်များကို Appendix II စာရင်း၌ထည့်သွင်း၍ ထိန်းသိမ်းစောင့်ရှောက်မှုများ

> **ဤကျယ်ပြောသော ရေပြင်အတွင်း၌ ကမ္ဘာ့ရှေးအကျဆုံးသတ္တဝါများဖြစ်ကြသည့် ငါးမန်းနှင့် ငါးလိပ်ကျောက်များသည် လွန်ခဲ့သော နှစ်ပေါင်း သန်း ၃၈၀ ကျော်ကတည်းက ရှင်သန်လာခဲ့ကြပြီး ရေငန်ဂေဟစနစ်၏ဟန်ချက်ကို ထိန်းညှိပေးသည့် အဓိကရေသတ္တဝါများအဖြစ် တည်ရှိနေကြသည်။ သို့သော်လည်း လွန်ခဲ့သောဆယ်စုနှစ် အနည်းငယ်အတွင်း ငါးများ၏ဇီဝထုထည် သိသိသာသာ လျော့နည်းလာခြင်းနှင့် တရားမဝင်ဖမ်းဆီးမှုများကြောင့် ဤ “ပင်လယ်ပြင်၏ ကင်းစောင့်များဟု တင်စားရမည့် ငါးမန်းနှင့် ငါးလိပ်ကျောက်များ” ကို ကာကွယ်ထိန်းသိမ်းရန်မှာ ယနေ့ခေတ်တွင် အမျိုးသားရေးတာဝန်တစ်ရပ် ဖြစ်လာနေ**

အကောင်အထည်ဖော်ရန် ဒေသဆိုင်ရာအလိုက် ကြိုးပမ်းမှုအနေဖြင့် ၂၀၁၄ ခုနှစ် ဩဂုတ်လ(၂၆–၂၈)ရက် အိန္ဒိယနိုင်ငံ ချန်နိုင်းမြို့ တမီနာလ်ဒူးတွင်ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲတွင် ဆွစ်ဇာလန်၊ အမေရိက၊ အီတလီ၊ ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှား၊ မော်လ်ဒိုက်၊ မလေးရှား၊ သီရိလင်္ကာ၊ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့ ပါဝင်ဆုံးဖြတ်ခဲ့ကြပါသည်။

CITES စာရင်းဝင်သော မျိုးစိတ်များအတွက် ကုန်သွယ်မှုကို ထိန်းချုပ်ထားခြင်းဖြင့် မျိုးစိတ်များ မျိုးပျက်သုဉ်းလုနီးပါးဖြစ်ခြင်းမှ ကာကွယ်ရန်ဖြစ်ပြီး တောရိုင်းတိရစ္ဆာန်များကို ကာကွယ်ထိန်းသိမ်းရန် ကမ္ဘာလုံးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးပါသည်။

Appendix II စာရင်းဝင်မျိုးစိတ်များ ထည့်သွင်းသတ်မှတ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ၏ သဘောတူညီချက်အရ မြန်မာ့ပင်လယ်ပြင်အတွင်းရှိ Appendix II စာရင်းတွင်ပါဝင်သော ငါးမန်းနှင့် ငါးလိပ်ကျောက်မျိုးစိတ်များကို ကုန်သွယ်ခြင်းကြောင့် ၎င်းတို့၏ရှင်သန်မှုကို ခြိမ်းခြောက်ခြင်းမရှိစေရန် သေချာစေခဲ့သည်။

အကယ်၍ သိပ္ပံနည်းကျသုတေသနပြုဆောင်ရွက်ရန် လိုအပ်ခြင်းကြောင့် နိုင်ငံဖြတ်ကျော်တင်ပို့ရန် လိုအပ်လာပါက မြန်မာနိုင်ငံကိုယ်စားပြု စီမံခန့်ခွဲခွင့်ပြုနိုင်သော အခွင့်အာဏာပိုင်၏ **“ကုန်သွယ်တင်ပို့ခြင်းဖြင့် မျိုးစိတ်၏မျိုးသုဉ်းနိုင်ခြင်းအခြေအနေမရှိကြောင်း”** သိပ္ပံနည်းကျထောက်ခံချက်(Non–Detriment Finding – NDF)ကို ဦးစွာရယူ၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

**ဂေဟစနစ်၏ ဟန်ချက်ထိန်းသူများ**

ငါးမန်းမျိုးစိတ်များသည် ပင်လယ်ရေအောက်ရှိ အခြားအလတ်စားအရွယ် သားစားငါးများကို စားသုံးပြီး သားစားငါးအရေအတွက်ကို ထိန်းချုပ်ပေးသဖြင့် ငါးမန်းမျိုးစိတ်များ ရှားပါးလာပါက အလတ်စားသားစားငါးအရေအတွက် များပြားလာပြီး ၎င်းတို့ထက်ငယ်သည့် ငါးငယ်များနှင့် သန္တာကျောက်တန်းများကို အလွန်အကျွံစားသုံးပစ်လိုက်နိုင်ပါသည်။ ထို့ပြင် ငါးမန်းများသည် ရေလွှာအထက်ပိုင်းတွင် ရောဂါကျရောက်ပြီး အားနည်းနေသည့်ငါးများနှင့် ဒဏ်ရာရနေသည့် ငါးများကို ရွေးချယ်စားသုံးလေ့ရှိသည့်အတွက် ရောဂါကူးစက်ပြန့်ပွားမှုကိုတားဆီးပေးပြီး ပင်လယ်ပြင်အတွင်း သန်စွမ်းသည့်ငါးမျိုးစိတ်များသာ ကျန်ရှိစေရန် ကူညီပေးပါသည်။

ငါးမျိုးစိတ်လောကတွင် အရွယ်အကြီးဆုံးဖြစ်သော ဝေလငါးမန်း (Whale Shark) မျိုးစိတ်သည် အခြားငါးမန်းများကဲ့သို့ အသားများကို ကိုက်ဖဲ့စားသုံးရန် ချွန်ထက်သော သွားများမရှိသဖြင့် လူများကိုလည်း အန္တရာယ်မပေးနိုင်သလို ၎င်းတို့၏ ကြီးမားသည့်ပါးစပ်ကိုဟ၍ ရေများကိုငုံကာ ပါးဟက်ရှိရေစစ်ပြားများ(Gill rakers)ဖြင့် ရေထဲတွင်ပါလာသည့် အပင်မျှောလေး၊ သတ္တမျှောလေး စသည့်အရွယ်သေးငယ်သည့် ငါးငယ်လေးများကို စစ်ယူစားသောက်ကြသဖြင့် **“ပင်လယ်ပြင်ရဲ့ နူးညံ့တဲ့ဘီလူးကြီးများ”**လို့ တင်စားနိုင်ပါသည်။

ငါးလိပ်ကျောက်များသည် ပင်လယ်ကြမ်းပြင်သဲထဲတွင် အစာရှာဖွေရင်း သဲများကိုယက်ထုတ်ကာ မွှေနှောက်ပေးခြင်းဖြင့် ရေအောက်မြေလွှာအတွင်းသို့ အောက်ဆီဂျင်ပိုမိုရောက်ရှိစေပြီး အခြားသော ရေနေသတ္တဝါငယ်လေးများ ရှင်သန်နိုင်သည့်ပတ်ဝန်းကျင်ကို ဖန်တီးပေးပါသည်။ ၎င်းတို့သဲယက်ထုတ်လိုက်ခြင်းကြောင့် ထွက်ပေါ်လာသည့် သတ္တဝါလေးများကို အခြားငါးငယ်လေးများက စားသုံးနိုင်သဖြင့် အစာကွင်းဆက်ကိုလည်း တစ်ဖက်တစ်လမ်းမှ ထောက်ပံ့ပေးသည်။ ငါးမန်းနှင့် ငါးလိပ်ကျောက်များက ပင်လယ်ပြင်ဂေဟစနစ် ကျန်းမာရေးအတွက် မတူညီသောကဏ္ဍများမှနေ၍ အတူတကွ ဟန်ချက်ညီအောင် ထိန်းညှိပေးလျက်ရှိပါသည်။

**ရေရှည်တည်တံ့သော အနာဂတ်နှင့် လူထုအခြေပြုထိန်းသိမ်းရေး**

ငါးလုပ်ငန်းဦးစီးဌာနက မြန်မာ့ပင်လယ်ပြင်အတွင်း ငါးဖမ်းဆီးခြင်းဆိုင်ရာ ကန့်သတ်ချက်များချမှတ်ခြင်းသာမက အနာဂတ်တွင် ပင်လယ်ဂေဟစနစ် ရေရှည်တည်တံ့စေရန်ရည်ရွယ်ပြီး ငါးမန်းများနှင့် ငါးလိပ်ကျောက်များ၏အရေးပါပုံကို ကမ်းရိုးတန်းရှိ ငါးလုပ်ငန်းစခန်းများတွင် ထိန်းသိမ်းရေးပိုစတာများနှင့် ကြော်ငြာဆိုင်းဘုတ်များကို လူထုအသိပညာပေးရန်နှင့် အခြားအသက်မွေးဝမ်းကျောင်းမှုဖြစ်သည့် သဘာဝခရီးသွားလုပ်ငန်းအနေဖြင့် မြိတ်ကျွန်းစုတွင် ငါးမန်း၊ ငါးလိပ်ကျောက်နှင့် လှုပဆွဲဆောင်မှုရှိသည့် ရေအောက်ရှုခင်းများရှိနေခြင်းသည် ကမ်းရိုးတန်းဒေသခံများအတွက် စီးပွားရေးအလားအလာများစွာရှိသော ရေငုပ်ခရီးစဉ်များစီစဉ်ခြင်းတို့ကို မဟာဗျူဟာကျကျ ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ ပင်လယ်ပြင်ကျန်းမာမှုနှင့် မြန်မာနိုင်ငံသားများ စားရေရိက္ခာဖူလုံရေးတို့သည် ငါးမန်းများနှင့် ငါးလိပ်ကျောက်များ အသက်ရှင်သန်နေမှုတို့နှင့် ခွဲခြားမရနိုင်အောင် ဆက်စပ်လျက်ရှိနေပါသည်။ ငါးလုပ်ငန်းဦးစီးဌာနသည် ငါးမန်းများနှင့် ငါးလိပ်ကျောက်များအတွက် ခိုင်မာသော အမျိုးသားကာကွယ်စောင့်ရှောက်ရေး အစီအစဉ်ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ငါးမန်းများနှင့် ငါးလိပ်ကျောက်များ ကာကွယ်ထိန်းသိမ်းထားသည့် ဧရိယာများကို ခိုင်မာစွာပြဋ္ဌာန်းပြီး ထိရောက်စွာကာကွယ်ခြင်းဖြင့် မြန်မာ့ပင်လယ်ပြင်ဂေဟစနစ်အတွက် အံ့ဩဖွယ်ကောင်းသောငါးမန်းများနှင့် ငါးလိပ်ကျောက်များသည် နောင်လာမည့်မျိုးဆက်သစ်များအတွက် မြန်မာနိုင်ငံ၏ သဘာဝအမွေအနှစ်အစိတ်အပိုင်းတစ်ခုအဖြစ် ဆက်လက်တည်ရှိနေမည်မှာ သေချာနေပါတော့သည်။ ။

---

**❍ မြန်မာအမျိုးသမီးလိဂ်မှ**

မြန်မာ့လက်ရွေးစင်အသင်းနှင့် လူငယ်လက်ရွေးစင်အသင်းများ၏ နိုင်ငံတကာပြိုင်ပွဲများ၊ မြန်မာအမျိုးသမီးလိဂ်ကလပ် ရှေဝတီအသင်း၏ အာရှအမျိုးသမီး ချန်ပီယံလိဂ်ခြေစစ်ပွဲကြောင့် နှစ်လကျော်ကြာမှ ဒုတိယအကျော့ ပြန်လည်ကျင်းပခြင်းဖြစ်သည်။ ဒုတိယအကျော့ပွဲစဉ်များကို အောက်တိုဘာ ၁၉ ရက်မှ ဇန်နဝါရီ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၊ ပဒုမ္မာကွင်း၊ YUSC ကွင်း၊ Star City ကွင်း၊ ပဒေသာကွင်း၊ မန္တလေးမြို့ရှိ ဗထူးကွင်းတို့၌ ပြုလုပ်မည်ဖြစ်သည်။ ရတနာပုံအသင်းသည် ဒုတိယအကျော့ပွဲစဉ်များအနက် အိမ်ကွင်းနှစ်ပွဲကို မန္တလေးမြို့ရှိဗထူးကွင်း၌ လက်ခံကျင်းပမည်ဖြစ်သလို ရန်ကုန်စီးတီးအသင်းမှာလည်း ရန်ကုန်မြို့တောင်ဥက္ကလာပမြို့နယ်ရှိပဒေသာကွင်း၌ အိမ်ကွင်းပွဲများ လက်ခံကျင်းပမည်ဖြစ်သည်။ ဒုတိယအကျော့ အဖွင့်ရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ် ၁၀ ကို အောက်တိုဘာ ၁၉ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အောက်တိုဘာ ၁၉ ရက်တွင် Star City ကွင်း၌ ရှေဝတီအသင်းနှင့် ရတနာပုံအသင်း၊ YUSC ကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ အောက်တိုဘာ ၂၀ ရက်တွင် ပဒေသာကွင်း၌ ရန်ကုန်စီးတီးအသင်းနှင့် အား/ကာသိပ္ပံအသင်း၊ ပဒုမ္မာကွင်း၌ သစ္စာအားမာန်အသင်းနှင့် မြဝတီအသင်း၊ အောက်တိုဘာ ၂၁ ရက်တွင် ပဒုမ္မာကွင်း၌ ဖွဲ့ကပင်ယူနိုက်တက်အသင်းနှင့် Young Lionesses အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပထမအကျော့အပြီးတွင် အား/ကာသိပ္ပံအသင်းက ရာသီဝက်ချန်ပီယံအသင်းအဖြစ် ရပ်တည်နေပြီး အား/ကာသိပ္ပံအသင်းက ၂၅ မှတ်၊ ရှေဝတီအသင်းက ၂၂ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၁၉ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၁၇ မှတ်၊ သစ္စာအားမာန်အသင်းက ၁၆ မှတ်၊ ရတနာပုံအသင်းက ၁၁ မှတ်၊ မြဝတီအသင်းက ကိုးမှတ်၊ ဖွဲ့ကပင်ယူနိုက်တက်အသင်းနှင့် Young Lionesses အသင်းက ခြောက်မှတ်စီရရှိထားကာ ရန်ကုန်စီးတီးအသင်းသည် ကိုးပွဲစလုံးရှုံးပြီး အမှတ်မရသေးပေ။

**သတင်း–ချစ်ကိုကို**
**ဓာတ်ပုံ–MWL**

# ၂၀၃၆ ခုနှစ် အိုလံပစ်အားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရေး ကမ္ဘာ့နိုင်ငံပေါင်း ခုနစ်နိုင်ငံ စိတ်ဝင်စားနေ

၂၀၃၆ ခုနှစ် အိုလံပစ်အားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရေး ကမ္ဘာ့နိုင်ငံပေါင်း ခုနစ်နိုင်ငံက စိတ်ဝင်စားနေကြောင်း အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီက ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

လက်ရှိမှာ တောင်အာဖရိကနိုင်ငံက ၂၀၃၆ ခုနှစ်အိုလံပစ်အားကစားပြိုင်ပွဲကို ပထမဆုံးအကြိမ်အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိဖို့ စိတ်ဝင်စားနေတယ်လို့ အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီက အတည်ပြုပြောကြားခဲ့ပါတယ်။

ဒ့ါပြင် အိုလံပစ်အားကစားပြိုင်ပွဲကို ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ်ကျင်းပခွင့်ရရှိဖို့မျှော်မှန်းထားတဲ့ နိုင်ငံတွေကတော့ ဟန်ဂေရီနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ကာတာနိုင်ငံ၊ တူကီယဲနိုင်ငံတို့ဖြစ်ပြီး အရင်က အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ဖူးတဲ့ ဂျာမနီနိုင်ငံနဲ့ တောင်ကိုရီးယားနိုင်ငံတို့ကလည်း ၂၀၃၆ ခုနှစ် အိုလံပစ်အားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ်ကျင်းပခွင့်ရရေး မျှော်လင့်နေတာ ဖြစ်ပါတယ်။

တောင်အာဖရိကနိုင်ငံဟာ ၂၀၃၆ ခုနှစ် အိုလံပစ်အားကစားပြိုင်ပွဲကို အိမ်ရှင် အဖြစ် ကျင်းပခွင့်ရပါက ကိတ်တောင်း၊ ဒါဘမ်၊ ဂျိုဟန်နစ္စဘတ်စတဲ့ မြို့သုံးမြို့မှာ ကျင်းပသွားဖို့လည်း အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီထံ အဆိုပြုထားတာ ဖြစ်ပါတယ်။

ဒ့ါပြင် ဟန်ဂေရီနိုင်ငံနဲ့ ကာတာနိုင်ငံတို့ကလည်း ၂၀၃၆ ခုနှစ် အိုလံပစ်အားကစားပြိုင်ပွဲကို ဘူဒါပက်မြို့နဲ့ ဒိုဟာမြို့တို့မှာ အိမ်ရှင်အဖြစ်လက်ခံကျင်းပဖို့ အသီးသီးအဆိုပြုထားတာ ဖြစ်ပါတယ်။

ကာတာနိုင်ငံဟာ ၂၀၂၂ ခုနှစ်က ကမ္ဘာ့ဖလားကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

အိုလံပစ်အားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပဖို့အတွက် ၂၀၀၀ ပြည့်နှစ်၊ ၂၀၀၈ ခုနှစ်နဲ့ ၂၀၂၀ ပြည့်နှစ်တို့မှာ အဆိုပြုခဲ့ပေမယ့် အောင်မြင်မှုမရရှိခဲ့တဲ့ တူကီယဲနိုင်ငံကတော့ ၂၀၃၆ ခုနှစ် အိုလံပစ်အားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ်ကျင်းပခွင့်ရရှိရေး ကြိုးပမ်းနေတာ ဖြစ်ပါတယ်။

ဂျာမနီနိုင်ငံကတော့ ၁၉၃၆ ခုနှစ် အိုလံပစ်အားကစားပြိုင်ပွဲကို ဘာလင်မြို့နဲ့ ၁၉၇၂ ခုနှစ် အိုလံပစ်အားကစားပြိုင်ပွဲကို မြူးနစ်မြို့တို့မှာ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး ယခုတစ်ကြိမ် အိမ်ရှင်အဖြစ်ကျင်းပခွင့်ရရှိရေး မျှော်လင့်နေတာဖြစ်ပါတယ်။



၂၀၂၈ ခုနှစ် အိုလံပစ်အားကစားပြိုင်ပွဲကို အမေရိကန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမှာဖြစ်ပြီး ၂၀၃၂ ခုနှစ် အိုလံပစ် အားကစားပြိုင်ပွဲကိုတော့ ဩစတြေးလျနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမှာလည်း ဖြစ်ပါတယ်။

အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီအနေဖြင့် ၂၀၃၆ ခုနှစ် အိုလံပစ်အားကစားပြိုင်ပွဲ အိမ်ရှင်အတွက် ပဏာမနိုင်ငံစာရင်းကို ၂၀၂၇ ခုနှစ်တွင် ထုတ်ပြန်မှာဖြစ်ပြီး ၂၀၂၉ ခုနှစ်မှာ အိမ်ရှင်နိုင်ငံကို မဲပေးရွေးချယ်သွားမှာ ဖြစ်ပါတယ်။

## ဘောလုံးလောက သတင်းတိုများ

- ❍ အေစီမီလန်အသင်းဟာ ပြင်သစ်ကွင်းလယ်ကစားသမား ရာဘီယော့အား ၂၀၃၀ ပြည့်နှစ်အထိ စာချုပ်သစ် ချုပ်ဆိုရန် ပြင်ဆင်လျက်ရှိပါတယ်။
- ❍ ချယ်လ်ဆီးအသင်း နည်းပြအလွန်ဆိုဟာ ဘာစီလိုနာအသင်းမှ ပြင်သစ်နောက်ခံလူ ကွန်ဒီနဲ့ နယ်သာလန်ကွင်းလယ် ကစားသမား ဖရန့်ကီဒီဂျောင်တို့အား ဇန်နဝါရီဈေးကွက်အတွင်း ခေါ်ယူရန် စောင့်ကြည့်မှုတွေ ပြုလုပ်လျက်ရှိပါတယ်။
- ❍ ရိုးမားအသင်းမှ ဘရာဇီးနောက်တန်း ကစားသမား ဝက်စ်လေအား ပရီမီယာလိဂ်ကလပ် အသင်းတွေဖြစ်တဲ့ မန်ယူ၊ အာဆင်နယ်နဲ့ နယူးကာဆယ်တို့က ခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိပါတယ်။
- ❍ ဘယ်လင်ဂမ်ဟာ လက်ရှိကလပ် ရီးယဲလ်မက်ဒရစ်အသင်းနဲ့ အတူ ၂၀၃၁ ခုနှစ်အထိ စာချုပ်သစ်ချုပ်ဆိုရန် သဘောတူညီထားပြီး ဖြစ်ပါတယ်။



## တိုက်စစ်မှူး ဟယ်ရီကိန်း ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ပွဲစဉ်(၁၀၀)ပြည့်ခဲ့ပြီဖြစ်

ဘိုင်ယန်မြူးနစ်အသင်းနဲ့ လိုက်ပ်ဇစ်အသင်းတို့ အောက်တိုဘာ ၁၇ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ်(၆)မှာ အိမ်ရှင်ဘိုင်ယန်မြူးနစ်အသင်းက ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်ဟာ တိုက်စစ်မှူး ဟယ်ရီကိန်းအနေနဲ့ ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ ပွဲစဉ်(၁၀၀)ပြည့်မြောက်ခဲ့တဲ့ပွဲစဉ်ဖြစ်ပြီး သွင်းဂိုး တစ်ဂိုးလည်း သွင်းယူနိုင်ခဲ့ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းနဲ့ လိုက်ပ်ဇစ်အသင်းတို့ပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်အသင်းအတွက် သွင်းဂိုးတွေကို လူးဝစ်ဒီယက်ဇ်က သုံးဂိုး၊ ပါဗလိုဗစ်က တစ်ဂိုး၊ အိုလီဆေးက တစ်ဂိုး၊ ဟယ်ရီကိန်းက တစ်ဂိုး သွင်းယူပေးခဲ့ပြီး လိုက်ပ်ဇစ်အသင်းအတွက် သွင်းဂိုး တစ်ဂိုးကိုတော့ မက်ကဆီမိုဗစ်က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ တိုက်စစ်မှူးဟယ်ရီကိန်းအနေနဲ့ ယခုဘောလုံးရာသီ ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ ပြိုင်ပွဲစုံ ၁၀ ပွဲမှာ သွင်းဂိုး ကိုးဂိုး သွင်းယူထားပြီး ဘိုင်ယန်မြူးနစ်အသင်းကလည်း လိုက်ပ်ဇစ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ဘွန်ဒက်လီဂါ ပွဲစဉ်(၆)အပြီးမှာ အမှတ်ပေးဇယားဒုတိယနေရာက ဒေါ့မွန်အသင်းနဲ့ ရမှတ်တူ ဂိုးကွာခြားချက်ဖြင့် ဇယားထိပ်၌ ဦးဆောင်ခွင့်ရရှိခဲ့တာလည်း ဖြစ်ပါတယ်။

ဒေါ့မွန်အသင်းကတော့ အောက်တိုဘာ ၁၈ ရက်ညပိုင်းက ယူနီယံဘာလင်အသင်းနဲ့ပွဲစဉ်မှာ ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့လို့ အမှတ်ပေးဇယားဒုတိယနေရာနဲ့ပဲ ကျေနပ်ခဲ့ရတာဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းကို ဂိုးပြတ်ရှုံးနိမ့်ခဲ့တဲ့ လိုက်ပ်ဇစ်အသင်းကတော့ ရမှတ်ကိုးမှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၇) နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

## ပီအက်စ်ဂျီအသင်း ပြိုင်ပွဲစုံ ခြောက်ပွဲဆက် နိုင်ပွဲရရှိ

ပီအက်စ်ဂျီအသင်းဟာ အောက်တိုဘာ ၁၇ ရက်ညပိုင်းက စထရာစဘောအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပြင်သစ်ပထမတန်းဖလားပွဲစဉ်မှာ ဒုတိယပိုင်းသွင်းဂိုးတွေနဲ့ ဂိုးပြတ်အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ အိမ်ရှင်စထရာစဘောအသင်းက ပထမပိုင်းပွဲကစားချိန် ၁၇ မိနစ်မှာ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး ပီအက်စ်ဂျီအသင်းကတော့ ဒုတိယပိုင်းပွဲကစားချိန် ၇၇ မိနစ်၊ ၈၅ မိနစ်နဲ့ သာမန်ပွဲကစားချိန် မိနစ် ၉၀ အပြီး နာကျင်အချိန်ပို သုံးမိနစ်တို့မှာ သွင်းဂိုး သုံးဂိုးရရှိခဲ့လို့ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပါတယ်။

အခုပွဲစဉ်မှာ တိုက်စစ်မှူးဒမ်ဘီလီ ပင်နယ်တီလွဲခဲ့ရတာကြောင့် ပီအက်စ်ဂျီအသင်း တစ်ဂိုးနစ်နာခဲ့ရတာ ဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းဟာ ချန်ပီယံလိဂ်ပွဲစဉ်မှာ မန်စီးတီးအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိစဉ်က ပွဲထွက်ကစားသမားစာရင်းမှ ရှစ်ဦးအထိ အပြောင်းအလဲလုပ်ခဲ့တာ ဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းအနေနဲ့ စထရာစဘောအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပြိုင်ပွဲစုံခြောက်ပွဲဆက်နိုင်ပွဲရရှိခဲ့ပြီလည်း ဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

## လာလီဂါကိုးပွဲစလုံးအနိုင်ရရှိခဲ့တဲ့ ဘာစီလိုနာ ဇယားထိပ်၌ ဆက်လက်ဦးဆောင်

### လာမိုင်းယာမယ် ယခုရာသီ လာလီဂါသွင်းဂိုး ရှစ်ဂိုးအထိရှိလာ

ဘာစီလိုနာအသင်းဟာ စပိန်လာလီဂါပွဲစဉ်(၉) အဖြစ် အောက်တိုဘာ ၁၇ ရက် ညပိုင်းက ရီးယဲလ်ဘတ်တစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာမှာ ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ အနိုင်ရရှိခဲ့တာကြောင့် ဘာစီလိုနာအသင်းဟာ လက်ရှိယှဉ်ပြိုင်ကစားပြီးဖြစ်တဲ့ စပိန်လာလီဂါ ကိုးပွဲစလုံး အနိုင်ရရှိခဲ့မှုနဲ့အတူ အမှတ်ပေးဇယားထိပ်မှာ ဆက်လက်ဦးဆောင်နိုင်ခဲ့တာ ဖြစ်ပါတယ်။



ရီးယဲလ်ဘတ်တစ် အသင်းနဲ့ ဘာစီလိုနာအသင်းတို့ ပွဲစဉ်မှာ ဘာစီလိုနာအသင်း အတွက် သွင်းဂိုး တစ်ဂိုး သွင်းယူပေးနိုင်ခဲ့တဲ့ လာမိုင်းယာမယ်ကတော့ ယခုဘောလုံးရာသီမှာ ဘာစီလိုနာအသင်းနဲ့အတူ စပိန်လာလီဂါ သွင်းဂိုး ရှစ်ဂိုးအထိ ရှိသွားခဲ့ပြီလည်း ဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ လက်ရှိအချိန်မှာ အမှတ်ပေးဇယားဒုတိယနေရာက အက်သလက်တီကို မက်ဒရစ်အသင်းကို ငါးမှတ်ဖြတ်၊ ရီးယဲလ်ဘတ်တစ် အသင်းကို ရှစ်မှတ်၊ ရီးယဲလ်မက်ဒရစ်အသင်းကို ကိုးမှတ်ဖြင့် ဇယားထိပ်မှာ ဦးဆောင်နေတာ ဖြစ်ပါတယ်။




ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ပြုစုထုတ်ဝေသည်။ (အောက်တိုဘာလ၊ ၂၀၂၆ ခုနှစ်)



## ကန်ကြီးထောင့်မြို့နယ်၌ မီးဘေးကာကွယ်ရေး လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြသ

ကန်ကြီးထောင့် အောက်တိုဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်တွင် အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် မီးလောင်မှု၊ မီးလန့်မှုအန္တရာယ်များ ကြိုတင်ကာကွယ်ရေးနှင့် မီးဘေးအသိပညာပေးလုပ်ငန်းများကို အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက ဒါးကနယ်မြေရှိ ဒါးကမြို့မဈေးနှင့် စက်သုံးဆီအရောင်းဆိုင်များတွင် ကွင်းဆင်းဆောင်ရွက်သည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူးနှင့် သန္နေ/အရန်တပ်ဖွဲ့ဝင်များ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဈေးသူ ဈေးသားများနှင့် ဒေသခံပြည်သူများအား မီးဘေးအန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များကို လိုက်လံဖြန့်ဝေပေးပြီး မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်းနှင့် ဓာတ်တိုက်မီးငြိမ်းသတ်ခြင်း သရုပ်ပြသမှုများကို လက်တွေ့ပြသခဲ့သည်။

ယင်းနောက်ဈေးဆိုင်ခန်းများအတွင်း မီးဘေးလုံခြုံရေးအခြေအနေများကို လိုက်လံစစ်ဆေးခဲ့ကြပြီး ဒါးကမြို့အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များသို့လည်း ဆက်လက်သွားရောက်ကာ မီးဘေးလုံခြုံရေးစည်းကမ်းချက်များနှင့်အညီ ကိုက်ညီမှုရှိစေရေးတို့ကို စစ်ဆေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကျော်ဇင်စိုး (ပြန်/ဆက်)**

## ပေါင်မြို့နယ် မင်္ဂလာဈေးအတွင်း မီးဘေးလုံခြုံရေးစစ်ဆေး

ပေါင် အောက်တိုဘာ ၁၈

မွန်ပြည်နယ် ပေါင်မြို့နယ် မင်္ဂလာဈေးအတွင်း မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ထိုသို့စစ်ဆေးမှုပြုလုပ်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ ပေါင်မြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်ရုံးမှ တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များက မင်္ဂလာဈေးအတွင်းရှိ ဆိုင်ခန်းများအတွင်း ဝိုင်ယာကြိုးများ၊ မီးခလုတ်များ ပျက်စီးနေမှု ရှိ/ မရှိ၊ မီးသတ်ဆေးဘူးများ သုံးစွဲနိုင်မှု ရှိ/ မရှိ၊ အသုံးပြု၍မရသော မီးသတ်ဆေးဘူးများအား ပြန်လည်ဖြည့်ဆည်း ဆောင်ရွက်ထားကြရန်၊ မီးကပ်၊ မီးချိတ်၊ ရေပုံးများအား အချိန်မီထားရှိကြရန် စသည့် လိုအပ်ချက်များကို မှာကြားပြီး စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **မွန်မလေး(ပြန်/ဆက်)**



## ညောင်ဦးမြို့နယ်၌ အပူဒဏ်နှင့် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး

ညောင်ဦး အောက်တိုဘာ ၁၈

ညောင်ဦးမြို့နယ် မင်းနန်သူကျေးရွာ AUREUM PALACE Hotel & Resort ကျန်စစ်သားခန်းမ၌ အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက ခရိုင်မီးသတ်ဦးစီးမှူး ဦးဆောင်၍ အပူဒဏ်ကြိုတင်ကာကွယ်ရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ် လေ့ကျင့်ခြင်းနှင့် 191 Report application အား ဖုန်းတွင်ထည့်သွင်းအသုံးပြုနည်းတို့ကို အသိပညာပေးဟောပြောခဲ့ရာ ဟိုတယ်တာဝန်ခံမန်နေဂျာနှင့် ဝန်ထမ်း ၅၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဒီပါလင်း**



✤ AFC မှ

ရှမ်းယူနိုက်တက်အသင်းသည် နောက်တစ်ဆင့်တက်ရေး အဓိကပြိုင်ဘက်ဖြစ်လာနိုင်သည့် တရုတ်တိုင်ပေကလပ်အသင်းကို အဖွင့်ပွဲတွင် အနိုင်မကစားနိုင်ဘဲ သရေကျခဲ့သဖြင့် လက်ကျန်နှစ်ပွဲတွင် ဆက်လက်ရုန်းကန်ရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ဂိုးရနိုင်သည့် အခွင့်အရေးများစွာရခဲ့သော်လည်း အဆုံးသတ်အားနည်းမှုကြောင့် နိုင်ပွဲနှင့် ဝေးခဲ့ရခြင်းဖြစ်သည်။

